# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၉)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (8-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၆၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## မိမိတို့အစိုးရတာဝန်ယူထားရသည့်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ဘက်ပေါင်းစုံက ဆောင်ရွက်သွားနိုင်သည်များကို လေ့လာသုံးသပ်ဆန်းစစ်အဖြေရှာဆောင်ရွက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော်  ဇူလိုင်  ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများ ဖြစ်ကြသည့် ဦးညိုစောနှင့်ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Con-ferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပို့ကုန်များ အရေအတွက်များများ ထုတ်လုပ်နိုင်ရန်လို**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရ၏ တာဝန်ဖြစ်ပြီး မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန် အတွက်

စာမျက်နှာ ၁၆ ကော်လံ ၁

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ အိတ်ဖွင့်ပေးစာ(၂)**

ဆောင်းပါး စာမျက်နှာ - ၂၀

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ**

စာမျက်နှာ - ၁၈

**ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲ တင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)**

စာမျက်နှာ - ၂၃

# ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၂၂၁၈၀ စိုက်ပျိုးပြီးစီး



**ယင်းမာပင်  ဇူလိုင်  ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၂၂၁၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်မြို့နယ်တွင် ပဲစင်းငုံ ဧက ၂၀၃၁၀ စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၂၁၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ ပဲစင်းငုံ ဧက ၂၀၃၁၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၂၁၈၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။

စာမျက်နှာ ၁၇ ကော်လံ ၄


# နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော်  ဇူလိုင်  ၇**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် ဇူလိုင် ၉ ရက်မှ ၁၆ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊

စာမျက်နှာ ၂၂ ကော်လံ ၁

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ဇူလိုင် ၆ ရက် မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့်ဇူလိုင် ၉ ရက်မှ ၁၀ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၈ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်စိမ်းလန်းသာယာဖို့ သစ်ပင်စိုက်ပျိုးကြပါစို့

သစ်ပင်များသည် လူသားများနှင့် သက်ရှိလောကအတွက် အဖိုးမဖြတ်နိုင်သော သဘာဝအရင်းအမြစ်များဖြစ်ကြသည်။ သစ်တောများသည် အောက်ဆီဂျင်ကိုထုတ်ပေးပြီး ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပေးသည့်အတွက် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချပေးနိုင်သည်။ သစ်ပင်သစ်တောများသည် ရာသီဥတုကို ထိန်းညှိပေးခြင်း၊ မိုးရေကို ထိန်းသိမ်းပေးခြင်း၊ မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးခြင်းတို့အပြင် ရေကြီးရေလျှံမှုများကိုပါ လျှော့ချပေးနိုင်သည်။ ထို့ပြင် ဇီဝမျိုးစုံမျိုးကွဲများ၏ နေထိုင်ရာဖြစ်သော သစ်ပင်သစ်တောများသည် လူသားတို့အတွက် ဆေးဖက်ဝင်အပင်များ၊ အသီးအနှံများ၊ သစ်နှင့် အခြားသစ်တောထွက်ကုန်များကို ပေးစွမ်းနိုင်သည်။

ယနေ့ကာလတွင် သစ်အလွန်အကျွံထုတ်ယူခြင်း၊ တရားမဝင်သစ်ခိုးထုတ်ခြင်း၊ လူဦးရေတိုးပွားလာမှုနှင့်အတူ သစ်လိုအပ်ချက်များ မြင့်မားလာခြင်း၊ စက်မှုလုပ်ငန်းများတိုးချဲ့လာခြင်းနှင့် မြို့ပြများ ချဲ့ထွင်လာခြင်း၊ သစ်တောများကို အခြားမြေအသုံးချမှုအဖြစ် ပြောင်းလာခြင်းစသည်တို့ကြောင့် သစ်တောများ ပြုန်းတီးလာလျက်ရှိသည်။ သစ်ပင်သစ်တောများ ပြုန်းတီးပျက်စီးလာခြင်းသည် သဘာဝပတ်ဝန်းကျင်ကိုသာမက ဇီဝမျိုးစုံမျိုးကွဲများနှင့် လူသားတို့၏ နေထိုင်မှုဘဝကိုပါ ထိခိုက်စေနိုင်သည်။

လက်ရှိ ကမ္ဘာတစ်ဝန်း၌ မြေထု၊ ရေထု၊ လေထု၊ ရာသီဥတုစသည်တို့ ယိုယွင်းလာခြင်းကြောင့် ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးပြုန်းတီးလာရသည်။ ထိုသို့ ယိုယွင်းလာမှုကို တားဆီးလျှော့ချနိုင်ရေးအတွက် နိုင်ငံအများအပြားတွင် သစ်ပင်၊ သစ်တောများကို တိုးချဲ့စိုက်ပျိုးထိန်းသိမ်းလာကြပြီဖြစ်သည်။ သစ်ပင်သစ်တောများသည် လေထုသန့်ရှင်းစေခြင်း၊ အရိပ်အာဝါသပေးခြင်း၊ အပူချိန်လျှော့ချပေးခြင်းနှင့် အနာဂတ် မျိုးဆက်များအတွက် စိမ်းလန်းသောပတ်ဝန်းကျင်ကို ချန်ထားပေးနိုင်ခြင်းတို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းကို အလေးထားဆောင်ရွက်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း လက်ရှိနှင့်အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်တည်ငြိမ်သည့် ပတ်ဝန်းကျင်ဂေဟစနစ်များ လက်ဆင့်ကမ်းနိုင်ရေးအတွက် သစ်တောဖုံးလွှမ်းမှုဧရိယာတိုးလာရေးကို ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ ၂၀၂၅ ခုနှစ် ဆန်းစစ်လေ့လာချက်များအရ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံ့ဧရိယာ၏ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည့်အတွက် သစ်တောဖုံးလွှမ်းမှုဧရိယာတိုးလာရေးကို ရည်မှန်းချက်ထားကာ နှစ်စဉ် ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလအဖြစ် သတ်မှတ်ပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို ကျင်းပစိုက်ပျိုးနေသကဲ့သို့ တပ်မတော်ကလည်း နှစ်စဉ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကျင်းပကာ ပတ်ဝန်းကျင်ဂေဟစနစ်တည်ငြိမ်ကောင်းမွန်စေရန်၊ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပြည်သူအားလုံးက အတူတကွ တက်ကြွစွာပါဝင်ဆောင်ရွက်လာမည်ဆိုပါက မိမိတို့၏ အနာဂတ်မျိုးဆက်သစ်များအတွက် စိမ်းလန်းသာယာ၍ ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံ၏သစ်တောဖုံးလွှမ်းမှုသည်လည်း ယခုထက်ပိုမိုတိုးလာမည်ပင်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ် ဒေသထွက် မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် မေလအတွင်းက မျှင်ငါးပိ ပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ တစ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် မျှင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀ မှ ၄၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒေသထွက် မျှင်ငါးပိတွေကို ရန်ကုန်ဈေးကွက်နဲ့ အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ မျှင်ငါးပိတွေကို ရန်ကုန်ဈေးကွက်က ပြီးခဲ့တဲ့ တစ်လအတွင်းနဲ့ အခုလက်ရှိမှာပါ မှာယူတာများနေပါတယ်။ အခုလို မျှင်ငါးပိတွေတင်ပို့ရောင်းချအား ကောင်းလာတော့ ပွဲရုံပိုင်ရှင်တွေအပြင် လုပ်သားတွေပါ အဆင်ပြေနေပါတယ်"ဟု ဒေးဒရဲမြို့နယ်မှ ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ဒေးဒရဲမြို့တွင် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသခံရေလုပ်သားများထံမှ မျှင်ကောင်များကို ဝယ်ယူအသုံးပြုပြီး အသင့်စားသုံးနိုင်သည့် မျှင်ငါးပိအဖြစ် ထုတ်လုပ်ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Barnaby Jones ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (United Nations High Commissioner for Refugees-UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Barnaby Jones နှင့်အဖွဲ့ကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင်ဆောင်ရွက်လျက်ရှိသော UNHCR ၏ လုပ်ငန်းများဆောင်ရွက်နေမှု၊ UNHCRမှ ကူညီပံ့ပိုးပေးနေမှုဆိုင်ရာ ကိစ္စရပ်များ၊ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဒေသအာဏာပိုင်များသို့ အသိပေးဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ပုလဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၃၅၄၀ စိုက်ပျိုးပြီးစီး၊ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ပုလဲ ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၃၅၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပုလဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပုလဲမြို့နယ်တွင် ပဲတီစိမ်း ၃၅၀၂ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး မေလ ပထမပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၃၅၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပုလဲမြို့နယ်မှာ ပဲတီစိမ်း ၃၅၀၂ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၃၅၄၀ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့နဲ့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြသည်။

ပုလဲမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရှေးဟောင်းသမိုင်းဝင်သိမ် သဘာဝဘေးကာကွယ်ရေးဆောင်ရွက်နေမှု စစ်ဆေး



**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဇူလိုင် ၆ ရက် နံနက်ပိုင်းက မြစ်ရေတိုက်စားခြင်းကြောင့် ဖြစ်ပေါ်နေသည့် တံတားဦးခရိုင် တံတားဦးမြို့နယ် အင်းဝ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဟံသာဝတီကျေးရွာအုပ်စု မုံ့တီစုရပ် ဂိုဏ်းအုတ်ကျောင်းအတွင်းရှိ ရှေးဟောင်း အဆောက်အအုံအမှတ် (၅၃၄-က) သိမ်အခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ မန္တလေးဌာနခွဲနှင့် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ဒုဋ္ဌဝတီမြစ်ကမ်းပါးနှင့် ကပ်လျက်ရှိသော ရှေးဟောင်း အဆောက်အအုံအမှတ်(၅၃၄-က)သိမ်မှာ မြစ်ရေကြီးခြင်း၊ လေတိုက်ခြင်းနှင့် လှိုင်းများပုတ်ခတ်ခြင်းတို့ကြောင့် ကမ်းပါးပြိုကျနေသည့်အတွက် ကမ်းနှင့်ကပ်လျက်ရှိသည့် သိမ်မှာပြိုကျနိုင်သည့်အခြေအနေများနှင့် ဂိုဏ်းအုတ်ကျောင်း ဆရာတော်ထံမှ ဩဝါဒခံယူ၍ အရေးပေါ်တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဒုဋ္ဌဝတီမြစ်ကမ်းရှိ ရှေးဟောင်းဘုရားအမှတ် (၅၀၃)မှာ ဇွန် ၁၉ ရက် ညနေပိုင်းက မြစ်ရေကြီး၍ လေတိုက်ပြီး လှိုင်းများပုတ်ခတ်ခဲ့သဖြင့် မြစ်အတွင်း ပြိုကျခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြစ်ကမ်းရှိ ရှေးဟောင်းဘုရားများ ထပ်မံပြိုကျပျက်စီးမှုများ မဖြစ်ပေါ်စေရေး လတ်တလောဆောင်ရွက်ရမည့်အခြေအနေများ၊ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ချက်၍ ကြိုတင်ကာကွယ်ပြင်ဆင်ဆောင်ရွက်ထားရှိရေးတို့ကို မှာကြားပြီးနောက် လိုအပ်သည်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ ဆောင်ရွက်နေသည့် အင်းဝမြို့ဟောင်း သတိုးမင်းဖျား၏ တောင်ဘက်မြို့ရိုး အနောက်တောင်ထောင့်မှ ရန်နိမ်တံခါးထိ ပေ ၁၆၀၀ ခန့်ကို Phase 1 အဖြစ် သတ်မှတ်ကာ သုတေသနပြုတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်းဝမြို့ဟောင်းရှိ လောကသရဖူ စေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို၍ မန္တလေးငလျင်ကြီးကြောင့်ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်မွမ်းမံနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၆၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၆၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၂၁၁ ဧကစိုက်ပျိုးရန်လျာထားပြီး ဇွန်လဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၆၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ နှမ်းဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစေဖို့၊ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။

ရေဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်မြို့နယ် သံကပိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မော်လမြိုင် ဇူလိုင် ၇**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံကပိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝတိုးတက်လာစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် သံကပိုင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ်သန်း ၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမြစ်ချင်းပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးမြစ်ချင်းပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချသည့် ငါးမြစ်ချင်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်ပစ္စည်းတွေ အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ဇွန်လအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဇူလိုင်လထဲမှာလဲ ရန်ကုန်ဈေးကွက်က ငါးမြစ်ချင်းတွေကို ဝယ်လိုအားကောင်းနေပါတယ်။ ကျိုက်လတ်မြို့နယ်က ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေက ငါးမြစ်ချင်းတွေအပါအဝင် အခြားရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချတာပါ"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးမြစ်ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါငါးမြစ်ချင်းများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ပုဂံကျောက်စာများထဲက ပါဠိစာပေ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ခေတ်အဆက်ဆက် ရှာဖွေစုဆောင်းခဲ့သည့် ပုဂံကျောက်စာများသည် အများအားဖြင့် မြန်မာဘာသာစကားဖြင့် ရေးထိုးထားသည့် ကျောက်စာများဖြစ်ကြသည်။ ပုဂံခေတ်ဦးပိုင်းတွင် ကျောက်စာများကို မွန်ဘာသာဖြင့် ရေးထိုးခဲ့သော်လည်း ပုဂံခေတ်လယ်ပိုင်းဟု ဆိုနိုင်သည့် ၁၁၁၃ ခုနှစ် နောက်ပိုင်းတွင် မြန်မာဘာသာဖြင့် အများဆုံးရေးထိုးခဲ့သည်။

ပုဂံကျောက်စာများတွင် အထင်ရှားဆုံးဟု ဆိုနိုင်သည့် ရာဇကုမာရ်ကျောက်စာကို ၁၁၁၃ ခုနှစ်တွင် ဘာသာစကား လေးမျိုးဖြစ်သည့် မြန်မာ၊ မွန်၊ ပါဠိနှင့် ပျူဘာသာတို့ဖြင့် ရေးထိုးခဲ့သည်။ ရာဇကုမာရ် ကျောက်စာရေးသားသည့်ခေတ်၌ အခြားဘာသာ အရေးအသားတို့က များပြားလျက်ရှိသောကြောင့် မြန်မာစာသည် တိုးပွားသင့်သလောက် မတိုးပွားခဲ့ကြောင်း ပါမောက္ခဦးဖေမောင်တင်က မြန်မာစာပေသမိုင်းစာအုပ်တွင် သုံးသပ်ခဲ့သည်။ သို့သော် ရာဇကုမာရ်ကျောက်စာနောက်ပိုင်းတွင် ပုဂံကျောက်စာများကို မြန်မာဘာသာအရေးအသားဖြင့်သာ တွေ့လာရသည်။

ထိုအခြေအနေကို ခေတ်ပြောင်းကာလဟု ခေါ်ဆိုကြောင်းနှင့် ရာဇကုမာရ်ကျောက်စာ ရေးထိုးသည့် အချိန်မှစ၍ နရပတိစည်သူမင်းနန်းတက်သည့် ၁၁၇၄ ခုနှစ်ထိကာလကို အလယ်ခေတ်ဟုလည်းခေါ်ကြောင်း ပုဂံခေတ်မြန်မာစာ စာအုပ်တွင် ဖော်ပြထားသည်။ ထိုကာလတွင် ပျူစာပေအရေးအသားကို ရာဇကုမာရ်ကျောက်စာ၌ နောက်ဆုံးတွေ့ရှိရသည်။

ပျူစာပေအရေးအသားက အလွန်နည်းပါးသွားသော်လည်း ပျူလူမျိုးများသည် ပုဂံခေတ်တစ်လျှောက်တွင်ရှိခဲ့သည်ဟုယူဆရကာ ပုဂံခေတ်နှောင်းပိုင်း ၁၂၄၂ ခုနှစ်တွင် ရေးထိုးသည့် ညောင်ရမ်းကြီးသမီးကျောက်စာတွင် ပျူမောင်းမအိုပြည့်သင်ဟု ရေးထိုးထားကြောင်း တွေ့ရှိရသည်။

**ပုဂံခေတ်ပါဠိစာပေအစ**

ပုဂံခေတ် အလောင်းစည်သူ (၁၁၁၃-၁၁၆၀) လက်ထက်တွင် ပါဠိစာပေအရေးအသားကို ပထမဆုံး ပြည့်ပြည့်စုံစုံတွေ့ရှိရသည်။ အလောင်းစည်သူသည် ကျန်စစ်သား၏မြေးတော် ဖြစ်သည်။ ခမည်းတော်သည် စောလူးမင်း (၁၀၇၇-၁၀၈၄)နှင့် မိဖုရားမဟာဒေဝီစူဠာမဏိတို့၏ သားတော် စောယွန်းဖြစ်၍ မယ်တော်မှာ ကျန်စစ်သားနှင့် မိဖုရား အပယ်ရတနာတို့၏ သမီးတော်ရွှေအိမ်သည် ဖြစ်သည်။ ၁၁၁၃ ခုနှစ်တွင် ကျန်စစ်သားနတ်ရွာစံပြီးနောက် အလောင်းစည်သူက ပုဂံထီးနန်းကို ဆက်ခံချိန်တွင် သက်တော် ၂၃ နှစ်သာ ရှိသေးသည်။ အလောင်းစည်သူ၏ ဘွဲ့အမည်သည် သီရိတြိဘုဝနာဒိတျပဝရဓမ္မရာဇာဖြစ်သည်။ ဘုန်းကျက်သရေကြီးမားသော၊ လူသုံးပါးတို့၏ နေမင်းဖြစ်သော တရားမင်းဟု အဓိပ္ပာယ်ရသည်။

အလောင်းစည်သူသည် ပုဂံဘုရင်များတွင်စည်သူဘွဲ့ကို ပထမဆုံးခံယူသည့် ဘုရင်ဖြစ်သောကြောင့် သမိုင်းပညာရှင်များက စည်သူ(၁)ဟုလည်းကောင်း၊ ပထမစည်သူဟုလည်းကောင်း ကင်ပွန်းတပ်ကြသည်။ အလောင်းစည်သူသည် ရွှေဂူကြီးဘုရားကို ၁၁၃၁ ခုနှစ် မေ ၁၇ ရက်တွင် စတင်တည်ခဲ့ရာ ခုနစ်လသာကြာမြင့်ပြီး ထိုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ပြီးစီးအောင်မြင်ခဲ့သဖြင့် ရွှေဂူဒါယကာမင်းကြီးဟုလည်း ထင်ရှားခဲ့သည်။

**ရွှေဂူကြီးဘုရား**

ရွှေဂူကြီးဘုရားသည် သဗ္ဗညုဘုရား၏ မြောက်ဘက်တွင် အာနန္ဒာစေတီနှင့် ကန်တော့ပလ္လင်ဘုရားကြား၌ တည်ရှိသည်။ ၁၂ ရာစုလက်ရာ ကွမ်းတောင်ပေါက်လိုဏ် တစ်ဆင့်ဂူဘုရားဖြစ်သည်။ အလောင်းစည်သူသည် ပုဂံထီးနန်းကိုဆက်ခံပြီးနောက် ရဟန်းသံဃာများနှင့်တိုင်ပင်ပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းရှိ ဂန္ဓကုဋီတိုက်ပုံစံကိုယူ၍ နန်းဦးတွင် စေတီတည်ကာ ရွှေဂူကြီးဘုရားဟုအမည်ပေးခဲ့သည်။

တွင်းသင်းမြန်မာရာဇဝင်သစ်တွင် ဖော်ပြထားချက်များအရ အလောင်းစည်သူမင်းသည် ရှေးဘဝ၌



ရွှေဂူကြီးကျောက်စာ ထိန်းသိမ်းထားသည့် ပုဂံရွှေဂူကြီးဘုရား။

ပတိက္ကရားမင်းသားဖြစ်ခဲ့သည်ဟုဆိုသည်။ ပတိက္ကရားသေဆုံးပြီးနောက် သူ၏အရိုးများကို ရှင်အရဟံက ဝါးတော၌ စုထားခဲ့သည်။ ထိုအရိုးကို အလောင်းစည်သူက ညောင်ဦးကမ်းပါးတွင် ဧရာဝတီမြစ်သို့ ပစ်ချကာ "ငါ၏အရိုးမှန်မူကား မနစ်စေသတည်း" ဟု အဓိဋ္ဌာန်ခဲ့ရာ ရေတွင်ပေါ်သဖြင့် ထိုအရိုးကို အောက်ခြေတွင်ထားကာ ရွှေဂူကြီးဘုရားကို တည်ခဲ့ကြောင်း ဖော်ပြထားသည်။

အလောင်းစည်သူသည် ဘေးတော် အနော်ရထာမင်း၊ ဘိုးတော်စောလူးမင်း၊ ဘိုးတော် ကျန်စစ်သားမင်းတို့၏ အရုပ်နှင့် ညောင်ဦးဖီး၊ ငလုံးလက်ဖယ်၊ ငထွေရူး၊ သံပျင်ကြီး၊ သံပျင်ငယ်၊ တန်ဆောင်ထွန်ကြီး၊ တန်ဆောင်ထွန်ငယ်ဟူသည့် သူရဲကောင်းခုနစ်ဦးတို့၏ လုံးရပ်သဏ္ဌာန်အရှိအတိုင်း အရုပ်များပြုလုပ်၍ ကမ္ပည်းစာရင်းနှင့်တကွ ရွှေဂူကြီးတွင်ထားတော်မူ၏ဟု တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညိုက ရေးသားခဲ့သည်။ အလောင်းစည်သူသည် ရွှေဂူကြီးဘုရားကို ဦးစွာတည်ခဲ့သဖြင့် ကျောက်စာများတွင် ရွှေဂူဒါယကာဟု ဖော်ပြကြသည်။

ရွှေဂူကြီးဘုရားကို မြင့်မားသော အုတ်ခုံပလ္လင်ပေါ်တွင် တည်ထား၍ မြောက်ဘက်သို့ မျက်နှာမူထားသည်။ မြန်မာရာဇဝင်ကျမ်းများ၏ အလိုအရ အလောင်းစည်သူ၏သားတော် နရသူ(၁၁၆၀-၁၁၆၅)သည် နာမကျန်းဖြစ်နေသည့် ခမည်းတော်ကို ရွှေဂူကြီးဘုရားအတွင်းသို့ ပြောင်းရွှေ့စေပြီးနောက်အဝတ်ဖြင့် ဖိသတ်ခဲ့သည်ဟု ဆိုသည်။ အလောင်းစည်သူသည် မိမိတည်ထားခဲ့သည့် ရွှေဂူကြီးဘုရားအတွင်းမှာပင် နတ်ရွာစံခဲ့ရသည်။

အလောင်းစည်သူသည် ရွှေဂူကြီး၊ အညာသီဟတောဘုရား၊ ပခုက္ကူရွှေဂူကြီးဘုရား၊ သီဟိုဠ်ရှင်ဘုရား၊ စစ်ကိုင်း ရှင်ဖြူရှင်လှဘုရားအပါအဝင် စေတီပုထိုးများကိုတည်ခဲ့ရာ သဗ္ဗညုစေတီသည် အထင်ရှားဆုံးဖြစ်သည်။

အလောင်းစည်သူသည် ပုဂံရှိ ရွှေဂူကြီးဘုရားနှင့် သဗ္ဗညုဘုရားတွင် ကြေးစင်တစ်သောင်းသွန်းသည့် ခေါင်းလောင်းတစ်လုံးစီကို လှူဒါန်းခဲ့သည်ဟုဆိုသည်။ သို့သော် ပုဂံတွင် ပုဂံခေတ်လက်ရာ ခေါင်းလောင်းများကို မတွေ့ရှိရသကဲ့သို့ ရွှေဂူကြီးနှင့် သဗ္ဗညုတို့တွင် ခေါင်းလောင်းများကို မတွေ့ရချေ။

ရွှေဂူကြီးဘုရား၏ မြောက်ဘက်အာရုံခံမုခ်၊ အရှေ့ဘက်နှင့် အနောက်ဘက်နံရံတွင် ကျောက်စာတစ်ချပ်စီရှိသည်။ ထူးခြားချက်မှာ ထိုကျောက်စာနှစ်ချပ်ကို ပါဠိဘာသာဖြင့် ရေးထိုးထားခြင်းဖြစ်သည်။ အလောင်းစည်သူ၏ဘိုးတော် ကျန်စစ်သားမင်းသည် မွန်ဘာသာစကားကို ချီးမြှောက်ခဲ့ကာ ရာဇကုမာရ်မင်းသားက ဘာသာစကားလေးမျိုးဖြင့် ကျောက်စာရေးထိုးခဲ့သော်လည်း အလောင်းစည်သူသည် မိမိ၏ကောင်းမှုကျောက်စာကို ပါဠိဘာသာဖြင့်ရေးထိုးခဲ့ရာ ပါဠိဂါထာ ၁၀၀ ပါဝင်သည်။ ရာဇကုမာရ်ကျောက်စာရေးထိုးပြီး ၁၈ နှစ်အကြာတွင် ရွှေဂူကြီးကျောက်စာကို ရေးထိုးခဲ့သည်။

**ရွှေဂူကြီးကျောက်စာနှင့် ပုဂံခေတ်ပါဠိစာပေ**

အလောင်းစည်သူရေးထိုးသည့် ရွှေဂူကြီးကျောက်စာကို မူလတည်ရှိရာနေရာဖြစ်သည့် ရွှေဂူကြီးဘုရား၌ပင် ထိန်းသိမ်းထားသည်။ ရွှေဂူကြီးကျောက်စာသည် နှစ်မျက်နှာထိုး ကျောက်စာဖြစ်၍ မျက်နှာဘက်အခြမ်းတွင် စာကြောင်း ၄၇ ကြောင်း၊ ကျောဘက်အခြမ်းတွင် စာကြောင်း ၄၅ ကြောင်းပါရှိသဖြင့် စုစုပေါင်း ၉၂ ကြောင်း ဖြစ်သည်။ ကျောက်စာတွင် ဘာသာနှစ်မျိုးပါရှိရာ အလောင်းစည်သူမင်း၏ဆုတောင်းကို ပါဠိဘာသာဖြင့် ရေးထိုးထားပြီး ရွှေဂူကြီးဘုရားကို တည်ဆောက်သည့် ခုနှစ်၊ သက္ကရာဇ်ကို သက္ကတဘာသာဖြင့် ဖော်ပြထားသည်။

ရွှေဂူကြီးကျောက်စာသည် ပါဠိဘာသာကို အသုံးပြုခဲ့ရုံသာမကဘဲ ကျောက်စာရေးထိုးပုံ၌လည်းကွဲပြားနေသည်ဟု ပုဂံခေတ်မြန်မာစာ စာအုပ်တွင် သုံးသပ်ထားသည်။ ကျောက်စာကို ဗုဒ္ဓဂုဏ်တော်များဖြင့် ဖွင့်ပြီး ဘုရားငါးဆူပွင့်လတ္တံ့သော ဤကမ္ဘာတွင် လေးဆူပွင့်ပြီး၍ ဂေါတမမြတ်စွာဘုရားသည် ပါရမီအပေါင်းကိုဖြည့်ကျင့်ပြီးနောက် စွန့်ခြင်းကြီးငါးပါးကို စွန့်ခဲ့၏ဟု အစချီသည့် ဘုရားရှင်၏ ဖြစ်တော်စဉ်များကို ရေးထိုးသည်။ ဝေဿန္တရာဘဝ၌ ပါရမီတော် ၁၀ ပါးကို နောက်ဆုံးဖြည့်ကျင့်ပုံ၊ တုသိတာနတ်ပြည်၌ စံစားပုံ၊ ဗုဒ္ဓအဖြစ်ပွင့်တော်မူရန် သကျမျိုးနွယ်၌ ဖွားတော်မူပုံ၊ တောထွက်ကာ ဒုက္ကရစရိယ အကျင့်ကို ခြောက်နှစ်ကြာအားထုတ်ပြီး ဘုရားအဖြစ်ပွင့်တော်မူပုံတို့ကို တစ်ကြောင်းချင်းစီ ရေးထိုးထားသည်။

ပဋိသန္ဓေယူချိန်မှစ၍ ဘုရားအဖြစ်ရောက်တော်မူပြီး သတ္တဋ္ဌာနစံတော်မူချိန်ထိ အကြောင်းအရာအကျဉ်းကို ပါဠိဂါထာ ၂၁ ဂါထာ သီကုံးထားသည်။ ကျောက်စာ၏အဓိကစာကိုယ်သည် ပါဠိဘာသာဖြင့် ရေးထိုးသည့်အပိုင်းဖြစ်သည်။ ဒေါက်တာသန်းထွန်း၏ မြန်မာဘာသာသို့ ပြန်ဆိုမှုအရ ရွှေဂူကြီးဘုရားကို ၁၁၃၁ ခုနှစ် မေ ၁၇ ရက် တနင်္ဂနွေနေ့တွင် စတင်တည်ခဲ့ပြီး ၁၁၃၁ ခုနှစ် ဒီဇင်ဘာ ၁၇ ရက် ဗုဒ္ဓဟူးနေ့တွင် ပြီးဆုံးသဖြင့် တည်ဆောက်ချိန် ခုနစ်လသာကြာမြင့်ခဲ့သည်။ ထိုခုနှစ်သက္ကရာဇ်ကို သက္ကတဘာသာဖြင့် ရေးထိုးထားသည်။ ကျောက်စာတွင် ရေးထိုးထားသည့် ပြက္ခဒိန်ခုနှစ်သည် သကနှစ် (Saka) ဖြစ်ကြောင်း ဒေါက်တာသန်းထွန်းက ရှင်းပြခဲ့သည်။ သကနှစ်သည် ၇၈ ခုမှ စသည့် ပြက္ခဒိန်ခုနှစ်ဖြစ်သည်။

ရွှေဂူကြီးကျောက်စာတွင် ရေးထိုးထားသည့် ပါဠိဂါထာ ၁၀၀ ကို ဦးဖေမောင်တင်နှင့် ပါမောက္ခလုစ်တို့က အင်္ဂလိပ်ဘာသာသို့ ကဗျာအဖြစ် ပြန်ဆိုပြီး နောက်ပိုင်းတွင် စကားပြေပုံစံဖြင့် ထပ်မံပြန်ဆိုခဲ့သည်။ စာကြောင်း ၂၂ မှစ၍ လူမင်း သီရိတြိဘုဝနာဒိတျပဝရဓမ္မရာဇာ (အလောင်းစည်သူမင်း)သည် သာသနာကို ကောင်းစွာသက်ဝင်ယုံကြည်လျက် ဘုရားသခင် သီတင်းသုံးရန် ဂန္ဓကုဋီကိုပြု၍ စေတီတည်ခြင်း၊ ဘုရားကိုပူဇော်သည့် နတ်ရုပ်များကို ထုလုပ်ခြင်း၊ ရုပ်ပွားတော်မြတ်ကို ကိုးကွယ်ခြင်း၊ ပိဋကသုံးပုံကို ရေးကူးခြင်း၊ သံဃာတော်များအား ဆွမ်းသင်္ကန်းလှူဒါန်းခြင်းတို့ကို ရေးထိုးပြီး ဘုရားဆုကိုပန်ကြောင်း ရှည်လျားစွာတောင်းဆုဆိုထားသည်။

ရွှေဂူကြီးကျောက်စာသည် ပိဋကတ်တော်မှ သင့်လျော်ရာကောက်နုတ်ချက်များကို စုစည်းရေးထိုးထားသည့် အဆင့်မြင့်သော အရေးအသားဖြစ်သည်။ ပုဂံသားတို့သည် မည်သည့်အချိန်ကတည်းက ပါဠိစာပေကို တတ်ကျွမ်းခဲ့ကြောင်း မသိရှိရသော်လည်း ပုဂံခေတ်တွင် ဆက်လက်ပေါ်ထွက်ခဲ့သည့် အရှင်အဂ္ဂဝံသမထေရ်၏ သဒ္ဒနီတိ ပါဠိသဒ္ဒါကျမ်းအပါအဝင် ပါဠိကျမ်းစာများသည် ပုဂံခေတ် ပါဠိဘာသာအဆင့်ကို ဖော်ညွှန်းလျက်ရှိသည်။

ပုဂံခေတ်ပါဠိစာပေသည် ရဟန်းတော်များသို့သာမက ဘုရင်စသော လူပုဂ္ဂိုလ်များသို့ပါ ပျံ့နှံ့ခဲ့သည်။ ထို့ကြောင့် ပိဋကစာပေတတ်မြောက်သည်ဟု ထင်ရှားသော ကျစွာမင်းကြီးသည် ပရမတ္ထဗိန္ဒုကျမ်းနှင့် သဒ္ဒဗိန္ဒုကျမ်းတို့ကိုလည်းကောင်း၊ သံပျင်အမတ်သည် နျာသကျမ်း၏အဖွင့်ဖြစ်သော နျာသပ္ပဒီပိကာခေါ် သံပျင်ဋီကာကိုလည်းကောင်း ပြုစုနိုင်ခဲ့ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **တွင်းသင်းမြန်မာရာဇဝင်သစ် (မဟာစည်သူဦးထွန်းညို)**
- **ပုဂံခေတ်မြန်မာစာ(စောလူ)**
- **ပုဂံဆက်(ဒေါက်တာသန်းထွန်း)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၂၇၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ကေ ၂၇၂၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၆၁၉ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေ ၂၇၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ မြေပဲ ၃၆၁၉ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၇၂၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ကွင်းဆင်းဆောင်ရွက်နေပါတယ်။ မြေပဲစိုက်ကေတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းတွေ ကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် မြေပဲစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်စေရန်၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရန်၊ စိုက်နည်းစနစ်များ မှန်ကန်စေရန်၊ ပိုးမွှားရောဂါ ကင်းရှင်းစေရန်၊ သွင်းအားစုများ စနစ်တကျ သုံးစွဲရန် အသိပညာပေး လုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါကဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# အုတ်တွင်းမြို့နယ် ဇီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်တွင်း ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇီးကုန်းကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဇီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၂၂ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၂၅ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုညို**

# ပျော်ပျော်ရွှင်ရွှင် သစ်ပင်စိုက်

\- တစ်ယောက်လျှင် တစ်ပင်နှုန်း
ရွှင်ပြုံးလို့ ပျော်စရာ
ယူလိုက်ကြပါ၊
မြေဆီစိုခိုက်မှာ
စိုက်လိုက်ပါ အမှတ်တရ၊
သစ်ပင်တွေ စုကာပေါင်းတော့
အရိပ်ကောင်းလှ။

\- လူတိုင်းမှာ အခွင့်အရေး
စိုက်ပျိုးပေး သစ်ပင်တွေ
ကောင်းသည့်အမွေ၊
စိမ်းလန်းတဲ့ မြန်မာ့မြေ
သစ်တောတွေ ပတ်ကာဝိုင်း၊
ပတ်ဝန်းကျင် သဘာဝ
လှပတံတိုင်း။

\- လေကာပင် အရိပ်ရ
သီးပင်က မျိုးစုံကြွယ်
ပေါပါဘိတယ်၊
အနာဂတ် မှန်းရည်ရွယ်
သုံးကြကွယ် အမွေအနှစ်များ၊
သစ်ပင်တွေ လက်ဆင့်ကမ်း
ရွှင်လန်းစေသား။

\- ကုသိုလ်မှာ ထာဝရ
ရရှိကြ များပြည်သူ
အေးစေဖို့လ်လူ၊
တစ်ပင်လဲ တစ်ပင်ထူ
တူညီစွာ မြတ်စိတ်ထား၊
ပျော်ပျော်ရွှင်ရွှင် သစ်ပင်စိုက်
နှစ်ခြိုက်စရာများ။ ။

**မန္တလာကိုကိုဝင်း**

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အီရန်ကို စစ်ရေးအရ ထပ်မံခြိမ်းခြောက်



**ဝါရှင်တန် ဇူလိုင် ၇**

အီရန်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် သဘောတူညီချက် မရယူခဲ့ပါက စစ်ရေးအရ အဆုံးသတ်ပေးရလိမ့်မည် ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇူလိုင် ၆ ရက်တွင် ထပ်မံသတိပေးပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန်ခေါင်းဆောင် အယာတိုလာခါမေနီ၏ ဗျာပနအခမ်းအနားဖြင့် အစိုးရက အင်အားပြနေချိန်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်ကို စစ်ရေးအရ ထပ်မံခြိမ်းခြောက်ခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် အီရန်ပြည်သူ ၉၁ သန်းတို့အပေါ် အကျိုးသက်ရောက်မှုရှိလာနိုင်မည့်အရေးကို မလိုလားကြောင်း၊ သို့ဖြစ်ရာ အီရန်နှင့် သဘောတူညီချက်တစ်ရပ်ရယူရန် ပိုမိုလိုလားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ရာတွင် အီရန်အနေဖြင့် သဘောတူညီချက်တစ်ရပ် ရယူမှုမရှိခဲ့ပါက စစ်ရေးနည်းလမ်းဖြင့်သာ အီရန်စစ်ရေးပဋိပက္ခကို အဆုံးသတ် ပေးရလိမ့်မည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က သတိပေးပြောကြားခဲ့သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် သုံးလကျော်ကြာ စစ်ရေးပဋိပက္ခပြီးဆုံးရေး သံတမန်လုပ်ငန်းစဉ်များအတွက် လမ်းဖွင့်ပေးသည့်အနေဖြင့် ရက် ၆၀ အပစ်အခတ်ရပ်စဲရေး ရယူထားသော်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှာ တိုးတက်မှုမရှိသေးကြောင်း သိရသည်။

Ref : RT

Trs : KKO

# ရုရှားနှင့်ဆက်ဆံရေးကို ပြန်လည်ပြင်ဆင်နိုင်ရန် မျှော်လင့်ထားကြောင်း အာမေးနီးယားဝန်ကြီးချုပ် ပြောကြား



**မော်စကို ဇူလိုင် ၇**

ရုရှားနှင့် အာမေးနီးယားနိုင်ငံတို့ကြား ဆက်ဆံရေးအခြေအနေကို ပြန်လည်ပြင်ဆင်နိုင်ရန် မိမိမျှော်လင့်ထားကြောင်း အာမေးနီးယားဝန်ကြီးချုပ် နီကိုးလ်ပါရှင်ယန်က ဇူလိုင် ၆ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထို့ပြင် ရုရှားနှင့် အာမေးနီးယားနိုင်ငံတို့ကြား မကြာသေးမီကာလများအတွင်း ပေါ်ပေါက်ခဲ့သော ပြဿနာအချို့ကို ဖြေရှင်းနိုင်ရန် မျှော်လင့်ထားကြောင်း အာမေးနီးယားဝန်ကြီးချုပ်က ပြောကြားထားသည်။

ရုရှားနိုင်ငံသည် ပြီးခဲ့သည့်လအတွင်း အာမေးနီးယားရွေးကောက်ပွဲမကျင်းပမီကာလကပင် အာမေးနီးယားနိုင်ငံအပေါ် ကုန်သွယ်ရေးကန့်သတ်ချက်များ ချမှတ်ထားပြီး အာမေးနီးယား ပို့ကုန်အများစုကို ရုရှားနိုင်ငံသို့ တင်ပို့ခွင့်ပိတ်ပင်ထားသည်။

အာမေးနီးယား ဝန်ကြီးချုပ် ပါရှင်ယန်သည် အစဉ်အလာအားဖြင့် ရုရှား၏ မဟာမိတ်ဖြစ်သော အာမေးနီးယားနိုင်ငံကို အနောက် အုပ်စုလိုလားသည့် လမ်းကြောင်းပေါ်သို့ တွန်းပို့ရန် ကြိုးစားခဲ့ရာ ရုရှားနှင့် ဆက်ဆံရေးတင်းမာခဲ့သည်။

သို့ရာတွင် အာမေးနီးယားဝန်ကြီးချုပ် ပါရှင်ယန်သည် ပြီးခဲ့သည့် ဇွန်လအတွင်း ကျင်းပခဲ့သော လွှတ်တော် ရွေးကောက်ပွဲအပြီး ပထမဆုံးခရီးစဉ်အဖြစ် ရုရှားနိုင်ငံသို့သွားရောက်ခဲ့ပြီး ရုရှားဝန်ကြီးချုပ် မီခေးလ်မီရှူစတင်နှင့် ဇူလိုင် ၆ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲသည် ရုရှားနှင့် အာမေးနီးယားနှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်ချိန်ညှိရေးအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်ဟု အာမေးနီးယားဝန်ကြီးချုပ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အိန္ဒိယဝန်ကြီးချုပ်နှင့် အင်ဒိုနီးရှားသမ္မတတို့ ဂျကာတာမြို့၌ တွေ့ဆုံဆွေးနွေး

**ဂျကာတာ ဇူလိုင် ၇**

အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိနေသော အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ယနေ့တွင် ဂျကာတာမြို့၌ အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ယနေ့ ထိပ်သီးဆွေးနွေးပွဲတွင် အိန္ဒိယဝန်ကြီးချုပ်နှင့် အင်ဒိုနီးရှားသမ္မတတို့သည် နှစ်နိုင်ငံ မဟာဗျူဟာမြောက်ဆက်ဆံရေး မြှင့်တင်ရေး နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲတွင် အိန္ဒိယဝန်ကြီးချုပ်နှင့် အင်ဒိုနီးရှားသမ္မတတို့သည် စားနပ်ရိက္ခာလုံခြုံရေး၊ စွမ်းအင်လုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍစွမ်းဆောင်ရည်တည်ဆောက်ရေး စသည်တို့ကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ်၏ ဂျကာတာခရီးစဉ်အတွင်း အိန္ဒိယ- အင်ဒိုနီးရှား နှစ်နိုင်ငံ တာဝန်ရှိသူများအနေဖြင့် သဘောတူညီချက် ရှစ်ခုနှင့် နားလည်မှုစာချွန်လွှာအများအပြားကို လက်မှတ်ရေးထိုးဖွယ်ရှိသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ယနေ့တွင် အင်ဒိုနီးရှားလွှတ်တော်၌ မိန့်ခွန်းပြောကြားရန်လည်း စီစဉ်ထားသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် သုံးရက်ကြာ အင်ဒိုနီးရှားခရီးစဉ်အဖြစ် ဇူလိုင် ၆ ရက်တွင် ဂျကာတာမြို့သို့ ရောက်ရှိလာခဲ့ရာ အင်ဒိုနီးရှားအစိုးရက တခမ်းတနား ကြိုဆိုခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ကို ဒုတိယအကြိမ်အဖြစ် ရုရှားတိုက်ခိုက်

**မော်စကို ဇူလိုင် ၇**

ရုရှားနိုင်ငံသည် ဇူလိုင် ၆ ရက်တွင် ရက်သတ္တပတ်တာကာလအတွင်း ဒုတိယအကြိမ်အဖြစ် ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ကို ဒုံးကျည်များ၊ မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် တူကီယဲနိုင်ငံ အင်ကာရာမြို့၌ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) ထိပ်သီးညီလာခံ မကျင်းပမီ ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ကို လေကြောင်း တိုက်ခိုက်မှုများ ပြင်းထန်စွာပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရုရှားတပ်မတော်၏ ဇူလိုင် ၆ ရက် လေကြောင်းတိုက်ခိုက်မှုများကြောင့် အဆောက်အအုံများ ပျက်စီး၍ လူ ၂၆ ဦး သေဆုံးခဲ့ပြီး ဦးရေ ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောကြားထားသည်။

ဇူလိုင် ၆ ရက် တိုက်ခိုက်မှုတွင် ရုရှားနိုင်ငံက ပစ်လွှတ်လိုက်သည့် ဘာလစ်စတစ် ဒုံးကျည်အားလုံး ပစ်မှတ်များကိုထိမှန်ခဲ့ရာ ယူကရိန်း၏ လေကြောင်းရန်ကာကွယ်ရေးစနစ် အားနည်းလာသည့်သဘောကို ပြသလျက်ရှိသည်။


ရုရှားနိုင်ငံသည် ဇူလိုင် ၂ ရက်ကလည်း ကီယက်ဗ်မြို့ကို လေကြောင်း တိုက်ခိုက်မှုများ ပြင်းထန်စွာပြုလုပ်ခဲ့ရာ လူ ၃၁ ဦး သေဆုံးခဲ့သည်။

ရုရှား၏ စွမ်းအင်အခြေခံ အဆောက်အအုံများကို ယူကရိန်းနိုင်ငံက မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့်တိုက်ခိုက်နေမှုကို တုံ့ပြန်သည့်အနေဖြင့် ရုရှားတပ်မတော်က လေကြောင်းတိုက်ခိုက်မှုများ မြှင့်တင် ပြုလုပ်လာခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ယူကရိန်းစစ်ရေးပဋိပက္ခအဆုံးသတ်ရေးအတွက် တရုတ်ကူညီပေးရန်လိုလားကြောင်း နော်ဝေဝန်ကြီးချုပ်ပြောကြား



**အော့စ်လို ဇူလိုင် ၇**

ယူကရိန်း စစ်ရေးပဋိပက္ခကို စေ့စပ်ဆွေးနွေး၍ အဆုံးသတ်နိုင်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အကူအညီပေးရန် မိမိတို့လိုလားကြောင်း နော်ဝေဝန်ကြီးချုပ် ယိုနက်စ်ဂါးစတိုရီက ဇူလိုင် ၆ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အော့စ်လိုမြို့၌ တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် နော်ဝေဝန်ကြီးချုပ် ယိုနက်စ်ဂါးစတိုရီက ထိုသို့ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ရုရှားခေါင်းဆောင်ပိုင်းနှင့် အကောင်းဆုံးဆက်ဆံရေး၊ တိုက်ရိုက်အကျဆုံးဆက်ဆံရေးရှိထားသည့် နိုင်ငံဖြစ်ရာ ထိုဆက်ဆံရေးပုံစံကို အသုံးချ၍ ယူကရိန်းစစ်ရေးပဋိပက္ခ ပြီးဆုံးရေးအတွက်ကူညီပေးရန် မိမိတို့မျှော်လင့်ထားကြောင်း နော်ဝေဝန်ကြီးချုပ်က တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံပြီးနောက် သတင်းထောက်များကို ထုတ်ဖော်ပြောကြားခဲ့သည်။

အော့စ်လိုမြို့၌ တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် ယူကရိန်းစစ်ရေးပဋိပက္ခကို အဓိကထားဆွေးနွေးခဲ့ကြောင်း နော်ဝေဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားထားသည်။

ဥရောပနှင့် တရုတ်တို့ကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် အလားအလာများရှိသော်လည်း တရုတ်နိုင်ငံမှာ ရုရှား၏ အဓိက မိတ်ဖက်နိုင်ငံဖြစ်နေမှုကြောင့် တရုတ်နှင့် ဥရောပ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးအလားအလာမှာ အကန့်အသတ်များရှိနေကြောင်း နော်ဝေဝန်ကြီးချုပ်က သုံးသပ်ပြောကြားထားသည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် ဒိန်းမတ်၊ ဆွီဒင်၊ ဖင်လန်နိုင်ငံတို့သို့ သွားရောက်ခဲ့ပြီးနောက် ဇူလိုင် ၆ ရက်တွင် နော်ဝေနိုင်ငံသို့ ဆက်လက်ဝင်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက စပေ့စ်ဆေးလ်ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအုပ်စုသစ် လွှတ်တင်ခဲ့



ပေကျင်း ဇူလိုင် ၇

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် စပေ့စ်ဆေးလ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအုပ်စုသစ်ကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဇူလိုင် ၆ ရက် သတင်းများအရ သိရသည်။

အထက်ပါ စပေ့စ်ဆေးလ် ဂြိုဟ်တုအုပ်စုကို လောင်းမတ်ချ်-၈ အေဒုံးပျံဖြင့် တရုတ်နိုင်ငံ ဟိုင်နန် ပြည်နယ် ဟိုင်နန်ဂြိုဟ်တုလွှတ် တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၈ အေဒုံးပျံသည် သယ်ဆောင်ထားသော စပေ့စ်ဆေးလ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

စပေ့စ်ဆေးလ်ဂြိုဟ်တုကွန်ရက်သည် အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ် ဂြိုဟ်တုကွန်ရက်ကဲ့သို့ပင် ကမ္ဘာ ပတ်လမ်းအနိမ့်ပိုင်း၌ နေရာယူ၍ အင်တာနက်ဝန်ဆောင်မှုများပေးမည့် ဂြိုဟ်တုကွန်ရက်ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ဇူလိုင် ၄ ရက်က လည်း စပေ့စ်ဆေးလ်ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုသစ်များကို လောင်းမတ်ချ်-၆ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ပြီးဖြစ်သည်။

အဆိုပါဇူလိုင် ၅ ရက် စပေ့စ်ဆေးလ် ဂြိုဟ်တုမစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၆၅၆ ကြိမ်မြောက် မစ်ရှင်ဖြစ်ပြီး စပေ့စ်ဆေးလ် ဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သော ၁၅ သုတ်မြောက် ဂြိုဟ်တုအုပ်စု ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ဂျပန်အာကာသအေဂျင်စီ၏ ဟာယာဘူဆာ-၂ အာကာသယာဉ်က တိုရီဖူနီဂြိုဟ်သိမ်ကို အနီးကပ်ဆုံးအနေအထားဖြင့် ဖြတ်ကျော်ပျံသန်း

တိုကျို ဇူလိုင် ၇

ဂျပန်အာကာသအေဂျင်စီ၏ ဟာယာဘူဆာ-၂အာကာသယာဉ်သည် တိုရီဖူနီအမည်ရှိဂြိုဟ်သိမ်ကို အနီးကပ်ဆုံးအနေအထားဖြင့်ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း ဇူလိုင် ၆ ရက် သတင်းများအရ သိရသည်။

ဟာယာဘူဆာ-၂ အာကာသယာဉ်သည် တိုရီဖူနီဂြိုဟ်သိမ်ကို ဇူလိုင် ၅ ရက်တွင် ဂြိုဟ်သိမ် မျက်နှာပြင်နှင့် ငါးကီလိုမီတာ အကွာမှတစ်ဆင့် တစ်နာရီ ၁၈၀၀၀ ကီလိုမီတာ အမြန်နှုန်းဖြင့်ဖြတ် ကျော်ပျံသန်းခဲ့ကြောင်း ဂျပန် အာကာသအေဂျင်စီက သတင်း ထုတ်ပြန်ထားသည်။

ဟာယာဘူဆာ-၂ အာကာသ ယာဉ်တွင် ၎င်း၏ပင်မမစ်ရှင် ဖြစ်သော ရီယိုဂူးဂြိုဟ်သိမ် ကျောက်သား နမူနာများကို အောင်မြင်စွာ ရယူခဲ့ပြီးနောက် တိုရီဖူနီဂြိုဟ်သိမ်ကို အနီးကပ် ဖြတ်ကျော် ပျံသန်းခဲ့ခြင်းဖြစ် ကြောင်း သိရသည်။



ဟာယာဘူဆာ-၂ အာကာသ ယာဉ်အနေဖြင့် တိကျသောပတ်လမ်းထိန်းကျောင်းမှုစနစ်၊ အချက်အလက်ရယူနိုင်စွမ်းနှင့် ကမ္ဘာ့ဂြိုဟ်ကာကွယ်ရေး ကြိုးပမ်းမှုများအား ကူညီနိုင်စွမ်းတို့ကို ဆန်းစစ်နိုင်ရေး အတွက် တိုရီဖူနီဂြိုဟ်သိမ်ကိုအနီး ကပ် ဖြတ်ကျော်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီ က သတင်းထုတ်ပြန်ထားသည်။

ဟာယာဘူဆာ-၂ အာကာသ ယာဉ်သည် ၂၀၂၀ ပြည့်နှစ်တွင် ရီယိုဂူးဂြိုဟ်သိမ် ကျောက်သား နမူနာများကိုရယူ၍ ကမ္ဘာမြေဆီ သို့ အောင်မြင်စွာ ပြန်လည် ပို့ဆောင်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ဟာယာဘူဆာ-၂ အာကာသ ယာဉ်သည် တိုရီဖူနီဂြိုဟ်သိမ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ပြီး နောက် ၂၀၃၁ ခုနှစ်တွင် 1998KY 26 အမည်ရှိဂြိုဟ်သိမ်ကိုအနီးကပ် ဖြတ်ကျော် ပျံသန်းဦးမည်ဖြစ် ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ တီယန်ဝန်-၂ အာကာသယာဉ် 2016 HD3 ဂြိုဟ်သိမ်အနီးသို့ရောက်ရှိ

ပေကျင်း ဇူလိုင် ၇

တရုတ်အမျိုးသားအာကာသ အေဂျင်စီက လွှတ်တင်ထားသော တီယန်ဝန်-၂ အာကာသယာဉ် သည် 2016 HD 3 အမည်ရှိ ဂြိုဟ် သိမ်အနီးသို့ ရောက်ရှိနေပြီဖြစ် ကြောင်း ဇူလိုင် ၆ ရက်သတင်းများ တွင် ရေးသားတင်ပြထားသည်။

တီယန်ဝန်-၂ အာကာသယာဉ် သည် အကွာအဝေး ကီလိုမီတာ တစ်ဘီလီယံခရီးစဉ်ကို တစ်နှစ် ကျော်ကြာ ပျံသန်းခဲ့ပြီးနောက် 2016 HD 3 ဂြိုဟ်သိမ်အနီးသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တီယန်ဝန်-၂ အာကာသယာဉ်သည် 2016 HD 3 ဂြိုဟ်သိမ်နှင့် ကီလိုမီတာ ၂၀ အကွာသို့ ရောက်ရှိနေပြီဖြစ် ကြောင်းတရုတ်အမျိုးသားအာကာ သအေဂျင်စီက သတင်းထုတ် ပြန်ထားသည်။

တီယန်ဝန်-၂ အာကာသယာဉ် သည် 2016 HD 3 ဂြိုဟ်သိမ်၏ ဖွဲ့စည်း တည်ဆောက်ပုံများကို စူးစမ်းလေ့လာပြီးနောက် ၎င်း ဂြိုဟ်သိမ်၏ ကျောက်သားနမူနာ များကို ရယူမည်ဖြစ်သည်။

တီယန်ဝန်-၂ အာကာသယာဉ် သည် 2016 HD 3 ဂြိုဟ်သိမ် ကျောက်သားနမူနာများကိုရယူပြီး နောက် ကမ္ဘာမြေဆီသို့ပြန်လည် ပို့ဆောင်ပေးမည်ဖြစ်သည်။

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် 2016 HD 3 ဂြိုဟ် သိမ်နမူနာ ကျောက်သားများကို ရယူရေးအတွက် ၂၀၂၅ ခုနှစ် မေလတွင် လွှတ်တင်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## စတာတင်ကဲ့သို့ဆေးသုံးစွဲသူ အဝလွန်သူများ၏ သွေးဖိအားနှင့် ကိုလက်စထရောပါဝင်မှုအဆင့်က ပုံမှန်ကိုယ်အလေးချိန်ရှိသူများနှင့် ကွဲပြားမှုမရှိ

လန်ဒန် ဇူလိုင် ၇

စတာတင်(Statin)ကဲ့သို့သော ကိုလက်စထရော လျှော့ချရေး ဆေးသုံးစွဲသည့် သက်လတ် ပိုင်းအရွယ် အဝလွန်သူများ၏ သွေးဖိအားနှင့် သွေးတွင်း ကိုလက်စထရောပါဝင်မှု အဆင့် က ပုံမှန်ကိုယ်အလေးချိန်ရှိသူ များနည်းတူ ကွဲပြားမှုမရှိကြောင်း ဇူလိုင် ၆ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ် တက္ကသိုလ်မှ သုတေသနပညာရှင် များ၏ လေ့လာတွေ့ရှိချက်အရ စတာတင်ကဲ့သို့ ကိုလက်စထရော လျှော့ချရေးဆေးများ သုံးစွဲသူ အသက် ၄၀ အထက် အဝလွန်သူ များ၏သွေးဖိအားနှင့်သွေးအတွင်း ကိုလက်စထရော ပါဝင်မှုအဆင့် မှာ ပုံမှန်ကိုယ်အလေးချိန်ရှိသူများ နှင့် ကွဲပြားမှုမရှိကြောင်း၊ အချို့ ဖြစ်စဉ်များတွင် ပုံမှန်ကိုယ်အလေး ချိန်ရှိသူများထက်ပင် ပိုကောင်း နေတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အထက်ပါ အကျိုးကျေးဇူး များသည် စတာတင်ကဲ့သို့ ကိုလက်စထရော လျှော့ချရေး ဆေးများ၊ သွေးဖိအားလျှော့ချရေး ဆေးများသုံးစွဲမှုကြောင့် ရရှိသည့် အကျိုးကျေးဇူးများ ဖြစ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင် များသည် အသက် ၂၀ နှင့် ၇၉ နှစ် ကြား လူပေါင်း တစ်သန်းခန့်တို့၏ ကျန်းမာရေး အချက်အလက်များ ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ် ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဒူးခေါင်းအရိုးအဆစ်ရောင်ရမ်းနာရောဂါအတွက် ကုထုံးသစ် ဂျာမနီသုတေသနပညာရှင်များစမ်းသပ်

ဘာလင် ဇူလိုင် ၇

ဒူးခေါင်းအရိုးအဆစ်ရောင်ရမ်း နာရောဂါ (Osteoarthritis) အတွက် ကုထုံးသစ်တစ်မျိုးကို ဂျာမနီသုတေသနပညာရှင်များက စမ်းသပ်နေကြောင်း ဇူလိုင် ၆ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

Genicular Artery Embolization (GAE)အမည်ရှိ အထက်ပါ ကုထုံးသည် ဒူးခေါင်းအရိုးအဆစ် ရောင်ရမ်းနာရောဂါနှင့် ဆက်စပ် နေသော ဖောက်ပြန်နေသည့် သွေးကြောများ၊ နာကျင်မှုအာရုံခံ နာ့ဗ်ဆဲလ်များကို ပစ်မှတ်ထား သည့် ကုထုံးဖြစ်ကြောင်း သိရသည်။

GAE ကုထုံးသည် အကြီးစား ခွဲစိတ်ကုသမှုပြုလုပ်ရန် မလိုအပ် ဘဲ ဒူးခေါင်းအတွင်းသို့ ဆေးထိုးနှံ ပေးခြင်းဖြင့် အရိုးအဆစ်များ ရောင်ရမ်းမှုနှင့် နာကျင်မှုတို့ကို လျှော့ချပေးနိုင်ကြောင်း ဂျာမနီ သုတေသန ပညာရှင်များက ပြောကြားသည်။

ဂျာမနီသုတေသနပညာရှင် များသည် ဒူးခေါင်းအရိုးအဆစ် ရောင်ရမ်းမှုလူနာ ၁၉၄ ဦးတို့ကို GAE ကုထုံးဖြင့် စမ်းသပ်ကုသ ခဲ့ကြပြီး စမ်းသပ်မှုကာလ ၁၂ လအတွင်း လူနာများ၌ ရောဂါ အခြေအနေတိုးတက်ကောင်းမွန် လာပြီး ကုထုံး၏ဘေးထွက်ဆိုးကျိုး မှာလည်း သိသာထင်ရှားမှုမရှိ ကြောင်း ဂျာမနီသုတေသနပညာ ရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်ကို အာသာဖာရီ တက်ရောက်

**လန်ဒန် ဇူလိုင် ၇**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်ကစားသမား အာသာဖာရီနှင့် ဘူလ်ဂေးရီးယား တင်းနစ်ကစားသမား ဒီမီထရော့ဖ်တို့ ယှဉ်ပြိုင်ခဲ့ရာ အာသာဖာရီက (၇-၅၊ ၃-၆၊ ၄-၆၊ ၆-၄၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာသာဖာရီသည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲကို Wild Card ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရခဲ့သူဖြစ်ပြီး ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်သည့် ပထမဆုံး Wild Card ရ ဗြိတိန်တင်းနစ်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

အာသာဖာရီက "ကလေးဘဝကတည်းက ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲကို ပရိသတ်တစ်ဦးအနေနဲ့ နှစ်တိုင်းကြည့်ဖြစ်ခဲ့ပါတယ်။ တင်းနစ်လောကရဲ့ အရှိန်အဝါအကြီးဆုံးပြိုင်ပွဲဖြစ်သလို တင်းနစ်ကစားသမားတစ်ယောက် ဖြစ်ချင်တဲ့ ကျွန်တော့်အတွက် ပွဲကြည့်ပရိသတ်အနေနဲ့ ကြည့်ရှုခွင့်ရတဲ့ အခိုက်အတန့်ကို မမေ့သေးပါဘူး။ အခုတော့ ဗြိတိန်ပရိသတ်တွေရှေ့မှောက်မှာ ပြိုင်ပွဲဝင်ကစားသမားအနေနဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရနေပါပြီ။ အခုလို ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်ခွင့်ရခဲ့လို့လဲ ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sky Sports**
**Trs : AZL**

# မြန်မာ ယူ-၂၀ အသင်းက ဟောင်ကောင် ယူ-၂၀ အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ဒုတိယမြောက်ခြေစမ်းပွဲစဉ်တွင် ထပ်မံအနိုင်ရရှိ

**ရန်ကုန် ဇူလိုင် ၇**

နိုင်ငံတကာခြေစမ်းပွဲ ဒုတိယမြောက်ပွဲစဉ်အဖြစ် မြန်မာ ယူ-၂၀ အသင်းနှင့် ဟောင်ကောင် ယူ-၂၀ အသင်းတို့သည် ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ကစားခဲ့ရာ မြန်မာယူ-၂၀ အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ထပ်မံအနိုင်ရရှိခဲ့ကြောင်း သိရသည်။



မြန်မာ ယူ-၂၀ အသင်းသည် လာမည့် အာရှ ယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဟောင်ကောင် ယူ-၂၀ အသင်းနှင့် ရန်ကုန်မြို့ရှိ သုဝဏ္ဏ အားကစားကွင်းတွင် ခြေစမ်းပွဲစဉ် နှစ်ပွဲကစားခဲ့ရာ နှစ်ပွဲလုံး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက မြန်မာ ယူ-၂၀ အသင်းသည် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ဟောင်ကောင် ယူ-၂၀ အသင်း၏ အကောင်းဆုံး တုံ့ပြန်ကစားခဲ့မှုကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပွဲချိန်ပထမပိုင်းတွင် ဂိုးမရှိ သရေ ရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြန်မာ ယူ-၂၀ အသင်းက ပိုမိုတိုက်စစ်ဆင် ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၄၇ မိနစ်တွင် သူရမင်းသန့်၊ ပွဲချိန် ၆၅ မိနစ်တွင် ဇော်လင်းအောင်တို့က မြန်မာ ယူ-၂၀ အသင်းအတွက် သွင်းဂိုးများ သွင်းယူခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် မြန်မာ ယူ-၂၀ အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၂၀ အသင်းသည် ဟောင်ကောင် ယူ-၂၀ အသင်းကို ပထမခြေစမ်းပွဲစဉ်တွင် နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သကဲ့သို့ ဒုတိယမြောက်ပွဲစဉ်တွင်လည်း နှစ်ဂိုး ဂိုးမရှိဖြင့် ထပ်မံအနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **STA**

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ရွှေလက်အိတ်ဆုအတွက် စပိန်အသင်းဂိုးသမား ဆိုင်မွန် ထိပ်ဆုံးမှဦးဆောင်



**မက်ဒရစ် ဇူလိုင် ၇**

စပိန်အသင်းဂိုးသမား ဆိုင်မွန်သည် လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ်ငါးပွဲ ကစားပြီးချိန်တွင် ငါးပွဲလုံး ဂိုးမပေးရအောင် စွမ်းဆောင်ခဲ့ပြီးနောက် ရွှေလက်အိတ်ဆုအတွက် ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြ ခဲ့သည်။

ဂိုးသမားဆိုင်မွန်သည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီတွင် ဘီလ်ဘာအိုအသင်းနှင့် အတူ အကောင်းဆုံးလက်စွမ်းပြသခဲ့ပြီးနောက် လက်ရှိ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်း၌ အာဆင်နယ်အသင်း ဂိုးသမားရာယာနှင့် ဘာစီလိုနာအသင်း ဂိုးသမားဂါစီယာတို့ကို ကျော်ဖြတ်ကာ ပွဲထွက်ဂိုးသမားအဖြစ် ပါဝင်နေပြီး အကောင်းဆုံးလက်စွမ်းပြသထားသူဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရွှေလက်အိတ်ဆုကို ဂိုးမပေးရသည့်ပွဲအများဆုံးရရှိအောင် စွမ်းဆောင်နိုင်သည့်ဂိုးသမားကို ပေးအပ်ခြင်းဖြစ်သည့်အတွက် လက်ရှိတွင် ဆိုင်မွန်က ဂိုးမပေးရသည့်ပွဲ ငါးပွဲဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေခြင်းဖြစ်သည်။

လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးမပေးရသည့်ပွဲအများဆုံး ဂိုးသမားစာရင်း၌ ဆိုင်မွန်နောက်တွင် ကိုလံဘီယာအသင်းဂိုးသမား ဗာဂက်၊ ပြင်သစ်အသင်းဂိုးသမားမိုက်မိုင်နန်၊ မက္ကဆီကိုအသင်း ဂိုးသမား ရန်ဂျယ်တို့က သုံးပွဲစီဖြင့် ရပ်တည်နေကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အိမ်ရှင်အသင်းများ ၁၆ သင်းရှုံးထွက်အဆင့်မှပင် ထွက်ခွာခဲ့ရ

**ဝါရှင်တန် ဇူလိုင် ၇**

လက်ရှိ အမေရိကန်၊ ကနေဒါ၊ မက္ကဆီကိုနိုင်ငံတို့က သုံးနိုင်ငံပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အိမ်ရှင်အသင်းများအနေဖြင့် ၁၆ သင်း ရှုံးထွက်အဆင့်မှပင် ထွက်ခွာခဲ့ရကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မက္ကဆီကိုအသင်းသည် အုပ်စု(A)တွင် တောင်အာဖရိကအသင်း၊ တောင်ကိုရီးယားအသင်း၊ ချက်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး အုပ်စုသုံးပွဲလုံး အနိုင်ရခဲ့သကဲ့သို့ ၃၂ သင်းရှုံးထွက်အဆင့်တွင်လည်း အီကွေဒေါအသင်းကို အနိုင်ရခဲ့ကာ ၁၆ သင်း ရှုံးထွက်အဆင့်တွင် အင်္ဂလန်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ဆက်လက်ပြီး ကနေဒါအသင်းသည်လည်း အုပ်စု(B)တွင် ဆွစ်ဇာလန်အသင်း၊ ဘော့စနီးယားအသင်း၊ ကာတာအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ရာ အုပ်စုပွဲစဉ်များအဖြစ် ဘော့စနီးယားအသင်းနှင့် ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ကာတာအသင်းကို အနိုင်ရခဲ့ကာ ဆွစ်ဇာလန်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ၃၂ သင်း ရှုံးထွက်အဆင့်တွင် တောင်အာဖရိကအသင်းကို အနိုင်ရခဲ့သော်လည်း ၁၆ သင်း ရှုံးထွက်အဆင့်တွင် မော်ရိုကိုအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

အလားတူ အမေရိကန်အသင်းသည်လည်း အုပ်စု(D)တွင် ပါရာဂွေးအသင်း၊ ဩစတြေးလျအသင်း၊ တူရကီယဲအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အုပ်စုပွဲစဉ်များတွင် ပါရာဂွေးအသင်းနှင့် ဩစတြေးလျအသင်းတို့ကို အနိုင်ရခဲ့ကာ တူရကီယဲအသင်းနှင့်ပွဲစဉ်၌ ရှုံးနိမ့်ခဲ့ပြီး ၃၂ သင်း ရှုံးထွက်အဆင့်တွင် ဘော့စနီးယားအသင်းကို အနိုင်ရခဲ့သော်လည်း ၁၆ သင်း ရှုံးထွက်အဆင့်၌ ဘယ်လ်ဂျီယံအသင်းကို လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# WBA (Regular) ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အတွက် ပြိုင်ဘက်အဖြစ် ဂတ်စီယက်က ကာဒီရူကို ရွေးချယ်

**မော်စကို ဇူလိုင် ၇**

WBA(Regular) ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အတွက် ရုရှားလက်ဝှေ့သမား ဂတ်စီယက်က ပြိုင်ဘက်အဖြစ် ဂျာမနီလက်ဝှေ့သမား ကာဒီရူကို ရွေးချယ်ခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂတ်စီယက်သည် ဇူလိုင် ၁၁ ရက်တွင် ပြင်သစ်လက်ဝှေ့သမား တိုနီယိုကာနှင့် ရုရှားနိုင်ငံ မော်စကိုမြို့၌ ထိုးသတ်ရန်စီစဉ်ခဲ့သော်လည်း တိုနီယိုကာသည် လေ့ကျင့်ရေးအစီစဉ်တွင် ဒဏ်ရာရရှိခဲ့ပြီး စိန်ခေါ်ပွဲမှ နုတ်ထွက်ခဲ့သည့်အတွက် ဂတ်စီယက်က ကာဒီရူကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။




ဂတ်စီယက်က "တိုနီနဲ့ထိုးသတ်သွားဖို့ သေချာကို ပြင်ဆင်ထားခဲ့တာပါ။ တိုနီနဲ့ထိုးသတ်ဖို့ အဆင်သင့်ဖြစ်နေတဲ့အချိန်မှာ တိုနီအနေနဲ့ အခုလိုဒဏ်ရာရသွားတဲ့အတွက် ကာဒီရူကို ရွေးချယ်လိုက်ပါတယ်။ ကာဒီရူဟာ တိုနီနဲ့ ထိုးပေါက်မတူတဲ့ လက်ဝှေ့သမားဖြစ်တဲ့အတွက် ကာဒီရူကိုရင်ဆိုင်ဖို့ ပြန်လည်ပြင်ဆင်ရပါတယ်။ အချိန်သိပ်မရတဲ့အတွက် ပြည့်စုံတဲ့ ပြင်ဆင်မှုမျိုးတော့ ဖြစ်လာမှာမဟုတ်ပါဘူး။ ဒါပေမဲ့လဲ လက်ဝှေ့အားကစားလောကက ခန့်မှန်းရခက်ပါတယ်။ ဘာမဆို ဖြစ်သွားနိုင်ပါတယ်။ ကာဒီရူဟာ ကိုယ်ခန္ဓာကြံ့ခိုင်တယ်၊ သန်မာတယ်၊ အတွေ့အကြုံရှိတယ်။ ခက်ခဲမဲ့ ပြိုင်ဘက်တစ်ယောက်ဖြစ်လာပါလိမ့်မယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sky Sports**
**Trs : AZL**

## တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်တွင် တိုင်ဖွန်းမုန်တိုင်းဘာဗီဝင်ရောက်ပြီး လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ ဖြစ်ပွားခဲ့



**ပေကျင်း ဇူလိုင် ၇**

တရုတ်နိုင်ငံ အလယ်ပိုင်း ဟူဘေးပြည်နယ်တွင် တိုင်ဖွန်းမုန်တိုင်းဘာဗီ ဝင်ရောက်ခဲ့ပြီး လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ ဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တိုင်ဖွန်းမုန်တိုင်းဘာဗီ တိုက်ခတ်မှုကြောင့် ဇူလိုင် ၆ ရက်က ဟူဘေးပြည်နယ်အတွင်းရှိ ဟွမ်ရှီ၊ ဟွမ်ကန်၊ အီကျိုးနှင့် ရှန်နင်းမြို့တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခဲ့ကြောင်း၊ အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၄၉ ကီလိုမီတာထိ ရှိခဲ့ကြောင်း၊ အဆိုပါလေပြင်းနှင့် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ရပ်တို့နှင့်ဆက်စပ်၍ လူရှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မုန်တိုင်းအရှိန်ကြောင့် နေအိမ်များ၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် အခြေခံအဆောက်အအုံတချို့ ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ ကွမ်ရှီး၊ ကျန်းစုနှင့် ရှန်ဒေါင်းဒေသများတွင်လည်း မိုးသည်းထန်စွာ ဆက်လက် ရွာသွန်းနိုင်ကြောင်း တရုတ် အမျိုးသားမိုးလေဝသဌာနက သတိပေးထားသည်။

တရုတ်နိုင်ငံ၏အဓိကစိုက်ပျိုးရေးဒေသများဖြစ်သည့် ဟူဘေးနှင့် ရှန်ဒေါင်းတို့တွင် ယခုကဲ့သို့ မိုးသည်းထန်မှုကြောင့် လယ်ယာစိုက်ခင်းများပျက်စီးဆုံးရှုံးမည်ကို တောင်သူများက စိုးရိမ်နေကြကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

## ကနေဒါနိုင်ငံ ဒွန်ကန်ဒေသအနီးရှိ ပရီဗိုတောင်တွင် တောမီးလောင်ကျွမ်းနေပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိ

**အော့တဝါ ဇူလိုင် ၇**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ဒွန်ကန်ဒေသအနီးရှိ ပရီဗိုတောင်တွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေကြောင်း ကနေဒါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မီးသတ်တပ်ဖွဲ့ဝင်များက မြေပြင်မှ တောမီးကို သွားရောက်ငြိမ်းသတ်နေသော်လည်း မြေပြင်အနေအထားကန့်သတ်ချက်များကြောင့် သွားလာရခက်ခဲနေသည့်အတွက် လေကြောင်းအကူအညီ ရယူသွားမည်ဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကို တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ သဘာဝ အလျောက် လောင်ကျွမ်းခဲ့ခြင်းမဟုတ်ဘဲ ဒေသခံတချို့၏ မီးပေါ့ဆမှုကြောင့် လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း၊ ဒွန်ကန်ဒေသရှိ ပရီဗိုတောင် အနီးတွင်ရှိသော ဒေသခံများကိုလည်း တောမီး အန္တရာယ်သတိပေးချက်ထုတ်ပြန်ထားပြီး လိုအပ်လာပါက ဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်ရေး အတွက် ကြိုတင်ပြင်ဆင်ထားရန် သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

"ဒွန်ကန်ဒေသအနီးမှာရှိတဲ့ ပရီဗိုတောင်မှာ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပါတယ်။ တောမီးဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ တောမီးကို မြေပြင်ကနေ ငြိမ်းသတ်ပေးဖို့ ကြိုးစားပေးမဲ့ မြေမျက်နှာသွင်ပြင်အနေအထားအရ မြေပြင်ကနေ ငြိမ်းသတ်ဖို့ ခက်ခဲပါတယ်။ ဒါကြောင့် လက်လှမ်းမီသလောက်ကိုတော့ မြေပြင်ကနေ ငြိမ်းသတ်သွားမှာဖြစ်ပြီးတော့ လေကြောင်းအကူအညီကို အဓိကရယူပြီး တောမီးကို ငြိမ်းသတ်ဖို့ ကြိုးစားနေပါတယ်။ တောမီးဟာ သဘာဝအလျောက် လောင်ကျွမ်းခဲ့တာ မဟုတ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ ဒေသခံတချို့ တောင်ပေါ်ကို ပျော်ပွဲစားထွက်ရင်း



မီးပေါ့ဆမှုကြောင့် လောင်ကျွမ်းတဲ့ တောမီးပါ။ ဒွန်ကန်ဒေသခံတွေကိုတော့ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားတာ မရှိသေးပါဘူး"ဟု ဗြိတိသျှကိုလံဘီယာ မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

## အမေရိကန်နိုင်ငံတွင် အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်သည့် ရောဂါများကြောင့် သေဆုံးသူ ၂၉ ဦးထိ ရှိလာ

**ဝါရှင်တန် ဇူလိုင် ၇**

အမေရိကန်နိုင်ငံတွင် ဇူလိုင် ၄ ရက်မှစတင်ခဲ့သည့် အပူချိန်မြင့်တက်မှုကြောင့် ယနေ့ထိ သေဆုံးသူ ဆက်တိုက်မြင့်တက်လာခဲ့ပြီးနောက် အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သည့် ရောဂါများကြောင့် သေဆုံးသူ ၂၉ ဦးထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင်ဖော်ပြထားသည်။

အပူချိန် မြင့်တက်မှုကြောင့် သေဆုံးသူ ၂၉ ဦးအနက် သေဆုံးသူ အများဆုံးမှာ နယူးဂျာစီပြည်နယ်မှဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်နေရသည့် အဓိက ကောင်တီ ၁၀ ကောင်တီထိ ရှိနေပြီး သေဆုံးသူများ၏ နေအိမ်ကို သွားရောက် စစ်ဆေးခဲ့ရာတွင် လေအေးပေးစနစ်များ တပ်ဆင်ထားခြင်းမရှိသကဲ့သို့ အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်သည့် ရောဂါအခံရှိသူများဖြစ်ကြောင်း၊ အပူချိန်မှာ ၃၇ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အပူချိန်ဆက်လက် မြင့်တက်လာနိုင်ကြောင်း အမေရိကန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အပူချိန်အဆမတန်မြင့်တက်နေပါတယ်။ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်တဲ့ အဆင့်မျိုးဖြစ်ပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်ပြီးတော့ သေဆုံးသူများပြားနေပါတယ်။ ၁၄ နှစ်တာကာလအတွင်းမှာ အပူချိန်အမြင့်ဆုံးကာလလဲ ဖြစ်ပါတယ်။ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေရသူတွေလဲ ရှိပါတယ်"ဟု နယူးဂျာစီပြည်နယ် ဝန်ကြီးချုပ် ရှာရီလ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

## ပြင်သစ်နိုင်ငံ တောင်ပိုင်းတွင် တောမီးပြင်းထန်စွာ လောင်ကျွမ်းနေသဖြင့် လူ ၁၀၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**ပဲရစ် ဇူလိုင် ၇**

ပြင်သစ်နိုင်ငံ တောင်ပိုင်းတွင် တောမီးပြင်းထန်စွာလောင်ကျွမ်းနေသဖြင့် ပါပင်ယန်မြို့ ထရီဗီလာ့ချ်ဒေသအနီးရှိ ကျေးရွာများမှ ဒေသခံ ဦးရေ ၁၀၀၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။

တောမီးသည် ပါပင်ယန်မြို့ အနီး ထရီဗီလာ့ချ်ဒေသတွင် အဓိကလောင်ကျွမ်းနေပြီး သစ်တောဧရိယာ ဟက်တာ ၄၆၀၀ ကျော် မီးလောင်ကျွမ်းပျက်စီးခဲ့ရကြောင်း၊ တောမီးကြောင့် မီးသတ်တပ်ဖွဲ့ဝင်လေးဦး အပါအဝင် လူ ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တောမီးငြိမ်းသတ်ရေးလုပ်ငန်းများကိုကူညီရန် ဥရောပသမဂ္ဂ (EU)က ဆိုက်ပရပ်စ်နှင့် ဆွီဒင်နိုင်ငံတို့မှ ရေဖျန်းလေယာဉ်လေးစင်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ ကျော်ကို စေလွှတ်ထားကြောင်း သိရသည်။

တောမီးကြောင့် Tour de France စက်ဘီးပြိုင်ပွဲ၏ လမ်းကြောင်း တစ်စိတ်တစ်ပိုင်းကို ယာယီပိတ်ထားပြီး မီးသတ်ယာဉ်များအလွယ်တကူ ဝင်ရောက်နိုင်ရန် စီစဉ်ခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယခုအပတ်အတွင်း ပြင်သစ်အနောက်တောင်ပိုင်းတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နိုင်ပြီး အပူလှိုင်းများ ဆက်လက်ဖြစ်ပေါ်နိုင်မှုကြောင့် တောမီးလောင်ကျွမ်းမှုများ ပိုမိုပြင်းထန်လာနိုင်ကြောင်း မိုးလေဝသပညာရှင်များက သတိပေးထားသည်။

Ref : Sputnik News

Trs : KZ

## အင်္ဂလန်နိုင်ငံ မာဘိုရောက်တောင်ပိုင်းတွင် ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်

**လန်ဒန် ဇူလိုင် ၇**

အင်္ဂလန်နိုင်ငံ မာဘိုရောက်တောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းနေပြီး မိုးရေချိန်မြင့်မားမှုကိုလည်း အနီရောင်အဆင့်သတိပေးချက် သတ်မှတ်လိုက်သည့်အတွက် မာဘိုရောက်အရေးပေါ်စီမံခန့်ခွဲရေး အေဂျင်စီက ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မာဘိုရောက်ဒေသရှိရေဧရိယာများ၌ ရေပမာဏဆက်တိုက်မြင့်တက်နေပြီး ရေကြီးရေလျှံမှုသည် လာမည့် ၄၈ နာရီအတွင်း ဖြစ်ပေါ်လာနိုင်ကြောင်း၊ ကုန်းနိမ့်ပိုင်းလမ်းမကြီးတချို့ ရေလွှမ်းမှုစတင်နေပြီဖြစ်ပြီး အဆိုပါလမ်းမကြီးများကို အသုံးပြုခွင့်စတင်ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီမှ တာဝန်ရှိသူများကလည်း ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအစဉ်များအတွက် မာဘိုရောက် အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီကို ညွှန်ကြားထားကြောင်း၊ ဖြတ်သန်းသွားလာရန်မသင့်ဟု သတ်မှတ်ထားသော ဧရိယာများကိုလည်း မာဘိုရောက် အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

"မာဘိုရောက်တောင်ပိုင်းမှာ မိုးသည်းထန်စွာ ရွာသွန်းနေပါတယ်။ မိုးရေချိန်မြင့်မားတဲ့အတွက် မိုးရွာသွန်းမှုကို အနီရောင်အဆင့် သတ်မှတ်ထားပါတယ်။ အနီရောင်အဆင့်ဖြစ်တဲ့အတွက် ရေကြီးရေလျှံမှုတွေကလဲ လာမဲ့ရက်ပိုင်းအတွင်း စတင်တော့မှာဖြစ်ပါတယ်။ နေရာတချို့မှာ ရေလွှမ်းနေတဲ့အတွက် လမ်းတချို့ကို ယာယီပိတ်ထားပါတယ်။ ဖြတ်သန်းသွားလာဖို့မသင့်တဲ့ ဧရိယာတွေကိုလဲ သတ်မှတ်ကြေညာထားပြီးဖြစ်ပါတယ်။ လုံးဝဖြတ်သန်းသွားလာခြင်းမပြုဖို့ အသိပေးအပ်ပါတယ်"ဟု မာဘိုရောက် အရေးပေါ်စီမံခန့်ခွဲရေး အေဂျင်စီမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ကြိုတင်ပြင်ဆင်ကာကွယ် ရေကြီးရေလျှံမှုအန္တရာယ်

**မောင်သောင်းဝင်း(တမန်ဟောင်း)**



၂၀၂၃ ခုနှစ် ပဲခူးရေကြီးမှုကို တွေ့ရစဉ်။

ယခုရက်ပိုင်းအတွင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်အနောက်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ဇူလိုင် ၄ ရက်မှ ၁၁ ရက်ထိ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်ကြောင်းနှင့် ထိုသို့မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေး အန္တရာယ်များဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

**စိုးရိမ်ရေမှတ်ကျော်လွန်နိုင်**

နှစ်စဉ်မိုးရာသီတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေ၊ ချင်းတွင်းမြစ်ရေ၊ ဒုဋ္ဌဝတီမြစ်ရေ၊ စစ်တောင်းမြစ်ရေ၊ ရွှေကျင်မြစ်ရေ၊ ပဲခူးမြစ်ရေ၊ သံလွင်မြစ်ရေ၊ ဘီးလင်းမြစ်ရေ၊ တနင်္သာရီမြစ်ရေ၊ သောင်ရင်းမြစ်ရေ၊ ငဝန်မြစ်ရေ၊ တိုးမြစ်ရေတို့သည် စိုးရိမ်ရေမှတ်ကို ကျော်လွန်လေ့ရှိသည်။ ထို့ကြောင့် မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်။ အထူးသဖြင့် မိုးတွင်းကာလတွင် ဧရာဝတီမြစ်ဘေးတစ်လျှောက်ရှိဒေသများ၌ ရေကြီးရေလျှံမှုများဖြစ်တတ်သည်။ နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် ကောက်ပဲသီးနှံစိုက်ခင်းများ ရေနစ်မြုပ်ရခြင်း၊ လူနှင့်အိမ်မွေးတိရစ္ဆာန်များ သေကျေထိခိုက်ဒဏ်ရာရရှိခြင်းတို့အပြင် ဝမ်းပျက်ဝမ်းလျှောခြင်း၊ စိတ်ဒဏ်ရာရရှိခြင်းများ ကြုံတွေ့ခံစားရလေ့ရှိသည်။

**မိုးရွာသွန်းမှုများပြား**

မြန်မာနိုင်ငံတွင် ယခုနှစ်မိုးရာသီကာလ ဇွန်လနှင့် ဇူလိုင်လတို့တွင် ယခင်နှစ်များထက်ပိုမို၍ နိုင်ငံတစ်ဝန်းလုံး၌ မိုးရွာသွန်းမှု များပြားလျက်ရှိသည်။ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ယခုရက်ပိုင်း၌ ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနေပြီး အချို့ဒေသများတွင် ရွာသွန်းမြဲထက်ပိုမိုကာ မိုးသည်းထန်စွာရွာသွန်းလျက်ရှိသည်။ နိုင်ငံတစ်ဝန်းလုံးတွင် မိုးရွာသွန်းမှုအားကောင်းနေမည်ဆိုလျှင် တောင်ကျချောင်းရေများကျဆင်းပြီး မြစ်ကြီး၊ မြစ်ငယ်၊ ချောင်းငယ်များ၌ ရေပြည့်ရေလျှံ ရေစီးသန်ကာ မြစ်ချောင်းများနှင့်နီးသည့် မြို့ရွာများ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားနိုင်သည်။ ထိုသို့မြစ်ရေတက်လာမည်ဆိုလျှင် အနိမ့်ပိုင်းနေရာများတွင် ရေလွှမ်းမိုးခြင်း၊ မြစ်ကမ်းပါး နေရာတချို့၌ ကမ်းပါးပြိုကျခြင်း၊ လျှပ်စစ်မီးတိုင်များနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခြင်း၊ လမ်းများ၊ တံတားများပြိုကျပျက်စီးခြင်း၊ တောင်စောင်းကမ်းပါးများပြိုကျခြင်း၊ မြေကျွံခြင်း၊ လူနေအိမ်များပျက်စီးခြင်းတို့ ဖြစ်ပေါ်နိုင်သည်။

**ကြိုတင်ပြင်ဆင်သင့်**

အမှန်တော့နှစ်စဉ် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးအဆက်မပြတ်မိုးရွာသွန်းတတ်သည်။ မိုးသက်လေပြင်းများကျရောက်တတ်သည်။ မြေနိမ့်ပိုင်းရှိ အချို့သောကျေးရွာများသည် ရေကြီးရေလျှံမှုဒဏ် ခံစားရလေ့ရှိသည်။ ထို့ပြင် မိုးကြီးပြီးသည့်အချိန်တွင် တောင်ပြိုမှုများ၊ ကားလမ်း၊ ရထားလမ်းပိတ်မှုများ၊ ဆည်တမံကျိုးပေါက်မှုများလည်းဖြစ်တတ်သည်။ အချို့သောဒေသများသည် ဆည်တမံကျိုးပေါက်မှုကြောင့် ရေအောက်သို့ရောက်သွားတတ်သည်။ ထိုအချိန်မျိုးတွင် အိမ်မွေးတိရစ္ဆာန်များအပါအဝင် ပြည်သူများ အသက်ဆုံးရှုံးရလေ့ရှိသည်။ ထို့ကြောင့် ဒေသဆိုင်ရာအာဏာပိုင်များအနေဖြင့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျကြိုတင်ပြင်ဆင်ထားသင့်ပေသည်။

ပြည်သူများအနေဖြင့်လည်း မိမိတို့နေအိမ်များကို သဘာဝဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်စွမ်းရှိ၊ မရှိ စစ်ဆေးခြင်း၊ ရေကြီးရေလျှံမှုအခြေအနေကိုစောင့်ကြည့်ခြင်း၊ စားနပ်ရိက္ခာ၊ သောက်သုံးရေနှင့် အရေးပေါ် အသုံးအဆောင်များ စုဆောင်းထားခြင်း၊ အရေးကြီး စာရွက်စာတမ်းများကို လုံခြုံအောင်သိမ်းဆည်းထားခြင်း၊ မိုးလေဝသအခြေအနေ သတင်းထုတ်ပြန်မှုများကို စောင့်ကြည့်နားထောင်ခြင်း၊ ဒေသဆိုင်ရာအာဏာပိုင်များ၏ ဖုန်းနံပါတ်နှင့် လိပ်စာများ မှတ်သားထားခြင်း စသည့်ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားသင့်သည်။ ထို့ပြင် ရေဘေးသင့်ပြည်သူများသည် တာဝန်ရှိသူများမှ စီစဉ်ပေးထားသော ရေဘေးခိုလှုံရေးစခန်းများတွင် ပြောင်းရွှေ့နေထိုင်ခြင်းနှင့် မိသားစုများကွဲသွားလျှင် သက်ဆိုင်ရာသို့ အချိန်မီသတင်းပို့ခြင်းတို့ကိုလည်းလုပ်ဆောင်သွားရန် လိုအပ်သည်။

**ရေဘေးအန္တရာယ်**

နှစ်စဉ်မိုးရာသီတွင် ပြည်သူများ ကြုံတွေ့ရသည်မှာ ရေဘေးအန္တရာယ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယခင်က ရေဘေးအန္တရာယ်ကြုံရမှုနည်းပါးသည်။ သစ်တောများ ပြုန်းတီးခြင်း၊ ရေဝေရေလဲဒေသများ ပျက်စီးခြင်းနှင့် မြစ်ချောင်းများ တိမ်ကောခြင်းတို့ကြောင့် ပြီးခဲ့သောနှစ်အနည်းငယ်မှစကာ မိုးရာသီ၌ အချို့သောဒေသများတွင် ရေကြီးရေလျှံမှုဖြစ်ပွားနိုင်သဖြင့် စနစ်တကျကြိုတင်ပြင်ဆင်ထားသင့်သည်။ ထို့ကြောင့် နှစ်စဉ်ရေဘေးကြုံတွေ့ဖူးသည့်ဒေသများအနေဖြင့် ရေဘေးကာကွယ်ရေးအစီအမံများ ကြိုတင်လုပ်ဆောင်ထားမှသာ အဆင်ပြေနိုင်မည်ဖြစ်သည်။

**လမ်းပန်းဆက်သွယ်ရေးခက်ခဲ**

မိုးသည်းထန်စွာရွာလျှင် ရာသီမရွေးသွားလာနိုင်သည့်လမ်းများသည်ပင်လျှင် သွားလာ၍မရနိုင်တော့သည့်အနေအထားသို့ ရောက်သွားတတ်သည်။ အထူးသဖြင့် လမ်းများပေါ်တွင် ရေကျော်နေခြင်း၊ သဲချောင်းများရှိ တံတားများပေါ်သို့ ရေကျော်ခြင်း၊ တောင်ပေါ်လမ်းများတွင် မြေပြိုကျခြင်း၊ လမ်းများကျွံကျခြင်း စသည့်ပျက်စီးယိုယွင်းမှုများကြောင့် တစ်နေရာမှတစ်နေရာသို့ ကူးလူးသွားလာရန် အခက်အခဲများဖြစ်ပေါ်လေ့ရှိသည်။ ထိုအချိန်မျိုးတွင် ကုန်စည်စီးဆင်းမှုနှေးကွေးလာလေ့ရှိသည်။

**အထူးဂရုစိုက်သင့်**

ထို့ပြင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်လာပြီဆိုလျှင် ရေဘေးသင့်ပြည်သူများအနေဖြင့် ရေမြုပ်နေသောအိမ်များတွင် စင်ထိုး၍ မနေသင့်ပေ။ ထိုသို့နေထိုင်မည်ဆိုလျှင် ညဘက်တွင် မြွေဆိုးအန္တရာယ်ကြောက်ရသည်။ ထို့ပြင် နေ့စဉ်စားဝတ်နေရေးအတွက်လည်း အဆင်ပြေမည်မဟုတ်ပေ။ အထူးသဖြင့် ရေနစ်မြုပ်နေသောဒေသများတွင် အိမ်သာစနစ်မရှိတော့ပေ။ ထို့ကြောင့် မသန့်ရှင်းသောရေများကို သောက်သုံးလျှင် နောက်ဆက်တွဲ ဝမ်းရောဂါနှင့်အရေပြားရောဂါများဖြစ်ပွားနိုင်ပေသည်။ ထို့ပြင် ရေမြုပ်နေသောနေရာသည် လျှပ်စစ်အန္တရာယ်ကိုလည်း စိုးရိမ်ရပေသည်။ ထို့ကြောင့် ရေဘေးသင့်ပြည်သူများသည် ရေလွတ်ရာနေရာများသို့ သွားရောက်ခိုလှုံသင့်သည်။

ပျက်စီးလာမှုကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့အစည်းများသည် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ရေကြီးရေလျှံခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်ကို မည်သူမျှတားဆီး၍မရသည့်အတွက် ယခင်ဖြစ်ပွားခဲ့သည့်အတွေ့အကြုံများကို သင်ခန်းစာရယူပြီး ကြိုတင်ကာကွယ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဖြစ်ပွားချိန်တွင် အရေးပေါ်ကူညီကယ်ဆယ်ရေးနှင့် တုံ့ပြန်မှုဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို သတ်မှတ်လုပ်ငန်းစဉ်များနှင့်အညီ လျင်မြန်စွာဆောင်ရွက်သွားရန် လိုအပ်ပေသည်။

မျက်မှောက်ကာလတွင် အစွန်းရောက်ရာသီဥတုကြောင့် ကမ္ဘာ့နိုင်ငံအားလုံးသည် သဘာဝဘေးအန္တရာယ်ပေါင်းစုံကို နှစ်စဉ်ကြုံတွေ့နေကြရသည်။ ထို့ကြောင့် ရေကြီးရေလျှံမှုအပါအဝင် သဘာဝဘေးအန္တရာယ်များကျရောက်ပါက ရှာဖွေရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အရေးပေါ်စီမံချက်များရေးဆွဲထားရန် လိုအပ်သည်။ အရေးပေါ်စီမံချက်တွင် ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် လျော့နည်းသက်သာစေခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားသင့်ပေသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် မိုးရာသီ ရောက်ရှိလျှင် ရေကြီးရေလျှံမှုအပါအဝင် သဘာဝဘေးအန္တရာယ်ကိုကြုံတွေ့ခံစားရလေ့ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသရှိ ပြည်သူများသည် မိုးတွင်းကာလတွင် ရေဘေးအန္တရာယ်ကို ခါးစည်းခံကြရလေ့ရှိသည်။ အမှန်တော့ သဘာဝဘေးအန္တရာယ်

**❖ ရေကြီးရေလျှံခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်ကို မည်သူမျှတားဆီး၍မရသည့်အတွက် ယခင်ဖြစ်ပွားခဲ့သည့်အတွေ့အကြုံများကို သင်ခန်းစာရယူပြီး ကြိုတင်ကာကွယ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဖြစ်ပွားချိန်တွင် အရေးပေါ်ကူညီကယ်ဆယ်ရေးနှင့် တုံ့ပြန်မှုဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို သတ်မှတ်လုပ်ငန်းစဉ်များနှင့်အညီ လျင်မြန်စွာဆောင်ရွက်သွားရန် လိုအပ်သည်။ မျက်မှောက်ကာလတွင် အစွန်းရောက် ရာသီဥတုကြောင့် ကမ္ဘာ့နိုင်ငံအားလုံးသည် သဘာဝဘေးအန္တရာယ်ပေါင်းစုံကို နှစ်စဉ်ကြုံတွေ့နေကြရသည်။❖**

**ပျက်စီးဆုံးရှုံးမှုဖြစ်ပွား**

မိုးရာသီတွင် ရေကြီးရေလျှံမှုကြောင့် လမ်းတံတားများပျက်စီးခြင်း၊ နေအိမ်များပျက်စီးခြင်း၊ စာသင်ကျောင်းနှင့် ဆေးရုံများရေနစ်မြုပ်ခြင်း၊ အိမ်မွေးတိရစ္ဆာန်များ သေကျေပျက်စီးခြင်း၊ အထူးသဖြင့် ကျေးလက်ဒေသများတွင် စပါးခင်းများ အပါအဝင် စိုက်ပျိုးထားသော ကောက်ပဲသီးနှံစိုက်ခင်းများ ရေနစ်မြုပ်ပျက်စီးသွားလေ့ရှိသည်။ ရေလုပ်သားများအနေဖြင့်လည်း ငါးဖမ်းလှေများ၊ ပိုက်ကွန်များ ဆုံးရှုံးရလေ့ရှိသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကြီးမားလှပေသည်။

**ကြိုတင်ပြင်ဆင်ကာကွယ်ရေကြီးရေလျှံမှုအန္တရာယ်**


မျက်မှောက်ကမ္ဘာကြီးတွင် ဂေဟစနစ်ယိုယွင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တစ်ဦးတစ်ယောက်တည်းဖြင့် စွမ်းဆောင်နိုင်စွမ်းမရှိသဖြင့် ပြည်သူအားလုံးပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည်။ စင်စစ်အားဖြင့် နိုင်ငံအတွင်း မည်သည့်ဘေးအန္တရာယ်ကျရောက်လာသည်ဖြစ်စေ နိုင်ငံသူနိုင်ငံသားအားလုံး၏ တက်ညီလက်ညီ ကြိုတင်ပြင်ဆင်ထားမှုဖြင့်သာ ကျော်ဖြတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် ရေကြီးရေလျှံမှုသဘာဝဘေးအန္တရာယ်ကို ကြိုတင်ပြင်ဆင် ကာကွယ်ခြင်းဖြင့် ကျော်လွှားသွားနိုင်ပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၄-၇-၂၀၂၆ ရက်ထုတ်သတင်းစာများ။

# President of the Republic of the Union of Myanmar U Min Aung Hlaing addresses Union government meeting

# Review, analyze, and find solutions for what the current administration can implement across all sectors to ensure state stability and development



**President U Min Aung Hlaing delivers a speech at the Union Government meeting.**

**Nay Pyi Taw July 7**

A Union government meeting of the Republic of the Union of Myanmar took place at the Union government meeting hall of the Presidential Office in Nay Pyi Taw this afternoon, addressed by President U Min Aung Hlaing.

Also present at the meeting were Vice Presidents U Nyo Saw and Daw Nang Ni Ni Aye, union ministers, the Nay Pyi Taw Council chair, the chief of General Staff (Army, Navy and Air), and officials. Region/state chief ministers attended the meeting through video conferencing.

**National economic development calls for increase in exportable good production**

In his keynote address, the President said **the government is responsible for national development, and it must carry out this duty without fail, and this task calls for internal peace and stability.** It has been three months since the current administration took over the responsibilities of the State, and the committees, commissions of the respective sectors and the relevant ministries must assess their work progress monthly.

Economic development is the core of the country's progress. But the rising commodity prices have become the biggest challenge for the country, and its root causes are: imbalance between supply and demand, and the high production cost that is the result of fluctuations in currency value. In this regard, it is a must to boost domestic production as the exportable goods will be available only if there is production growth. This allows the country to use the foreign exchange it earns from exports to pay for imports. The country will be able to bring down the rising commodity prices to a certain level only if there is a balance between the State's income and expenditure. Hence, the ministries and the region/state governments should strive in all seriousness to boost production.

**Systematic supervision of the ministries concerned is required to raise exportable goods production**

The previous year saw a drop in agricultural exports due to a decrease in the export of the main crop, rice, and some other crops. Domestic entrepreneurs should invest more in agricultural production businesses to increase agro-exports through the production growth, while efforts should be made to raise export of rice, the country's main export item.

**Means should be sought to reduce fuel and edible oil imports**

**The correctness of the basic statistical data plays a vital role in adopting projects for national progress. Here, the basic statistics and data submitted for each sector must be accurate and reflect real-world conditions.** It is also necessary to review and implement the results of the short-term research programs, and long-term research programs without fail for achieving success. The country has to spend a lot of foreign exchange to import fuel and edible oil annually. So, means should be sought to reduce fuel and oil imports. In so doing, **coal-burn power stations, which can be run with locally produced coal, should be set up to reduce fuel consumption for electricity demand. Solar power plants can also do the same.** Hence, the relevant ministries and regions and states should implement coal-burn power and solar-power projects. **The State is also improving the railways, a public transport and mass freight transportation system, extending train schedules and upgrading rail tracks and trains.** Moreover, it is using battery-run locomotives, which are suitable with the country, and striving to further modernize the railway industry. In this way, the country will be able to reduce fuel imports to a certain degree, and the program will contribute in some way to the economic development of the country.

He stated that our country is a major rice-producing nation, and rice bran oil can be produced from the rice bran generated through milling processes. Therefore, to ensure domestic rice bran oil production, it is necessary to invite and facilitate investments from local ethnic entrepreneurs. Similarly, to mill and produce quality-assured oil, the State needs to provide support for milling with high-quality oil mills. To ensure self-sufficiency in domestic edible oil, efforts must be made to increase the production of primary oilseed crops, such as peanuts, sesame, sunflowers, soybeans, and oil palms. The State government must conduct agricultural research to improve the yield of oilseed crops, and the Chief Ministers of the respective regions and states need to closely supervise and provide the necessary encouragement and support for agricultural producers.

In conducting the necessary research for respective agricultural and livestock businesses, it is essential to perform research to improve production as well as to research the entire supply chain, from the production stage to the demands of domestic and foreign markets. No matter what kind of business is being carried out, success can only be achieved if research is conducted systematically. Therefore, it is necessary to mandatory carry out research activities according to the respective sectors.

**Conducting illegal trade is a loss for the State**

As there is high market demand in our neighboring countries for basic food items such as meat, fish, and kitchen crops, we can export and sell to those markets through border trade routes. However, full exportation cannot be achieved due to security restrictions along certain routes and areas. In conducting trading activities, it is necessary to ensure that they are legal trades and to systematically inspect, supervise, and control them, as conducting illegal trade is a loss for the State.

Throughout successive eras, smuggling goods into and out of the country has resulted in the loss of proper revenues for the State and has forced the public to consume substandard goods, while also leading to instances of corruption among staff. We must not tolerate the illegal trade of goods through illegal routes using illegally obtained funds. We must combat the economic market manipulation of unscrupulous, greedy individuals through legal trade. To boost the State economy, it is necessary to increase exports, and to achieve this, support must be given to increase production across respective ministries, regions, and states. Regarding security, efforts must be made to ensure that border trade gates can open as normal, and administrative officials also need to inspect and supervise operations to ensure they are systematic.

Encouraging the complete assembly and production of electric vehicles (EVs) domestically.

Regarding electric vehicles (EVs), if the complete assembly and production can be carried out from start to finish domestically instead of importing from abroad, employment opportunities and technologies can be acquired. Only when EV cars can be successfully produced from start to finish domestically will the public be able to utilize them in large numbers at low costs. Everyone needs to make concerted efforts to successfully produce EV cars from start to finish domestically.

**Children should be nurtured to excel academically while growing into disciplined, healthy, and well-rounded individuals**

Regarding education, he said that students and young people should be educated not only to achieve academic excellence but also to develop into well-rounded individuals. He stressed that all schools should meet established standards and provide an environment that promotes both academic learning and the overall development of children. In addition to classroom education, schools should have adequate playgrounds, libraries, and other essential facilities to help nurture healthy, physically fit, and knowledgeable students. **Children should not be taught solely with the aim of passing grades or achieving high marks. Instead, they should be nurtured to become disciplined, morally grounded, healthy, physically fit, and capable individuals with strong abilities, in addition to achieving academic excellence.** He noted that educational standards have declined significantly in some areas where PDF terrorists are active. Stressing that a strong educational foundation is essential for long-term success,

*See Page 13*

# Tatmadaw columns regain control of Kalewa-Yargyi-Monywa route temporarily held by terrorist insurgents; India-Myanmar bilateral trade flow and regional goods transport to resume without obstruction



**Security forces arriving in Kalewa town are warmly welcomed by departmental officials and local residents.**

**Nay Pyi Taw July 7**

The Tatmadaw is making relentless, round-the-clock efforts—day and night—to restore regional goods flow and resume regional development activities in areas where terrorist insurgents have temporarily taken control and are carrying out acts of sabotage. These efforts are focused on reopening towns and villages, border trade routes, and regional communication lines under the temporary control of terrorist insurgents, as well as ensuring the security and socio-economic well-being of local residents through necessary territorial security and regional stability operations.

In the course of these operations, the military has been working hand-in-hand with the public since June 2 to regain control and reopen the Kalewa-Yargyi-Monywa road section—a vital border trade route connecting Tamu-Kalewa to Kalewa-Monywa and extending onward to Mandalay in central Myanmar. As of today, that entire road section has been fully regained and reopened.

Military columns carried out phased territorial security operations, with preparatory regroupings, and successfully recaptured and secured a series of villages in sequence, beginning with Yaylekyun Village on June 2, followed by Kyauklongyitesu Village on June 3, Chaungma Village and Aung Mingala Village on June 6, Thityarpin Road Junction on June 7, Thityarpin Village on June 8, Winkone Village on June 9, Nyaungpinlay Village on June 11, Yargyi Village on June 13, Kunpinyay on June 15, Lapote Village on June 18, Sitlinchaung Village on June 21, and Htonegyi Village on June 22. By June 23, the columns had reached Kyaw Village, where they coordinated with local security forces to clear landmines that terrorist insurgents had maliciously planted along the stretch between Lapote and Kyaw villages, ensuring safe passage for local residents.

Continuing their accelerated security operations, military columns recaptured and secured Myayni Village on July 1, Sinpinthar Village on July 2, Minetayatesu Village on July 3, and Thaegyantesu Village on July 6. By the evening of today, July 7, they were able to link up with security forces stationed at Kalewa, fully regaining control over the entire Kalewa-Yargyi-Monywa communication route that had been temporarily held by terrorist insurgents. As a result, travel and connectivity have now been restored from Kalewa-Kalay-Phalam-Hakha-Thantlang, from Kalewa-Kalay-Tedim-Tonzang-Kyikha, and from Kalewa-Monywa-Myinmu-Sagaing-Mandalay. Goods transport vehicles and civilian travelers will now be able to pass through as normal, and India-Myanmar bilateral trade flow and regional goods transport can resume without obstruction.

Today, the arriving Tatmadaw columns were warmly welcomed by departmental officials and local residents with victory flowers and floral garlands in joyful celebration.

During their security operations along the route, military columns engaged in clashes with combined terrorist insurgent groups, recovering insurgent bodies, weapons, ammunition, and related equipment, and capturing villages that had been used as bases by the insurgents. The combined terrorist groups reportedly suffered heavy casualties and fled in disarray.

The Kalewa-Yargyi-Monywa route is 115 miles long, paved with asphalt, and is a critical link connecting the Tamu-Kalewa border trade route—essential for India-Myanmar bilateral trade—directly to the Monywa-Mandalay route. This makes it a fast, efficient, and time-saving corridor for goods movement.

By forcibly intimidating local residents, setting up camps in villages, and engaging in various destructive activities, the terrorist insurgents had cut off and blocked this communication route. This halted goods flow, causing soaring commodity prices and difficulties in exporting regional produce, while also depriving the area of the swift and convenient access to goods that border trade routes usually provide. As a result, local communities suffered significant socio-economic losses across multiple fronts.

Moreover, the insurgents had extorted taxes from cargo trucks and passenger vehicles, carried out kidnappings, arrests, and killings, burned and destroyed vehicles, illegally extracted the state's valuable above-ground and underground natural resources and timber, and smuggled restricted goods for their own profit. Their temporary blockade also resulted in substantial losses of state tax revenues, while the local population lived in great fear and insecurity, deprived of peace and stability.

With the military columns now having fully recaptured and secured the Kalewa-Yargyi-Monywa route—so vital to India-Myanmar trade and regional goods transport—regional goods flow will become swift and smooth again. The areas dependent on this route will see renewed development, and travel time between Kalay and Monywa will be significantly shortened. Local residents will regain their security and peace, be able to resume their own businesses, and restore educational opportunities for school-age children, healthcare services, and overall socio-economic development.

Military columns will continue to clear landmines planted by combined terrorist insurgent groups along the route and in villages, repair roads and bridges damaged by the insurgents to restore normal use, and carry out necessary reconstruction efforts with the participation of local residents. Ongoing territorial security operations will be maintained to ensure that local people can live and travel in peace and confidence.

100

---

*From Page 12*

he called for teaching and learning activities to be carried out systematically. He also underscored the importance of ensuring that students can study in a peaceful environment and acquire genuine knowledge and skills. He further urged regional and state-level ministers to diligently fulfill their responsibilities within their respective sectors and effectively carry out the duties entrusted to them in order to contribute to the development of their regions and the country.

The Union Ministers and the Chief Ministers of the Regions and States then presented reports and updates on their respective sectors.

**Need to make comprehensive efforts to promote national economic growth**

In his concluding remarks, the President said that, as Myanmar is a developing country with an agriculture-based economy, priority must be given to developing agro-based industries. He added that the growth of micro, small, and medium-sized enterprises (MSMEs), which form the country's most fundamental and practical manufacturing sector, should be accelerated.

He said that the national economy can also be strengthened through the effective promotion of the tourism sector. **To support tourism development, attention should be given not only to regional security, scenic attractions, and transportation, but also to accommodation, food services, and the provision of quality hospitality.** He added that locally produced traditional and cultural products should meet high quality standards, with improved packaging to enhance their value and appeal.

He said that Myanmar is endowed with abundant natural resources, including favorable land and water resources and plentiful aquatic products. By increasing the production and export of aquatic products, as well as upgrading, innovating, and manufacturing various products to meet international quality standards, the country can expand exports to markets with strong demand and contribute to national economic growth. He emphasized that the most important factor is to make genuine efforts and take effective action. Rather than exporting domestic raw materials in their basic form, he highlighted the need to add value through MSME businesses by producing and exporting high-quality finished goods, which would significantly contribute to the development of the national economy. **He also stressed the importance of learning from past experiences and continuously reviewing, analyzing, and finding solutions to improve development efforts during the period of assigned responsibilities.** He urged Chief Ministers of Regions and States, along with relevant officials, to work with dedication and goodwill and make comprehensive efforts to promote the development of their respective regions. The meeting was then concluded.

MNA

# Tatmadaw military columns eliminate so-called PDF terrorists using schools in villages in Chauk Township, Magway Region, as their bases



**Equipment and supplies seized by Tatmadaw columns from terrorist insurgents operating under the name of PDF.**



**A scene showing terrorist insurgents operating under the name of PDF using the school of Wingaba Village in Chauk Township as a temporary military camp.**

**Nay Pyi Taw July 7**

The government has been placing emphasis on enabling all school-aged children to go to school as high standards of education will accelerate the implementation of development tasks. Seeking their self-interests, so-called PDF terrorist insurgents, however, intimidated teachers, who teach students to distinguish between the right and the wrong and the good and the bad, in townships and villages in some regions and states, to become disloyal civil servants (DCS) under the threat of weapons, irrationally threatened to close schools and took positions in schools to use them as temporary military camps by building lines of communication and bunkers there.

In such moves, so-called PDF terrorist insurgents intimidated teachers in Chauk Township in Magway Region to become DCS under threat of weapons and took positions in schools in some villages to use them as temporary military camps, forcing some schools to close temporarily without continued opening.

As a result, Tatmadaw military columns have launched counter terrorism operations against the insurgents since 21 June, forcing them to withdraw with heavy casualties in disarray and seizing ammunition and equipment from them.

So-called PDF terrorist insurgents built communication lines and bunkers in houses and schools in villages in Chauk Township to use them as temporary military camps, not only undermining the right to education of school-aged children but also committing war crimes under the Geneva Conventions and the International Law by hindering high standards of education that contribute to regional development in one way or another and causing abhorrence of their acts among local residents.

Tatmadaw military columns will eliminate acts of terrorism committed irrationally by terrorist insurgents and take steps to reopen school as soon as possible and necessary security measures will be taken to reopen remaining schools and enable students in the area to study in peace of mind as quickly as possible in cooperation with the people. 100



**A documentary photo of terrorist insurgents operating under the name of PDF using villages and schools within Chauk Township as temporary military camps and planting landmines.**

# Japanese PM Takaichi criticized over parliamentary attendance, responses

**Tokyo July 7**

Japanese Prime Minister Sanae Takaichi has recently come under criticism over her attendance at parliamentary deliberations and her responses to lawmakers' questions, with critics accusing her of disregarding the Diet, Japan's parliament.

According to the Mainichi Shimbun, as of Monday, Takaichi had attended eight intensive Diet deliberations during the current parliamentary session, spending a total of 29 hours and 36 minutes -- roughly 40 percent of the average time logged by former prime ministers Yoshihide Suga, Fumio Kishida and Shigeru Ishiba over the past five years.

In addition, the ruling and opposition parties agreed in 2025 to hold a parliamentary debate among party leaders every month from April through June. Takaichi, however, has attended only one such debate this year, in May.

Opposition parties also pointed out in the Diet on Monday that the legislative process has slowed markedly in the current session.

During the three ordinary Diet sessions held between 2023 and 2025, nearly 98 percent of government-submitted bills were enacted. By contrast, with the current session nearing its end, only 73 percent of such bills had been passed.

Xinhua

# NATO summit opens in Ankara as new defense deals fuel militarization concerns

**Ankara July 7**

The NATO leaders' summit opened in the Turkish capital of Ankara on Tuesday with a Defense Industry Forum, unveiling major defense industry initiatives aimed at accelerating weapons production and procurement, amid growing concerns over the alliance's expanding militarization.

Marking its first inclusion in a NATO summit, the forum brought together senior NATO officials and representatives from major Western defense companies to discuss efforts to integrate military supply chains across member states.

At the event, NATO Secretary General Mark Rutte launched the Drone Edge Initiative aimed at strengthening counter-drone capabilities, saying member states would commit more than 40 billion U.S. dollars to the sector over the next five years.

He also unveiled a new Front Door platform designed to facilitate private defense companies' access to alliance contracts, and a 2.8-billion-dollar industrial cooperation initiative under which U.S. defense companies, including Lockheed Martin, could partner with European firms to produce U.S.-designed weapons, such as Abrams tanks and ATACMS missiles, in Europe.

Xinhua

# Open Letter to the UN Secretary- General (2)

**Dear Mr. Secretary-General of the United Nations,**

I have the honour to present my second open letter as a direct follow-up to my previous correspondence. In my first letter, I clearly pointed out the misguided actions of Ms. Julie Bishop, the UN Secretary-General's Special Envoy on Myanmar. This second communication directly addresses the United Nations regarding the critical issue of state representation. It serves as a letter of recommendation for the seating of a legitimate Permanent Representative to Myanmar.

Following the political transitions of 2021, the UN General Assembly's Credentials Committee suspended the delegation of power regarding Myanmar's representation. Consequently, Myanmar has been left without an official representative in formal UN bodies since 2021.


Although a formal replacement has not yet been accepted due to procedural actions within the Credentials Committee, Kyaw Moe Tun, who remains at the UN as an official fugitive, continues to represent the violent National Unity Government (NUG) in informal UN meetings and is actively executing policies aimed at destroying the nation's peace and stability.

Kyaw Moe Tun was originally appointed more than five years ago by the Previous (NLD) government, which subsequently fell due to widespread voter fraud. Because the administration that originally accredited him to the UN no longer exists, he can no longer be considered a legitimate state representative, acting instead as an agent for the exiled NUG.

The NUG is a terrorist group that violates state laws and practices a new style of terrorism that threatens the 21st-century global political scenario. Driven purely by political and personal interests, this group aims to destroy the entire country and its society rather than acting as a legitimate governing body. They systematically carry out targeted assassinations of civil servants, state workers who serve as the pillars of the state, and local ward and village administrators. Under their doctrine of "whoever does not support us is our enemy," they perpetrate extrajudicial killings of innocent civilians, mass bombings in public places, and the deliberate destruction of non-military infrastructure.

Most egregiously, the NUG's PDF terrorists, born from their policy of 'Utter Devastation,' deliberately target the education and healthcare sectors to create social chaos and demoralize the population. Turning a blind eye to this ongoing domestic violence, the fugitive Kyaw Moe Tun exploits the United Nations to frame legitimate counter-terrorism operations and the suppression of violent crime as oppression against the people. It is deeply disappointing that he manipulates unresolved procedural gaps within the Credentials Committee to speak at informal meetings as if he represents the country. This situation raises critical questions: **Is the UN Security Council devolving into a platform for supporters of terrorism? Is the United Nations Secretariat acting as an institutional enabler, facilitating the proliferation of a new form of global terrorism?**

**According to the Global Terrorism Index (GTI) published by the Global Terrorism Trends and Analysis Center, Myanmar has reached its highest level of violence in the region since 2022. The reason for this increase was explained in their 2022 GTI report, which stated that the main perpetrators of these violent acts were NUG founded terrorist groups such as the KNLA, KNDF and CDF, as well as the PDF group. However, due to pressure from some international organizations seeking to politically cover up their violent acts, the report retracted these statements, but the records of the statements at that time still remain. These indicators are strong evidence that the international community has designated the NUG as a terrorist organization.**





**The 2022 Violence Index Report, which part was retracted**

**The position of Ambassador to the United Nations is reserved strictly for civil servants submitted by a legitimate national government. Following his gross violations of civil service regulations, Kyaw Moe Tun was officially dismissed by the Ministry of Foreign Affairs. Having acted on behalf of an armed insurgent group targeting the state, his citizenship has been officially terminated, legally establishing his status as both a traitor and a fugitive.**

Furthermore, undeniable evidence of financial corruption has emerged involving over 2.6 million USD from the national treasury, which was deposited at the Bank of America for the use of the Myanmar Embassy in New York. These funds were stolen and used without clearing the accounts, despite originally being intended for embassy salaries, operational expenses, and Myanmar's annual contributions to the United Nations.

According to UN records, although Myanmar paid its annual assessed contributions in 2020, its payments fell into arrears from 2021 to 2026.




| | | | |
|---|---|---|---|
| 60 | Cambodia | 188,320 | 21-Apr-20 |
| 51 | Andorra | 140,266 | 24-Apr-20 |
| 52 | Albania | 224,427 | 28-Apr-20 |
| 53 | China | 336,780,502 | 1-May-20 |
| 54 | Mauritius | 308,587 | 7-May-20 |
| 55 | Republic of Moldova | 84,160 | 12-May-20 |
| 56 | Slovenia | 2,132,055 | 13-May-20 |
| 57 | Tonga | 28,053 | 26-May-20 |
| 58 | Cote d'Ivoire | 364,694 | 1-Jun-20 |
| 59 | Guyana | 56,107 | 1-Jun-20 |
| 60 | Myanmar | 280,534 | 1-Jun-20 |
| 61 | Botswana | 392,747 | 8-Jun-20 |
| 62 | Lao People's Democratic Republic | 140,266 | 9-Jun-20 |
| 63 | Saint Vincent and the Grenadines | 28,053 | 10-Jun-20 |
| 64 | Nicaragua | 140,266 | 11-Jun-20 |
| 65 | Gabon | 420,800 | 22-Jun-20 |
| 66 | Mali | 112,213 | 29-Jun-20 |

**A table shows Myanmar's Annual Contribution to the United Nations (UN) Membership Fee**


Reports indicate that the fugitive Kyaw Moe Tun claimed on social media to have made three separate payments for the annual assessed contributions since 2021: one from the existing national budget (i.e., $300,000) and two from NUG budgets (i.e., $600,000). In an effort to retain his UN voting rights, the outlaw Kyaw Moe Tun allegedly defrauded the NUG by falsely claiming the funds were required for official annual assessed contributions. Significantly, he misappropriated $2.6 million in national treasury funds deposited at the Bank of America for his own personal gain, as he has failed to provide a detailed accounting of these cash assets. It must be clearly stated that on the national stage, Kyaw Moe Tun is widely condemned, carrying a notorious reputation as a traitor, an outlaw, a fraudster, and a thief.

The current newly elected government of Myanmar stands ready to engage in constructive cooperation on the UN stage, pursuing every right of a full-fledged sovereign member of the organization, especially with the annual UNGA approaching soon. In strict adherence to Chapter 1, Article 2, Paragraph 1 of the United Nations Charter, Myanmar affirms that all nations possess inherent sovereign equality, and no external entity, including the United Nations itself, has the authority to intervene in the internal affairs of a sovereign state.

Myanmar and its citizens have suffered severe disadvantages because the post of Permanent Representative to the United Nations has remained vacant since 2021. This deprivation is directly attributable to the 2021 political transition.

In truth, the 2021 transition was precipitated not by a military coup but by the extraconstitutional and illicit maneuvers of political actors seeking to seize state power. Therefore, the Myanmar Military temporarily stepped in to exercise sovereign authority, acting in full compliance with the country's constitutional legal framework. Due to the reckless actions of political actors who opted to challenge national sovereignty through armed insurgency and terrorism instead of utilizing established political channels, public peace and state stability have been disrupted in various regions, undermining the future of the nation's youth. Notwithstanding these regional disruptions, the Myanmar Military, temporarily exercising sovereign authority, remained fully committed to its core mandate, namely the Three Main National Causes. In fulfillment of this commitment, it successfully executed a free and fair multiparty democratic general election in three distinct phases, reflecting the true will of the citizens of Myanmar.

The state administration established during the 2021 political transition has fulfilled its mandate by organizing the transparent, free and fair 2025–2026 general elections. Characterized by the highest standards of transparency and a complete absence of electoral irregularities, this voting process was fully observed and validated by international experts and observers.




**Infographic of Myanmar Multi-Party Democratic General Election**

Regarding Electoral legitimacy, the recent national election saw 57 political parties compete, including 40 parties formed under the previous democratic government, while the NLD chose to boycott registration. Some illegal groups labeling this election as sham simply because a single party abstained shows complete contempt for the millions of citizens who voted. Despite threats of violence intended to disrupt the election, over 13.12 million citizens cast their votes out of 24.22 million eligible voters, representing a turnout of 54.22 percent. Therefore, the current Myanmar government, having held the election in strict accordance with the democratic process and the existing constitution, stands as a genuine, elected administration.

Having secured the support and recognition of numerous nations, the newly elected government is advancing with significant momentum to strengthen cooperation with international partners and regional powers. These efforts are firmly directed toward enhancing diplomatic relations, maintaining regional peace and stability, and fostering sustainable development.

On the ground, personnel from various United Nations agencies continue to engage constructively with national authorities, maintaining mutual understanding to execute UN programs despite the protracted vacancy of Myanmar's permanent representative seat at UN headquarters. To facilitate this cooperation, Union Minister for Foreign Affairs U Tin Maung Swe met with UN representatives in Nay Pyi Taw on June 26 to discuss internal developments, future plans, and cooperation under a policy of political neutrality and non-interference. Rather than having representatives like Ms. Julie Bishop amplify political challenges under the guise of UN authority, Myanmar requires practical development assistance to build long-term resilience for its economy and people.

**Dear Mr. Secretary General,**

Under the United Nations Charter, the sovereignty of every nation is paramount and must be respected. Myanmar possesses a clear desire to continue working in multilateral cooperation with the United Nations with responsibility and accountability.

The time has come for the United Nations to formally acknowledge Myanmar's concerted efforts toward peace, stability, development, and the preservation of democracy. **The credentialing of a legitimate representative proposed by the state is imperative to ensure meaningful cooperation between Myanmar and the international community, including the United Nations itself.**

**It remains utterly unacceptable that an unlawful individual, a fugitive and a thief stripped of all legal standing, is permitted to exploit informal UN platforms to act as a spokesperson for terrorist entities.** On behalf of the citizens who desire peace and stability, I urge the United Nations to address this issue immediately, uphold the principle of equal opportunity for all member states, and reinstate the official, accredited Ambassador and Permanent Representative ofMyanmar.

It is my sincere belief that the credibility and reputation of the United Nations will be profoundly reinforced when the principle of sovereign equality for all member states is strictly observed, and the inherent rights of sovereign nations are respected in full compliance with the UN Charter.

**Min Khant**




ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

**လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် စက်သုံးဆီသုံးစွဲမှုများကို လျှော့ချနိုင်ရန် ပြည်ပမှတင်သွင်းရန်မလိုသည့် ကျောက်မီးသွေးကိုအသုံးပြု၍ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားကိုထုတ်လုပ်နိုင်သကဲ့သို့ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်နိုင်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လို . . .**

ရှေ့ဖုံးမှအဆက်

**တည်ငြိမ်အေးချမ်းမှုလည်း** လိုအပ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ နိုင်ငံတော်တာဝန်ယူဆောင်ရွက်သည်မှာ သုံးလတာကာလအတွင်းသို့ရောက်ရှိလာပြီးဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ဖွဲ့စည်းထားသည့် ကော်မတီများ၊ ကော်မရှင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများတိုးတက်မှုအခြေအနေများကို လစဉ်ဆန်းစစ်သုံးသပ်ဆောင်ရွက်နေရန်လိုကြောင်း။

နိုင်ငံဖွံ့ဖြိုးရေးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်အရေးကြီးပြီး မိမိတို့အတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ ကုန်ဈေးနှုန်းများကြီးမြင့်ခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာလည်း ရောင်းလိုအားနှင့်ဝယ်လိုအားများ မမျှတခြင်းနှင့် ကုန်ထုတ်လုပ်မှုစရိတ်မြင့်မားခြင်းများကြောင့်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုစရိတ် ကြီးမြင့်ရခြင်းသည်လည်း ငွေကြေးတန်ဖိုးပြောင်းလဲမှုများကြောင့်ဖြစ်သည့် အကျိုးဆက်များကြောင့်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့်ပြည်တွင်းကုန်ထုတ်လုပ်မှုမြင့်မားစေရေးအတွက် ဆောင်ရွက်ရန်မဖြစ်မနေလိုအပ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ တိုးတက်များပြားလာမှသာ ပို့ကုန်ပစ္စည်းများရရှိပြီး ထိုမှတစ်ဆင့်ရရှိသည့် နိုင်ငံခြားငွေများဖြင့် သွင်းကုန်များကိုတင်သွင်းနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ဝင်ငွေနှင့်ထွက်ငွေများမျှတနေမှသာ ကုန်ဈေးနှုန်းကြီးမြင့်မှုကို အထိုက်အလျောက်လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများမြင့်မားလာစေရေး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အလေးထားကြိုးပမ်းဆောင်ရွက်သွား ကြရန်လိုကြောင်း။

**ပို့ကုန်များအရေအတွက် များများထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊** ပြီးခဲ့သည့်နှစ်အတွင်း စိုက်ပျိုးရေးပို့ကုန်များ ပြည်ပသို့တင်ပို့နိုင်မှု လျော့နည်းခဲ့ကြောင်း၊ အဓိကသီးနှံဖြစ်သည့် ဆန်တင်ပို့မှုလျော့နည်းခဲ့သကဲ့သို့ အခြားစိုက်ပျိုးသီးနှံအချို့တင်ပို့နိုင်မှုလျော့နည်းခဲ့ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးပို့ကုန်များ အရေအတွက်များများထုတ်လုပ်တင်ပို့နိုင်ရေး ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများတွင် ပိုမိုပါဝင်ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားကြရန်နှင့် မိမိတို့နိုင်ငံ၏အဓိကပို့ကုန်သီးနှံဖြစ်သည့် ဆန်တင်ပို့မှုကို ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန်လိုကြောင်း။

### စက်သုံးဆီနှင့်စားသုံးဆီများ ပြည်ပမှတင်သွင်းမှုနှင့် သုံးစွဲမှုလျှော့ချနိုင်ရေး နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားကြရန်လို

နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် **စီမံကိန်းများနှင့် စီမံချက်များချမှတ်ရာတွင် အခြေခံကိန်းဂဏန်း အချက်အလက်များသည် အဓိကကျကြောင်း၊** သို့ဖြစ်၍ **သက်ဆိုင်ရာကဏ္ဍများအလိုက်တင်ပြသည့် ကိန်းဂဏန်းအချက်အလက်များသည် မြေပြင်နှင့် ကိုက်ညီမှုရှိရန်နှင့် မှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်း၊** အလားတူလုပ်ငန်းများ အောင်မြင်မှုရှိစေရေးအတွက် ကာလတိုဆောင်ရွက်ခဲ့သည့် သုတေသနများနှင့် ကာလရှည်ဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းများကိုလည်း မဖြစ်မနေသုံးသပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သွင်းကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် စက်သုံးဆီနှင့်စားသုံးဆီများကို နှစ်စဉ်ပြည်ပမှ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများ များစွာသုံးစွဲရလျက်ရှိကြောင်း၊ **စက်သုံးဆီနှင့် စားသုံးဆီများကို တင်သွင်းမှုလျှော့ချနိုင်ရန်အတွက် နည်းလမ်းများရှာဖွေဆောင်ရွက်သွားကြရန်လိုကြောင်း၊** ထိုသို့ဆောင်ရွက်ရာတွင် **လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် စက်သုံးဆီသုံးစွဲမှုများကို လျှော့ချနိုင်ရန် ပြည်ပမှတင်သွင်းရန်မလိုသည့် ကျောက်မီးသွေးကိုအသုံးပြု၍ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံများတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်သကဲ့သို့ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကိုလည်းဆောင်ရွက်နိုင်သဖြင့်** သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ **သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်သုံးဆီသုံးစွဲမှုလျှော့ချနိုင်ရန်အတွက် အများပြည်သူသယ်ယူပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်သည့် မီးရထားခရီးစဉ်များပိုမိုတိုးချဲ့ပြေးဆွဲခြင်း၊ ရထားလမ်းများနှင့် မီးရထားများ အဆင့်မြှင့်တင်ခြင်းများကို နိုင်ငံတော်ကဆောင်ရွက်ပေးလျက်ရှိကြောင်း၊** အလားတူ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေနှင့်ကိုက်ညီသည့် ဘက်ထရီစနစ်သုံးရထားစက်ခေါင်းများကို တပ်ဆင်ထုတ်လုပ်အသုံးပြုလျက်ရှိပြီး ထပ်မံ၍လည်း ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ပမှ စက်သုံးဆီတင်သွင်းနေရမှုများကို အထိုက်အလျောက်လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံစီးပွားတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း။

**မိမိတို့နိုင်ငံသည် စပါးကိုအဓိကစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံတစ်ခုဖြစ်ပြီး ဆန်စပါးကြိတ်ခွဲမှုများမှထွက်ရှိလာသည့် ဖွဲနုများမှ ဖွဲနုဆီများကို ထုတ်လုပ်ရရှိနိုင်**ကြောင်း၊ ထို့ကြောင့် **ပြည်တွင်းဖွဲနုဆီများ ထုတ်လုပ်နိုင်ရေးအတွက်လည်း ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်သွားရန်လို**ကြောင်း၊ အလားတူ အရည်အသွေးပြည့်မီသည့် ဆီများကြိတ်ခွဲထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးကောင်းမွန်သည့် ဆီစက်များဖြင့်ကြိတ်ခွဲနိုင်ရေး နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းစားသုံးဆီများဖူလုံမှုရှိစေရေး အဓိကဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ဆီအုန်းစသည့်ဆီထွက်သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆီထွက်သီးနှံများအထွက်နှုန်းတိုးတက်လာစေရေး စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးသွားကြရမည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းရှင်များအတွက် လိုအပ်သည့်အားပေးကူညီပံ့ပိုးမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အနီးကပ်ကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း။

သက်ဆိုင်ရာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်သုတေသနလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်ရေးလုပ်ငန်းတိုးတက်အောင် သုတေသနပြုလုပ်ရန်လိုအပ်သကဲ့သို့ ထုတ်လုပ်သည်မှ ပြည်တွင်း၊ ပြည်ပ ဈေးကွက်လိုအပ်ချက်များထိ (Supply Chain) တစ်ခုလုံးကိုသုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ သုတေသနပြုခြင်းကို စနစ်တကျဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာကဏ္ဍအလိုက် သုတေသနလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်သွားကြရန်လိုကြောင်း။

### တရားမဝင် ကုန်သွယ်မှုများ လုပ်ဆောင်ခြင်းသည် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုတစ်ခုပင်ဖြစ်

မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် အခြေခံစားကုန်များဖြစ်သည့် အသား၊ ငါးနှင့် မီးဖိုချောင်သုံးသီးနှံများကို ဈေးကွက်လိုအပ်ချက်များ အများအပြားရှိနေကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် အဆိုပါဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ကြောင်း၊ သို့သော်လည်း အချို့သောလမ်းကြောင်းများနှင့်ဒေသများ၌ လုံခြုံရေးဆိုင်ရာကန့်သတ်ချက်များကြောင့် အပြည့်အဝတင်ပို့နိုင်ခြင်းမရှိကြောင်း၊ **ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း တရားဝင်ကုန်သွယ်မှုများဖြစ်ရန်နှင့် စနစ်တကျစစ်ဆေးကြပ်မတ်ကွပ်ကဲသွားရန်လိုပြီး တရားမဝင်ကုန်သွယ်မှုများလုပ်ဆောင်ခြင်းသည် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုတစ်ခုပင်ဖြစ်**ကြောင်း၊ ခေတ်အဆက်ဆက်တွင်လည်း ကုန်ပစ္စည်းများကို မှောင်ခိုသွင်းခြင်း၊ တင်ပို့ခြင်းများလုပ်ဆောင်ခဲ့ကြခြင်းကြောင့် နိုင်ငံတော်အတွက် ထိုက်သင့်သည့် အခွန်အခများမရရှိခြင်း၊ အရည်အသွေးပြည့်မီမှုမရှိသည့်ကုန်ပစ္စည်းများကို ပြည်သူများသုံးစွဲနေကြရခြင်းတို့ကိုကြုံတွေ့ခဲ့ကြရသကဲ့သို့ ဝန်ထမ်းများအနေဖြင့်လည်း အဂတိမှုများကို ကျူးလွန်ခဲ့ကြသည်ကိုတွေ့မြင်ရကြောင်း၊ **ကုန်ပစ္စည်းများကိုတရားမဝင်ရရှိထားသည့် ငွေကြေးများဖြင့် တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ကုန်သွယ်မှုပြုနေခြင်းကို မိမိတို့အနေဖြင့် လက်ခံ၍ရမည်မဟုတ်**ကြောင်း၊ ဝိသမလောဘသမားများ၏ စီးပွားရေးအရ ဈေးကွက်ကစားနေမှုများကို မိမိတို့အနေဖြင့် တရားဝင်ကုန်သွယ်မှုဖြင့် တိုက်ဖျက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပို့ကုန်တိုးမြှင့်ရန်လိုပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌ ကုန်ထုတ်လုပ်မှုများ တိုးမြှင့်လာအောင် အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာအရလည်း နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပုံမှန်အတိုင်း ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကလည်း လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျဖြစ်စေရေး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားကြရန်လိုကြောင်း။

### လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ် EV ကားများကို ပြည်တွင်း၌ အလုံးစုံတပ်ဆင်ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်

**လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ် EV ကားများနှင့်ပတ်သက်၍ ပြည်ပမှ တင်သွင်းခြင်းအစား ပြည်တွင်း၌ အစမှအဆုံး အလုံးစုံတပ်ဆင်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်သွားနိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာများရရှိနိုင်မည်**ဖြစ်ကြောင်း၊ EV ကားများကို ပြည်တွင်း၌ အစမှအဆုံးအောင်မြင်အောင် ထုတ်လုပ်နိုင်မှသာလျှင် ပြည်သူများကုန်ကျစရိတ်သက်သာစွာဖြင့် အရေအတွက်များများ သုံးစွဲသွားနိုင်မည်ဖြစ်ကြောင်း၊ EV ကားများကို ပြည်တွင်း၌ပင် အစမှအဆုံး အောင်မြင်စွာထုတ်လုပ်နိုင်ရေး အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

### ပညာရေးထူးချွန်မှုအပြင် စည်းကမ်းစနစ်တကျရှိပြီး အခြေခံစိတ်ဓာတ်ကောင်းမွန်သည့်၊ ကျန်းမာကြံ့ခိုင်သည့် စွမ်းရည်စွမ်းအားရှိသည့် ကလေးငယ်များအဖြစ် ပြုစုပျိုးထောင်ပေးသွားကြရန်လို

ပညာရေးနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူလူငယ်အားလုံးကို ပညာရေးပိုင်းသာမက ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်အောင်လည်း သင်ကြားပြသပေးရန်လိုကြောင်း၊ ကျောင်းများအားလုံးအနေဖြင့် စံကိုက်သတ်မှတ်ချက်များနှင့်အညီဖြစ်ရန်လိုပြီး စာပေပိုင်းဆိုင်ရာသာမက ကျန်းမာ

ကြွံ့ခိုင်သည့် ကလေးငယ်များဖြစ်စေရေး၊ သုတရသ အသိအမြင်နှင့်ပြည့်စုံသည့် ကလေးငယ်များဖြစ်စေရေးအတွက်လည်း အားကစားကွင်းများ၊ စာကြည့်တိုက်များ အပြင် အခြားအခြေခံလိုအပ်ချက်များပြည့်မီ နေရန်လိုကြောင်း၊ **ကလေးငယ်များကို အတန်းအောင်၊ အမှတ်ကောင်းစေရေး အတွက်သာ ဦးတည်သင်ကြားပေးခြင်းမျိုး မဖြစ်စေလိုဘဲ ပညာရေးထူးချွန်မှုအပြင် စည်းကမ်းစနစ်တကျရှိပြီး အခြေခံစိတ်ဓာတ် ကောင်းမွန်သည့်၊ ကျန်းမာကြံ့ခိုင်သည့်၊ စွမ်းရည်စွမ်းအားရှိသည့် ကလေးငယ်များ အဖြစ် ပြုစုပျိုးထောင်ပေးသွားကြရန်လို**ကြောင်း၊ PDF အမည်ခံအကြမ်းဖက်သမား များလှုပ်ရှားလျက်ရှိသည့် အချို့ဒေသများ တွင် ပညာရေးပိုင်းဆိုင်ရာများ၌ ယခင်က ထက်သိသိသာသာ အားနည်းလာသည်ကို တွေ့ရှိရကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အစကောင်းမှ အနှောင်းသေချာမည်ဖြစ် သဖြင့် သင်ကြားရေးပိုင်းဆိုင်ရာများကိုလည်း စနစ်တကျ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး၊ အမှန်တကယ်တတ်မြောက်မှုရှိစေရေးဆောင် ရွက်ပေးသွားကြရန်လိုကြောင်း၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်အဆင့်ဝန်ကြီးများအနေဖြင့် လည်း မိမိတို့ဦးဆောင်ဦးရွက်ပြုကြရသည့် ကဏ္ဍများအလိုက် အမှန်တကယ်အလုပ်လုပ် ကြရန်လိုပြီး မိမိတို့အား ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်း ဖြင့် ဒေသနှင့် နိုင်ငံအကျိုးကို ထိထိရောက် ရောက်ဖော်ဆောင်ပေးသွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

**ပြည်တွင်းစားသုံးဆီများဖူလုံမှုရှိစေရေး အဓိကဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ဆီအုန်း စသည့်ဆီထွက်သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လို . . .**

**ကျောင်းများအားလုံးအနေဖြင့် စံကိုက်သတ်မှတ်ချက်များနှင့်အညီဖြစ်ရန်လိုပြီး စာပေ ပိုင်းဆိုင်ရာသာမက ကျန်းမာကြံ့ခိုင်သည့် ကလေးငယ်များဖြစ်စေရေး၊ သုတရသအသိအမြင် နှင့်ပြည့်စုံသည့် ကလေးငယ်များဖြစ်စေရေးအတွက်လည်း အားကစားကွင်းများ၊ စာကြည့် တိုက်များအပြင် အခြားအခြေခံလိုအပ်ချက်များပြည့်မီနေရန်လို . . .**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ က သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေး တင်ပြကြသည်။

### နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားကြရန်လို

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံး ချုပ်အမှာစကားပြောကြားရာ၌ နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေး ကို ဆောင်ရွက်လျက်ရှိသည့် နိုင်ငံဖြစ် သဖြင့် Agro-Based Industry ကိုမဖြစ်မနေ ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်အတွက် အခြေခံအကျဆုံးနှင့် အဖြစ်နိုင်ဆုံး ကုန်ထုတ်လုပ်ငန်းတစ်ခုဖြစ် သည့် MSME ကုန်ထုတ်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း။

အလားတူ ခရီးသွားကဏ္ဍမြှင့်တင်ရေး လုပ်ငန်းများကို ထိထိရောက်ရောက်ဆောင် ရွက်နိုင်ခြင်းဖြင့်လည်း နိုင်ငံ့စီးပွားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ **ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော် ဆောင်ရာတွင် ဒေသအလိုက် လုံခြုံရေး၊ သာယာလှပရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ ကောင်းမွန်ရုံသာမက စားသောက်နေထိုင်မှု နှင့် ဝန်ဆောင်မှုကောင်းများပေးနိုင်ရေးတို့ ကိုပါ ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားဆောင် ရွက်သွားကြရန်လို**ကြောင်း၊ ဒေသအလိုက် ထုတ်လုပ်လျက်ရှိသည့် ရိုးရာယဉ်ကျေးမှု ဆိုင်ရာနှင့် ဒေသထုတ်ကုန်ပစ္စည်းများသည် လည်း အရည်အသွေးမြင့်ကုန်ပစ္စည်းများဖြစ် ရန်လိုပြီး ထုပ်ပိုးမှုမှအစ အရည်အသွေး ကောင်းမွန်ပြီး အဆင့်အတန်းမြင့်မားရန် လိုကြောင်း။

**ပြည်တွင်းထုတ်ကုန်၊ ထွက်ကုန်ပစ္စည်းများကို ကုန်ကြမ်းအဆင့်ဖြင့် တင်ပို့ခြင်းမပြုဘဲ MSME လုပ်ငန်းများမှတစ်ဆင့် အရည်အသွေးမြင့်ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ် တင်ပို့ခြင်းဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးကို များစွာအကျိုးဖြစ်စေနိုင်မည်ဖြစ်၍ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် ယခင်ကနိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ် ဖြစ်ရပ်များအပေါ်သင်ခန်းစာယူ၍ မိမိတို့တာဝန်ယူထားရသည့်ကာလအတွင်း မည်ကဲ့သို့ ကောင်းအောင်ဆောင်ရွက်သွားနိုင်သည်များကို အမြဲလေ့လာသုံးသပ်ဆန်းစစ်အဖြေရှာ ဆောင်ရွက်သွားကြရန်လို . . .**

မိမိတို့နိုင်ငံအနေဖြင့် သဘာဝကပေးထား သည့် ရေခံမြေခံကောင်းများစွာကို ပိုင်ဆိုင် ထားရှိပြီး ရေထွက်ပစ္စည်းများကိုလည်း ပေါကြွယ်ဝစွာ ပိုင်ဆိုင်ထားရှိကြောင်း၊ သို့ဖြစ်၍ ရေထွက်ပစ္စည်းများပိုမိုထုတ်လုပ် တင်ပို့ခြင်းများအပါအဝင် အခြားထုတ်ကုန် ပစ္စည်းအမျိုးမျိုးတို့ကိုလည်း အရည်အသွေး ပြည့်မီစွာဖြင့် အဆင့်မြှင့်တင်ဆန်းသစ် ထုတ်လုပ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် နိုင်ငံများသို့ တင်ပို့ခြင်းဖြင့် နိုင်ငံ့စီးပွားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ အဓိကလိုအပ် သည်မှာ အမှန်တကယ်အလုပ်လုပ်ကြရန် သာဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်၊ ထွက် ကုန်ပစ္စည်းများကို ကုန်ကြမ်းအဆင့်ဖြင့် တင်ပို့ခြင်းမပြုဘဲ MSME လုပ်ငန်းများမှ တစ်ဆင့် အရည်အသွေးမြင့်ထုတ်ကုန်ပစ္စည်း များအဖြစ် ထုတ်လုပ်တင်ပို့ခြင်းဖြင့် နိုင်ငံ့ စီးပွားတိုးတက်ရေးကို များစွာအကျိုးဖြစ်စေ နိုင်မည်ဖြစ်ကြောင်း၊ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက်ဆောင်ရွက်ရာတွင် ယခင်က နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ် များအပေါ်သင်ခန်းစာယူ၍ မိမိတို့တာဝန် ယူထားရသည့်ကာလအတွင်း မည်ကဲ့သို့ ကောင်းအောင်ဆောင်ရွက်သွားနိုင်သည်များ ကို အမြဲလေ့လာသုံးသပ်ဆန်းစစ်အဖြေရှာ ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ တိုင်း ဒေသကြီးနှင့်ပြည်နယ်များအလိုက် ဝန်ကြီး ချုပ်များ၊ တာဝန်ရှိသူများအနေဖြင့်လည်း မိမိ တို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ် ကောင်းစေတနာကောင်းများဖြင့် ဘက်ပေါင်း စုံမှ ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြ ရန်လိုကြောင်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

PPIB News

# နယ်စပ်ရေးရာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၇

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုး ပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ရုံးဧရိယာအတွင်း ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးဖုန်းမြတ်က အဖွင့်အမှာစကား ပြောကြား၍ မဟော်ဂနီပင်ကို ဦးဆောင် စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များ စုစုပေါင်း အပင် ၁၆၀ စိုက်ပျိုးနေမှုကိုကြည့်ရှု အားပေးသည်။

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံး၊ ကျောင်းများတွင်လည်း ၂၀၂၆ ခုနှစ် ပထမ အကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်တည်းကျင်းပ၍ ရတနာတန်းဝင်ပင် များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များ၊ ပန်းအလှပင်နှင့် သီးပင်စားပင်များကို စုပေါင်း စိုက်ပျိုးခဲ့ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီး ဌာနအနေဖြင့် ယနေ့တွင် သစ်ပင်ပေါင်း ၆၄၁၉ ပင် စိုက်ပျိုးခဲ့ပြီး ရှင်သန်အောင်မြင် ဖြစ်ထွန်းရေးအတွက် ဆက်လက်ထိန်းသိမ်း ပြုစု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**❍ ယင်းမာပင်မြို့နယ်မှ**

လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်း မွန်ဖို့၊ ပိုးမွှားရောဂါကင်းစင်ဖို့ ဆောင်ရွက် ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုး ကြသလို သီးထပ်သီးညှပ်အနေနဲ့လဲစိုက်ပျိုး ကြပါတယ်”ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်က ပြောသည်။

ယင်းမာပင်မြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုး ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှား အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊အထွက်နှုန်းကောင်းမွန် ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင် သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝ များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့် ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

## ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေး သည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ် ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများ တပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံ ပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာ ဖြုတ်၍မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

## အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံ၏အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေး

နေပြည်တော် ဇူလိုင် ၇

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၃ ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၇၅ ရာခိုင်နှုန်း ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သော အချက်များနှင့်စပ်လျဉ်းသည့် သဝဏ်လွှာကို လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အစည်းအဝေးပဉ္စမနေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီးဖြစ်သည့် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Joint Coordinating Committee on Parliamentary Development-JCC)တွင် ပါဝင်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်ဦးရေနှင့် ၎င်းတို့၏အမည်စာရင်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ဖွဲ့စည်းကြောင်း ကြေညာသည်။

ဆက်လက်၍ ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့် တင်သွင်းသည့် **“အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူရည်တူရှိမှုကို ထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိုစွက်ဖက်ခြင်း မပြုရန်ဟူသော အာဆီယံ၏အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိ နိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန်”** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကျွန်းလှမဲဆန္ဒနယ်မှ ဦးစိုးကျော်နိုင်က ၂၀၂၁ ခုနှစ် ဧပြီ ၂၄ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပသည့် အစည်းအဝေးတွင် အာဆီယံအနေဖြင့် မြန်မာ့အရေးကို အဖွဲ့ဝင်နိုင်ငံများအား



ကြိုတင်ချပြညှိနှိုင်းခြင်းမပြုဘဲ အစည်းအဝေးပြီးမှသာ ဥက္ကဋ္ဌ၏ကြေညာချက်နောက်ဆက်တွဲအဖြစ် အာဆီယံထုတ်ပြန်ချက် ငါးရပ်ဆိုပြီး ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံအပေါ် မရိုးသားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ကမ္ဘာ့နိုင်ငံအများစုက အသိအမှတ်မပြုအောင်၊ အရေးယူပိတ်ဆို့မှုများဖြစ်အောင် အာဆီယံက UN အစည်းအဝေးတွင် ဖိအားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ဆောင်ရွက်မှုများကြောင့် စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားမှု၊ ဘုံသဘောတူညီချက်များကို လိုက်နာမှု စသည့် အာဆီယံ၏ အစဉ်အလာကောင်းများကို မျက်ကွယ်ပြုကာ ဆောင်ရွက်ခဲ့သည်ကို ဝမ်းနည်းဖွယ် တွေ့ကြုံခဲ့ရပါကြောင်း၊ ယင်းသို့ဆောင်ရွက်ချက်များကြောင့် အစိုးရကိုဆန့်ကျင်သည့် အဖွဲ့များအတွက် မျှော်လင့်ချက်ဖြစ်စေပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတွင်း၌ အကြမ်းဖက်မှု၊ ဆူပူမှုများ ပိုမိုကြီးထွားလာပြီး ပိုမိုပျက်စီးစေခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ စီးပွားရေး၊ စစ်ရေး၊ အန္တရာယ်အများဆုံးနှင့် နိုင်ငံ၏ ရေစီးကြောင်းအကြမ်းဆုံးအချိန်၊ လှိုင်းကြီးလေထန်ရေစီးသန်လည်း အားမာန်မလျော့ ဖွဲ့မလျော့ဘဲ အသိသတိကြီးမားစွာနှင့် နိုင်ငံကို ပြိုလဲမသွားအောင် နိုင်ငံ့အကြီးအကဲများ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည့် နိုင်ငံတော်၏ ခက်မသုံးဖြာ အာဏာကြီးသုံးရပ်ကို ပိုင်းခြားကျင့်သုံး၍ စီမံအုပ်ချုပ်နေကြပြီဖြစ်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက် ငါးရပ်ကို ပြန်လည်သုံးသပ်သင့်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်းက မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းသည် ပြည်တွင်းရေးသက်သက်မဟုတ်ဘဲ ဒေသတွင်းတည်ငြိမ်ရေး၊ လူသားချင်းစာနာမှုဆိုင်ရာ ဒုက္ခသည်ပြဿနာ(တိုက်ပွဲရှောင်များ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်မှု)နှင့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများကို ရိုက်ခတ်လာသည်ဟုဆိုကာ အာဆီယံထုတ်ပြန်ချက် ငါးရပ်ကိုချမှတ်ပြီး ပြည်တွင်းရေးတွင် ကြားဝင်ကိုင်တွယ်စွက်ဖက်သည့် ပုံစံမျိုးကျော်လွန်ကာ လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အာဆီယံပဋိညာဉ်စာချုပ် အခန်း(၇) ပုဒ်မ(၂၀) (က) အာဆီယံ၏ အခြေခံလုပ်ထုံးလုပ်နည်းအရ ဆုံးဖြတ်ချက်အားလုံးကို အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံလုံး၏ “တူညီဆန္ဒ (Consensus)”ဖြင့်သာ ချမှတ်ရမည်ဖြစ်ပါကြောင်း။

ယခုအခါ မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေသော်လည်း အာဆီယံနိုင်ငံများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစိုးရကို လေးစားမှုရှိရန်လိုအပ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစွက်ဖက်နှောင့်ယှက်နေမှုများအပေါ် ပြန်လည်သုံးသပ်ပြီး အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေမှန်များ၊ နိုင်ငံတော်၏ဥပဒေကြောင်းအရ ရပ်တည်ချက်များနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ပြင်ပဖိအားများအပေါ် အခြေခံကာ ချမှတ်ခဲ့ခြင်းမျိုးဖြစ်နေသည်ကို စိတ်မကောင်းစရာတွေ့ရှိရပါကြောင်း။

ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမူများ အပိုဒ်(၂) အပိုဒ်ခွဲ (၁) ၌ “ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးမှာ အချုပ်အခြာအရာ၌ တူညီကြသည်ဟူသောမူပေါ်တွင် အခြေခံ၍ဟု”လည်းကောင်း၊ အပိုဒ်ခွဲ(၇)တွင်လည်း “နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းစီရင်ပိုင်ခွင့်အာဏာအတွင်း၌ သက်ရောက်သောကိစ္စများတွင် ဝင်ရောက်စွက်ဖက်ရန် အခွင့်အာဏာမရှိစေရ”ဟု ဖော်ပြထားချက်များနှင့်လည်း ကိုက်ညီမှုမရှိ ကျော်လွန်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁)တွင် ပြဋ္ဌာန်းထားသည့် “မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံဖြစ်သည်”၊ “ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏အမြင့်ဆုံးတရားရုံးဖြစ်သည်”ဆိုသည့် ဥပဒေပြဋ္ဌာန်းချက်များကို ကျော်လွန်ဆောင်ရွက်နေသည်ကို အထင်အရှားတွေ့မြင်ရမည်ဖြစ်ပါကြောင်း။

မြန်မာ့အရေးကို မြန်မာနိုင်ငံသား၊ မြန်မာနိုင်ငံအစိုးရကသာ ဦးဆောင်ဖြေရှင်းမည်ဟူသော ရပ်တည်ချက်ကို အာဆီယံက သိရှိနိုင်စေရေးကိုရည်ရွယ်လျက် အဆိုကို လေးနက်စွာ ထောက်ခံဆွေးနွေးသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်းက အာဆီယံကို ၁၉၆၇ ခုနှစ်တွင် စတင်တည်ထောင်စဉ်ကတည်းက အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားခြင်း၊ ပြည်တွင်းရေးကို မစွက်ဖက်ခြင်း၊ တန်းတူညီမျှမှုနှင့် တူညီဆန္ဒအခြေခံဆုံးဖြတ်ခြင်းတို့ကို အာဆီယံအဖွဲ့၏ မူလအခြေခံစံနှုန်းများအဖြစ် သတ်မှတ်ခဲ့ပါကြောင်း။

အာဆီယံ၏ အခြေခံမူများနှင့် တန်းတူညီမျှမှုသည် အဖွဲ့ဝင်နိုင်ငံအားလုံးကို အချုပ်အခြာအာဏာ တန်းတူညီမျှသော နိုင်ငံများအဖြစ် အသိအမှတ်ပြုပြီး တန်းတူအခွင့်အရေးနှင့် တန်းတူတာဝန်များကို အာမခံထားသော မူလအခြေခံစံနှုန်းများပင်ဖြစ်ပါကြောင်း၊ သို့ရာတွင် အာဆီယံ ASEAN Five-Point Statement သည် မြန်မာနိုင်ငံအတွက် သီးခြားသတ်မှတ်ထားသော နိုင်ငံရေးဆိုင်ရာလုပ်ဆောင်ချက်များကို အလေးပေးထားခြင်းကြောင့် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စရပ်များအပေါ် အာဆီယံက တိုက်ရိုက်သက်ရောက်စေရန် ကြိုးပမ်းသည့် သဘောဆောင်လာပါကြောင်း၊ ယခုအချက်သည် အာဆီယံပဋိညာဉ် အပိုင်း(၂)တွင် ဖော်ပြထားသည့် ပြည်တွင်းရေးမစွက်ဖက်မှုမူနှင့် တန်းတူညီမျှမှုမူတို့အပေါ် မေးခွန်းထုတ်စရာဖြစ်လာစေပါကြောင်း။

လက်ရှိ မြန်မာနိုင်ငံ၏အခြေအနေသည် ၂၀၂၁ ခုနှစ်ကာလနှင့် အခြေအနေချင်းများစွာကွာခြားလျက်ရှိသည် ဟူသော မြေပြင်ပကတိစိစစ်ချက်ကို အာဆီယံက သိမြင်လက်ခံရန် တိုက်တွန်းလိုပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် လွှတ်တော်သည် မြန်မာပြည်သူတို့၏ဆန္ဒအရ ပေါ်ပေါက်လာခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ လက်ရှိပကတိ နိုင်ငံရေးအခြေအနေမှန်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံရှိ မဲဆန္ဒရှင်ပြည်သူများ၏ နိုင်ငံရေးပါဝင်မှုကို အပြုသဘောဖြင့် အသိအမှတ်ပြု၍ လေးစားတန်ဖိုးထားရန် လိုအပ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး ခေါ် ဦးတင်ဦးက အာဆီယံထုတ်ပြန်ချက် ငါးရပ်ကို မြန်မာနိုင်ငံအနေဖြင့် မဖြစ်မနေလိုက်နာဆောင်ရွက်စေရန် ဖိအားပေး အကျပ်ကိုင်သည့်အနေဖြင့် အာဆီယံ ထိပ်သီးအစည်းအဝေးများ၊ အာဆီယံပါလီမန်များဆိုင်ရာ ညီလာခံများ စသည့် အရေးပါသည့် အစည်းအဝေးကြီးများကို တက်ရောက်ခွင့်မပြုဘဲ ပိတ်ပင်ကန့်သတ် ခွဲခြားဆက်ဆံလာခဲ့သည်မှာ ယနေ့အထိဖြစ်ပါကြောင်း၊ ယခုအခါ ပြည်သူများ ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များ ပေါ်ပေါက်လာပြီဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံများက မြန်မာနိုင်ငံ၏ ဒီမိုကရေစီရွေးကောက်ပွဲမှတစ်ဆင့် နိုင်ငံရေးအသွင်ပြောင်းနိုင်မှုကို အသိအမှတ်ပြုကြိုဆိုလက်ခံလာသော်လည်း အာဆီယံအဖွဲ့အနေဖြင့် ယနေ့ထိ မြန်မာနိုင်ငံအပေါ် ရှုမြင်ပုံနှင့် ရပ်တည်ချက်များသည် တစ်စုံတစ်ရာ ပြောင်းလဲခြင်းမရှိသေးသည်ကို စိတ်မကောင်းဖွယ်တွေ့ရပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ယခုကဲ့သို့ ပြောဆိုလုပ်ကိုင်မှုများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံရေးအရွေ့အပြောင်းကို မျက်ကွယ်ပြုပြီး ရွေးကောက်ပွဲကိုသာမက ရွေးကောက်ပွဲအရ ပေါ်ပေါက်လာသည့် လွှတ်တော်အသီးသီးနှင့် လွှတ်တော်က ရွေးချယ်တာဝန်ပေးလိုက်သည့် နိုင်ငံတော်အစိုးရကိုပါ ဂုဏ်သိက္ခာမဲ့စွာ ပြောဆိုကြခြင်းဖြစ်ပါကြောင်း။

ယင်းသည် အာဆီယံ၏အခြေခံမူဖြစ်သည့် ချစ်ကြည်ရေးနှင့် **စာမျက်နှာ ၁၉ သို့**

စာမျက်နှာ ၁၈ မှအဆက်

ပူးပေါင်းဆောင်ရွက်ရေး ပဋိညာဉ်စာချုပ်တွင်ပါသည့် “နိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စတွေမှာ ဝင်ရောက်မစွက်ဖက်ရေး၊ နိုင်ငံရဲ့ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်မှု၊ ညီမျှမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို လေးစားရေးအခြေခံမူ”များကို ဖောက်ဖျက်နေခြင်းဖြစ်ပါကြောင်း။

အာဆီယံအနေဖြင့် အလုပ်မဖြစ်တော့သည့် အာဆီယံထုတ်ပြန်ချက် ငါးရပ်ကို စွန့်လွှတ်ပြီး မြန်မာနိုင်ငံ၏ပကတိဖြစ်ပေါ်ပြောင်းလဲမှုကို အမြင်သစ်နှင့် ထိတွေ့ချဉ်းကပ်မှုအသစ်များကို ပြောင်းလဲကျင့်သုံးချိန်တန်ပြီဟု အကြံပြုတိုက်တွန်းလိုကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်က အာဆီယံဆိုသည်မှာ အဖွဲ့ဝင်နိုင်ငံအချင်းချင်း နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် အစဉ်အလာကောင်းများချမှတ်ပြီး အဖွဲ့ဝင်နိုင်ငံများအပေါ် စည်းလုံးညီညွတ်မျှတစွာ ဆောင်ရွက်နိုင်သည့် ကမ္ဘာက လေးစားရသော အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း အာဆီယံ၏ အစဉ်အလာကောင်းများကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေး အစည်းအဝေး တက်ရောက်မှုကို နည်းအမျိုးမျိုးဖြင့် ပိတ်ပင်တားဆီးခြင်းများသည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း၏ ဂုဏ်သိက္ခာကို စော်ကားနှိမ့်ချခြင်းသာဖြစ်ပါကြောင်း။

အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများကိုဖြေရှင်း၍ ငြိမ်းချမ်းရေးရစေရန်ဆိုသော ကောင်းမွန်သည့် အကြံပြုချက်ဟု သာမန်အားဖြင့် ယူဆနိုင်သော်လည်း နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်မှု၊ တန်းတူရည်တူရှိမှု၊ ပိုင်နက်နယ်မြေနှင့် အမျိုးသားရေးလက္ခဏာများကို အပြန်အလှန်လေးစားမှု၊ နိုင်ငံတိုင်းကို ပြည်ပမှ စွက်ဖက်မှု၊ အဖျက်အမှောင့်ပြုမှုနှင့် အကျပ်ကိုင်ဖိအားပေးမှုများ ကင်းလျက် မိမိနိုင်ငံ၏ဖြစ်တည်မှုကို ဦးဆောင်ခွင့်ရှိမှု၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရဆိုသည့် အချက်များနှင့် မကိုက်ညီဘဲ အာဆီယံ၏ အခြေခံမူများနှင့်လည်း သွေဖည်နေသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေများနှင့် လုံးဝကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် အဆိုကို ထောက်ခံဆွေးနွေးသည်။

မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ဥမ္မာဌေးက အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံဥက္ကဋ္ဌက အဖွဲ့ဝင်နိုင်ငံများကို ကြိုတင်ချပြခြင်းမရှိဘဲ အစည်းအဝေးအပြီး ဥက္ကဋ္ဌ၏ ကြေညာချက်နောက်ဆက်တွဲတွင် ဖော်ပြခဲ့ခြင်းဖြစ်သောကြောင့် တန်းတူညီမျှမှုရှိသည့် ဘုံသဘောတူညီချက်ဖြစ်နိုင်မှုရှိ၊ မရှိကို ပြန်လည်သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိ မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲကျင်းပပြီး ရွေးကောက်ခံပြည်သူ့အစိုးရတစ်ရပ် ပေါ်ထွန်းလာပြီဖြစ်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက် ငါးရပ်တွင် အချက်(၃)နှင့် (၅)သည် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစေနိုင်ပါကြောင်း၊ ပြည်တွင်းအရေးကို ပြည်တွင်းမှာသာဖြေရှင်းခြင်းသည် သဘာဝကျပါကြောင်း၊ အာဆီယံ၏ အခြေခံမူဖြစ်သည့် နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြင်းမပြုရန်ဟူသောမူနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရသည့်အတွက် အဆိုကို အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်က အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် ယခုအခါ ပြည်သူလူထုရွေးချယ်တင်မြှောက်ထားသည့် ရွေးကောက်ခံအစိုးရ ဦးဆောင်နေသည့် မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေများနှင့် များစွာကွဲလွဲနေပြီး အာဆီယံနိုင်ငံများ လိုက်နာရန် သဘောတူထားသည့် အာဆီယံပဋိညာဉ်စာတမ်းနှင့်လည်း ဆန့်ကျင်နေသည်များကို တွေ့ရှိရပါကြောင်း။

လက်ရှိတွင် အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် မြန်မာနိုင်ငံအတွက် မလိုအပ်သကဲ့သို့ အာဆီယံနိုင်ငံများအကြား လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို အာဆီယံက ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့သည့်အပြင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ပြီး တစ်ဖက်သတ်ချမှတ်ထားသည့် အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် မြန်မာနိုင်ငံ၏တန်းတူရည်တူရှိမှုကို ထိခိုက်စေပြီး လက်ရှိနိုင်ငံရေးအခြေအနေနှင့်လည်း လက်တွေ့ဆန်ဆန်ကိုက်ညီမှုမရှိသည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးဇော်ဇော်မြင့်က အာဆီယံထုတ်ပြန်ချက် ငါးရပ်အပေါ် တုံ့ပြန်မှုပကတိအရှိတရား ငါးချက်အနေဖြင့် အာဆီယံ၏ထုတ်ပြန်ချက် ငါးရပ်သည် အဖွဲ့ဝင်နိုင်ငံများ၏ အမှန်တကယ် ဘုံသဘောတူညီချက်(Consensus) မဟုတ်ဘဲ အလှည့်ကျဥက္ကဋ္ဌ၏ နောက်ဆက်တွဲထုတ်ပြန်ချက် (Statement)သာဖြစ်ပြီး ယင်းသို့ ထုတ်ပြန်ခြင်းနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ တန်းတူအခွင့်အရေးမပေးခြင်း၊ ဖိအားများပေးခြင်းတို့သည် အာဆီယံ၏ပဋိညာဉ်စာတမ်းပါ အခြေခံမူများ၊ သဘောတူညီချက်များနှင့် သွေဖည်နေခြင်း။

မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး သမိုင်းစဉ်တစ်လျှောက်လုံးတွင် မည်သူ့ကိုမျှ ထိခိုက်နစ်နာစေခဲ့ခြင်းမရှိဘဲ စေတနာမှန်ဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည့် သမိုင်းမှတ်တိုင်(Mile Stones) အစဉ်အလာကောင်းများဖြင့် ဂုဏ်သိက္ခာရှိစွာ ရှေ့ဆက်ကြိုးပမ်းနေခြင်း။

အချို့နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏အခြေအနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပေးထားချက်များအပေါ် သေချာစွာ နားလည်ရန် လိုအပ်နေပြီး နိုင်ငံကြီးအချို့၏ အားပြိုင်စမ်းသပ်ပွဲတွင် အသုံးချခံဖြစ်ရာမှ အာဆီယံဒေသအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် အကျိုးစီးပွားများအပေါ် မထိခိုက်စေလိုခြင်း။

မြန်မာနိုင်ငံ၌ လက်ရှိကာလတွင် ဒီမိုကရေစီနှင့်အညီ လွှတ်တော်နှင့် အစိုးရတို့ ပေါ်ထွန်းလာပြီး မြန်မာ့နိုင်ငံရေးအခင်းအကျင်း ပြောင်းလဲတိုးတက်လာနေပြီဖြစ်၍ အာဆီယံ၏ထုတ်ပြန်ချက် ငါးရပ်သည် ပကတိအရှိတရားနှင့်ကိုက်ညီမှုမရှိခြင်း။

စည်းလုံးညီညွတ်ပြီး ဘက်စုံတိုးတက်မည့် အာဆီယံအသိုက်အဝန်း ဖြစ်ထွန်းတည်တံ့နိုင်ရေးတွင် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးဆိုင်ရာ စီးပွားရေး၏ အရေးပါမှု အလားအလာများအပေါ် အလေးထား၍ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို တွေ့ရမည်ဖြစ်ပါကြောင်း။

အာဆီယံဒေသတွင်း နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးမှုနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုမှသည် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးများ ဆက်လက်ဖြစ်ထွန်းနေစေရေးတို့အတွက် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအပေါ်အခြေခံကာ အနာဂတ်ကို မဟာဗျူဟာအမြင်ဖြင့် ဆက်စပ်တွေးခေါ်မြော်မြင်ပြီး အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

လွိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်းက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေးဆိုသည့် မူဝါဒသည် အခြားနိုင်ငံများ၏ မဟုတ်မမှန်အနိုင်ကျင့်စွပ်စွဲမှုများကို ခေါင်းငုံ့ခံရမည်ဟု မဆိုလိုပါကြောင်း၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့လည်း ထိုမူဝါဒရှိပါကြောင်း၊ သို့သော်လည်း မိမိနိုင်ငံကို ထိပါးလာပါက ၎င်းတို့၏ MOFA ဝန်ကြီး သို့မဟုတ် သံအမတ်ကြီး တစ်ဦးဦးက နိုင်ငံတကာမီဒီယာများတွင် ချက်ချင်းတုံ့ပြန်ချေပကြကြောင်း၊ မိမိနိုင်ငံကို ချစ်သည်ဆိုသည်မှာ မိမိနိုင်ငံကို မဟုတ်မမှန်၊ အနိုင်ကျင့်ပြောဆိုလာခြင်းကို ခေါင်းငုံ့မခံဘဲ ချက်ချင်းတုံ့ပြန်ခြင်းပင်ဖြစ်ပါကြောင်း၊ “တိတ်တိတ်နေ ထောင်တန်သည်” ဟု ယူဆထားသော အတွေးအခေါ်မှ ပိုမိုအားမနာတတ်သော သတ္တိရှိရှိ Proactive (ထိုးစစ်) လုပ်ရမည်ဟူသော ခံယူချက်သို့ ပြောင်းလဲရမည်ဖြစ်ပါကြောင်း။

“ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ”ဖြစ်စေရန်၊ မြန်မာနိုင်ငံအနေဖြင့်လည်း ASEAN အပေါ် အစပျိုးမှု၊ တက်ကြွမှုရှိကြောင်း ပြနိုင်ရန်၊ ASEAN ကိုလည်း လှေကားလှလှဖြင့် သာသာယာယာဆင်းနိုင်စေရန်၊ နိုင်ငံတော်နှင့် လွှတ်တော်တို့ပူးပေါင်းကာ ASEAN Five –Point Statement Special Committee ကို ဖွဲ့စည်းပြီး ASEAN Direct Engagement ကို လာမည့်ငါးလအတွင်း အကောင်အထည်ဖော်သင့်ပါကြောင်း။

မြန်မာနိုင်ငံသမ္မတကြီး အိန္ဒိယ၊ တရုတ် ခရီးစဉ်များ အောင်မြင်စွာပြီးဆုံးပြီး New York Times, Investigate Asia စသည်တို့ အပါအဝင် အနောက်နိုင်ငံ Media များက Anti-Govt, Anti-Myanmar Media Campaign များ စတင်ပြုလုပ်လာပြီကို သတိရှိစေလိုပါကြောင်း၊ ပြည်တွင်းမီဒီယာများတွင်သာပြောနေ၍ မရပါကြောင်း၊ နိုင်ငံတော် အဆင့်ပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများ၊ လွှတ်တော် ကိုယ်စားလှယ်ကြီးများအနေဖြင့် မိမိနိုင်ငံကို ချစ်စိတ်အပြည့်ဖြင့် နိုင်ငံတကာမီဒီယာများနှင့် လူမှုကွန်ရက်စာမျက်နှာများတွင် ရဲရဲဝံ့ဝံ့ တက်တက်ကြွကြွ ထိထိမိမိ စတင်တုံ့ပြန်ကြရန် လိုအပ်ပါကြောင်း အဆိုကိုထောက်ခံဆွေးနွေးသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဒေါ်အေးချမ်းမုံက အာဆီယံပဋိညာဉ်စာတမ်းတွင် အဓိကအသက်သွေးကြောအဖြစ် ပါဝင်ခဲ့သည်မှာ အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားရန်နှင့် ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြင်းမပြုရန်ဖြစ်ပါကြောင်း၊ သို့သော်လည်း အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ ထုတ်ပြန်ကြေညာချက်ဖြစ်သည့် မြန်မာနိုင်ငံအရေး အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ပိုင်ခွင့်များကို ကျော်လွန်စွက်ဖက်ရန် ကြိုးပမ်းလာသည့်အပြင် အာဆီယံအတွင်း မြန်မာနိုင်ငံ၏ တန်းတူညီမျှမှုကိုပါ တိုက်ရိုက်ထိခိုက်စေသည့်အတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ထိန်းညှိတုံ့ပြန်ရမည့်အချိန် ကျရောက်ပြီဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် အာဆီယံထုတ်ပြန်ချက် ငါးရပ်ကိုငြင်းဆန်ရခြင်းမှာ စိတ်လိုက်မာန်ပါတုံ့ပြန်ခြင်းမဟုတ်ဘဲ အာဆီယံ ပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် ဆန့်ကျင်နေသောကြောင့် ဖြစ်ပါကြောင်း၊ ပထမအချက်အနေဖြင့် ပဋိညာဉ်စာတမ်း၏ အပိုဒ် ၂၊ အပိုဒ်ခွဲ ၂(က) တွင် အာဆီယံသည် အဖွဲ့ဝင်နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာတန်းတူညီမျှမှုကို လေးစားရမည်ဟူ၍လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ ၂(င) တွင် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟုလည်းကောင်း ဖော်ပြထားသော်လည်း ယခု မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံ၏ပဋိညာဉ်စာတမ်းပါ အခြေခံအုတ်မြစ်ကို တိုက်ရိုက်ချိုးဖောက်နေခြင်းသာဖြစ်ပါကြောင်း၊ မိမိတို့သည် အာဆီယံ အဖွဲ့ဝင်နိုင်ငံဖြစ်သော်လည်း နိုင်ငံတော်၏လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာကို အထိအခိုက်ခံမည်မဟုတ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဦးဉာဏ်ထွန်းက မြန်မာနိုင်ငံသည် အာဆီယံကို စတင်ဝင်ရောက်ခဲ့ချိန်မှစ၍ ယနေ့ထိ အာဆီယံ၏ ရည်ရွယ်ချက်၊ ပဋိညာဉ်စာတမ်း၊ အခြေခံမူများကို အစဉ်လေးစားလိုက်နာပြီး အာဆီယံ၏ လုပ်ငန်းအားလုံးတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း။

အာဆီယံထုတ်ပြန်ချက် ငါးရပ် ထုတ်ပြန်ပြီးနောက် အာဆီယံသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၆ ခုနှစ် မေလထိ ပြုလုပ်သော အာဆီယံအစည်းအဝေးများသို့ မြန်မာနိုင်ငံ၏ ခေါင်းဆောင်များ၊ ဝန်ကြီးအဆင့်များကို ဖိတ်ကြားခြင်းမပြုဘဲ နိုင်ငံရေးမဟုတ်သော ကိုယ်စားလှယ်ကိုသာ တက်ရောက်ခွင့်ပြုခဲ့သည်မှာ အာဆီယံ ပဋိညာဉ်ပါ အခြေခံမူဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများ၏ တန်းတူအခွင့်အရေးကို ထိခိုက်စေပါကြောင်း၊ အာဆီယံအဖွဲ့၏ ခွဲခြားဆက်ဆံမှုကို နိုင်ငံတော်အစိုးရက လက်မခံသကဲ့သို့ ပြည်သူအားလုံးကလည်း လက်မခံပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပခဲ့သော လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲပြုလုပ်ခဲ့ပြီး ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းဖြင့် နိုင်ငံတော်၏ တရားဝင်လွှတ်တော်များနှင့် ရွေးကောက်ခံ အစိုးရသစ်တစ်ရပ် ဖြစ်ပေါ်နေပြီဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အာဆီယံအနေဖြင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို ပြန်လည်သုံးသပ်ပြီး တန်းတူညီမျှစွာ ချစ်ကြည်ရင်းနှီးမှုဖြင့် ယုံကြည်မှုတည်ဆောက်ခြင်း၊ အပြန်အလှန်လေးစားမှု၊ ပူးပေါင်းလုပ်ကိုင်မှုတို့ကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့်သာ ဒေသအတွင်း ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဇူလိုင် ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ရန် လျာထားကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ကို ဇူလိုင် ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။


၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ အိတ်ဖွင့်ပေးစာ(၂)

**မင်းခန့်**




ဖြုတ်ချခဲ့သည့် ၂၀၂၂ ခုနှစ် အကြမ်းဖက်မှု အညွှန်းကိန်း အစီရင်ခံစာမှတ်တမ်းပုံ။

> **ဒါ့ကြောင့်လဲ Global Terrorism Trends and Analysis Center က ထုတ်ပြန်တဲ့ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုညွှန်းကိန်း(Global Terrorism Index – GTI) အရ မြန်မာနိုင်ငံမှာ ၂၀၂၂ ခုနှစ်ကစပြီး အကြမ်းဖက်လုပ်ရပ်တွေကြောင့် ဒေသတွင်းမှာ မြန်မာနိုင်ငံရဲ့ အကြမ်းဖက်မှုညွှန်းကိန်းက အမြင့်ဆုံးသို့ရောက်ရှိခဲ့ကြောင်း တွေ့ရပါတယ်။ ဒီလိုမြင့်တက်လာခဲ့ရခြင်း အကြောင်းရင်းကိုလည်း ၂၀၂၂ ခုနှစ် GTI အစီရင်ခံစာမှာ ဖော်ပြထားရာမှာ ၂၀၂၁ ခုနှစ် နှောင်းပိုင်း ၂၀၂၂ ခုနှစ်ကစပြီး ဖြစ်ပွားခဲ့တဲ့အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှု၊ ဗုံးဖောက်ခွဲမှုတွေကြောင့် ဖြစ်ပေါ်ရကြောင်း၊ အဲဒီအကြမ်းဖက်လုပ်ရပ်များရဲ့ အဓိကလက်သည်တရားခံကတော့ လက်နက်ကိုင်သောင်းကျန်းသူ အကြမ်းဖက်အဖွဲ့တွေဖြစ်တဲ့ KNLA၊ KNDF နဲ့ CDF အဖွဲ့တွေအပြင် NUG က ဖွဲ့စည်းပေးထားတဲ့အကြမ်းဖက် PDF အဖွဲ့တွေဟာ အဓိကကျူးလွန်သူတွေဖြစ်ကြောင်း အစီရင်ခံစာစတင်ထုတ်ပြန်စဉ်က ဖော်ပြခဲ့ ...**

> **ဒါပေမဲ့လည်း အဲဒီအကြမ်းဖက်လုပ်ရပ်တွေကို နိုင်ငံရေးအရ ဖုံးကွယ်ပေးလိုတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ဖိအားပေးမှုကြောင့် အစီရင်ခံစာမှာ အဲ့ဒီဖော်ပြချက်တွေကို ပြန်လည်ဖြုတ်ချခဲ့ပေမယ့်လည်း အဲဒီတုန်းက ဖော်ပြချက်တွေကို သိမ်းဆည်းထားတဲ့မှတ်တမ်းက ကျန်ရှိနေဆဲဖြစ်ပါတယ်။ အဲဒီလို ညွှန်းကိန်းမှတ်တမ်းတွေဟာ NUG အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတကာကသတ်မှတ်တဲ့ ခိုင်လုံတဲ့သက်သေတွေဖြစ်...**

**လေးစားအပ်ပါသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကြီးခင်ဗျာ**

ဒုတိယအကြိမ်မြောက် အိတ်ဖွင့်ပေးစာတစ်စောင် ထပ်မံပေးပို့အပ်ပါတယ်။ ပထမအကြိမ် ပေးစာထဲမှာ မြန်မာနိုင်ငံအပေါ် အပြုသဘော မဆောင်တဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စဂျူလီ ဘစ်ရှော့(Ms. Julie Bishop)ရဲ့ လွဲမှားနေတဲ့လုပ်ဆောင်ချက်တွေကို ပွင့်လင်းစွာ ထောက်ပြအသိပေးခဲ့ပါတယ်။ ယခု ဒုတိယအကြိမ် အိတ်ဖွင့်ပေးစာမှာတော့ ကုလသမဂ္ဂဆိုင်ရာမြန်မာနိုင်ငံအမြဲတမ်း ကိုယ်စားလှယ်ခန့်အပ်ဖို့အတွက် အကြံပြုတိုက်တွန်းတဲ့စာဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲကို အကြောင်းပြုပြီး နှစ်စဉ် ကုလသမဂ္ဂ အထွေထွေညီလာခံ(UNGA) ကျင်းပချိန်မှာ Credentials Committee က ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်ခန့်အပ်မှုကို ဆိုင်းငံ့ထားလို့ ၂၀၂၁ ခုနှစ်ကစပြီး ကုလသမဂ္ဂစင်မြင့်မှာ မြန်မာနိုင်ငံကိုယ်စားပြုသူ မရှိဖြစ်နေရပါတယ်။

ဒါပေမဲ့ ကုလသမဂ္ဂရဲ့ Credentials Committee ရဲ့လုပ်ထုံးလုပ်နည်းအရ အမြဲတမ်းကိုယ်စားလှယ်နေရာအစားထိုးခန့်အပ်ခြင်းမပြုနိုင်သေးသလို ကိုယ်စားလှယ်အဟောင်းကို ဖယ်ရှားခြင်းမပြုလို့ မြန်မာနိုင်ငံရဲ့ သစ္စာဖောက်ဝရမ်းပြေး ကျော်မိုးထွန်းက ကုလသမဂ္ဂရဲ့ အလွတ်သဘောအစည်းအဝေးတွေမှာ အကြမ်းဖက် NUG အဖွဲ့ကို ကိုယ်စားပြုပြီး မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေမယ့် ဝါဒဖြန့်ချိမှုများကို ပြုလုပ်နေတာ မြင်တွေ့ကြားသိနေရပါတယ်။

အမှန်စင်စစ် ကျော်မိုးထွန်းဟာ ယခင် ငါးနှစ်ကျော်က မဲလိမ်မဲခိုးမှုကြောင့် ပြုတ်ကျခဲ့တဲ့ NLD အစိုးရက ခန့်အပ်ခဲ့တဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်း ကိုယ်စားလှယ်တစ်ဦးဖြစ်ပါတယ်။ သူ့ကို ခန့်အပ်ခဲ့တဲ့ NLD အစိုးရဆိုတာ မြန်မာနိုင်ငံမှာ မရှိတော့လို့ သူ့အနေနဲ့ NLD ပါတီဝင်ဟောင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ပြေး NUG အဖွဲ့ကို ကိုယ်စားပြုနေသူ တစ်ဦးဖြစ်ပါတယ်။

NUG အဖွဲ့ဆိုတာ အကြမ်းဖက်အဖွဲ့ အဖြစ် နိုင်ငံတော်အစိုးရရဲ့ ဥပဒေနဲ့အညီ သတ်မှတ်ခံထားရပြီး ၂၁ ရာစု ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းကို ခြိမ်းခြောက်နိုင်တဲ့ အကြမ်းဖက်ဝါဒပုံစံသစ် (New Terrorism)ကို ကျင့်သုံးနေတဲ့ အကြမ်းဖက်အဖွဲ့သာဖြစ်ပါတယ်။ ကျော်မိုးထွန်း ကိုယ်စားပြုတဲ့ NUG အဖွဲ့ရဲ့ အကြမ်းဖက် ဝါဒပုံစံသစ်ဆိုတာနိုင်ငံရေးနဲ့ ပုဂ္ဂိုလ်ရေး အကျိုးစီးပွားကိုအခြေခံပြီး နိုင်ငံ တစ်ခုလုံးနဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံး ပျက်စီးသွားအောင် အစိုးရ(Government) မဟုတ်တဲ့ နိုင်ငံတော်(State)ရဲ့ ဒေါက်တိုင်ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးတွေကို လုပ်ကြံသတ်ဖြတ်ခြင်း (Targeted Assassinations to State Servants)၊ ငါနဲ့ မတူ ငါ့ရန်သူ အယူအဆနဲ့ သူတို့ကို မထောက်ခံသူ အပြစ်မဲ့အရပ်သားစစ်စစ်တွေကို လုပ်ကြံသတ်ဖြတ်ခြင်း(Targeted Assassinations to Civilians or Non-combatants)၊ ဥပဒေပြင်ပ လူသတ်တရားစီရင်ခြင်း(Extrajudicial killing)၊ အများပြည်သူနဲ့ဆိုင်တဲ့ နေရာတွေကို ဗုံးခွဲတိုက်ခိုက်ခြင်း(Mass Bombing and killing)၊ စစ်ရေးနဲ့မသက်ဆိုင်တဲ့ အခြေခံအဆောက်အအုံတွေကို ဖျက်ဆီးခြင်း (Destruction of non-military infrastructure) တွေ ဖြစ်ပါတယ်။

အဆိုးရွားဆုံးလုပ်ရပ်ကတော့ NUG အဖွဲ့ကကျင့်သုံးတဲ့ အလုံးစုံပျက်သုဉ်းရေး မူဝါဒ (Utter Devastation Policy) အရ NUG က မွေးဖွားပေးခဲ့တဲ့ PDF အမည်ခံ အကြမ်းဖက်သမားတွေဟာ မြန်မာ့လူ့အဖွဲ့အစည်း ပျက်သုဉ်းသွားစေဖို့နဲ့ ပြည်သူတွေစိတ်ဓာတ်ရေးရာ ကစဉ့်ကလျားဖြစ်သွားစေဖို့ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေကို ပစ်မှတ်ထားပြီး အကြမ်းဖက် တိုက်ခိုက်မှုတွေကို လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။

ဒါ့ကြောင့်လဲ **Global Terrorism Trends and Analysis Center** က ထုတ်ပြန်တဲ့ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုညွှန်းကိန်း **(Global Terrorism Index – GTI)**အရ မြန်မာနိုင်ငံမှာ ၂၀၂၂ ခုနှစ်ကစပြီး အကြမ်းဖက်လုပ်ရပ်တွေကြောင့် ဒေသတွင်းမှာ မြန်မာနိုင်ငံရဲ့ အကြမ်းဖက်မှုညွှန်းကိန်းက အမြင့်ဆုံးကိုရောက်ရှိခဲ့ကြောင်း တွေ့ရပါတယ်။ ဒီလိုမြင့်တက်လာခဲ့ရခြင်း အကြောင်းရင်းကိုလည်း ၂၀၂၂ ခုနှစ် GTI အစီရင်ခံစာမှာ ဖော်ပြထားရာမှာ ၂၀၂၁ ခုနှစ် နှောင်းပိုင်း ၂၀၂၂ ခုနှစ်ကစပြီး ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှု၊ ဗုံးဖောက်ခွဲမှုတွေကြောင့် ဖြစ်ပေါ်ရကြောင်း၊ အဲဒီအကြမ်းဖက်လုပ်ရပ်များရဲ့ အဓိကလက်သည် တရားခံကတော့ လက်နက်ကိုင်သောင်းကျန်းသူ အကြမ်းဖက်အဖွဲ့တွေဖြစ်တဲ့ KNLA၊ KNDF နဲ့ CDF အဖွဲ့တွေအပြင် NUG ကဖွဲ့စည်းပေးထားတဲ့ အကြမ်းဖက် PDF အဖွဲ့တွေဟာ အဓိကကျူးလွန်သူတွေဖြစ်ကြောင်း အစီရင်ခံစာစတင်ထုတ်ပြန်စဉ်က ဖော်ပြခဲ့ပါတယ်။ ဒါပေမဲ့လည်း အဲဒီအကြမ်းဖက်လုပ်ရပ်တွေကို နိုင်ငံရေးအရဖုံးကွယ်ပေးလိုတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ဖိအားပေးမှုကြောင့်အစီရင်ခံစာမှာ အဲ့ဒီဖော်ပြချက်တွေကို ပြန်လည်ဖြုတ်ချခဲ့ပေမယ့်လည်း အဲဒီတုန်းက ဖော်ပြချက်တွေကို သိမ်းဆည်းထားတဲ့ မှတ်တမ်းက ကျန်ရှိနေဆဲဖြစ်ပါတယ်။ အဲဒီလို ညွှန်းကိန်းမှတ်တမ်းတွေဟာ NUG အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတကာက သတ်မှတ်တဲ့ ခိုင်လုံတဲ့သက်သေတွေဖြစ်ပါတယ်။


ပြည်တွင်းမှာဖြစ်ပေါ်နေတဲ့ NUG၊ PDF အဖွဲ့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မျက်ကွယ်ပြုပြီး NUG၊ PDF အကြမ်းဖက်သမားတွေကို နှိမ်နင်းနေတဲ့ အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေး (Counter-terrorism operations) ဆောင်ရွက်ချက်တွေကို တပ်မတော်က ပြည်သူကိုဖိနှိပ်နေတဲ့ သဘောမျိုးဝါဒဖြန့်ချိမှုတွေကို သူတို့ကိုကိုယ်စားပြုပါတယ်ဆိုတဲ့ ဝရမ်းပြေးသစ္စာဖောက် ကျော်မိုးထွန်းက ကုလသမဂ္ဂမှာ မြန်မာနိုင်ငံကိုကိုယ်စားပြုသလိုပုံစံမျိုးနဲ့ မကြာခဏပြောဆိုနေတာကြားသိနေရပါတယ်။

ကျော်မိုးထွန်းအနေနဲ့ မြန်မာနိုင်ငံ ကိုယ်စားပြု တရားဝင်ပြောဆိုပိုင်ခွင့်မရှိပေမယ့် သူ့ကိုတရားဝင်ဖယ်ရှားခြင်း မပြုသေးတဲ့ Credentials Committee ရဲ့လုပ်ထုံးလုပ်နည်းအပေါ် အခွင့်အရေးယူအမြတ်ထုတ်ပြီး အလွတ်သဘော အစည်းအဝေးတွေမှာ ပြောဆိုခွင့်ရရှိနေတာကို စိတ်ပျက်ဖွယ်ရာကြားသိနေရပါတယ်။ ကုလသမဂ္ဂစင်မြင့်ဟာ အကြမ်းဖက်ဝါဒကို ထောက်ခံအားပေးသူတွေရဲ့ အသုံးချခံ Platform တစ်ခုဖြစ်နေပြီလား၊ ကမ္ဘာကြီးကို ခြိမ်းခြောက်လာနိုင်တဲ့ အကြမ်းဖက်ဝါဒပုံစံအသစ်ပြန့်ပွားဖို့အတွက် ကုလသမဂ္ဂစင်မြင့်ကနေ ဖြန့်ဝေနေတဲ့ နည်းပေးလမ်းပြဖြစ်နေပြီလားဆိုတာ မေးခွန်းထုတ်လိုက်ချင်ပါတယ်။

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ်သံအမတ်ကြီးရာထူးနေရာဆိုတာ သက်ဆိုင်ရာ နိုင်ငံအစိုးရက အဆိုပြုခန့်အပ်ရတဲ့ နိုင်ငံ့ဝန်ထမ်းတွေ တာဝန်ထမ်းဆောင်ရတဲ့ နေရာဖြစ်ပါတယ်။ ကျော်မိုးထွန်းကိုခန့်အပ်ခဲ့တဲ့ မြန်မာနိုင်ငံအစိုးရ(NLD အစိုးရ)ဟာ လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကတည်းက သက်တမ်းကုန်သွားခဲ့သလို ကျော်မိုးထွန်းဟာ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲမှာ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေအရ နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းတွေကို ဖောက်ဖျက်ခဲ့သလို နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဝန်ထမ်းအဖြစ်ကနေ ထုတ်ပယ်ခံထားရသူဖြစ်ပါတယ်။ ဒါ့ပြင် နိုင်ငံတော်ကို




| | | | |
|---|---|---|---|
| 50 | Cambodia | 168,320 | 21-Apr-20 |
| 51 | Andorra | 140,266 | 24-Apr-20 |
| 52 | Albania | 224,427 | 28-Apr-20 |
| 53 | China | 336,780,502 | 1-May-20 |
| 54 | Mauritius | 308,587 | 7-May-20 |
| 55 | Republic of Moldova | 84,160 | 12-May-20 |
| 56 | Slovenia | 2,132,055 | 13-May-20 |
| 57 | Tonga | 28,053 | 26-May-20 |
| 58 | Cote d'Ivoire | 364,694 | 1-Jun-20 |
| 59 | Guyana | 56,107 | 1-Jun-20 |
| 60 | Myanmar | 280,534 | 1-Jun-20 |
| 61 | Botswana | 392,747 | 8-Jun-20 |
| 62 | Lao People's Democratic Republic | 140,266 | 9-Jun-20 |
| 63 | Saint Vincent and the Grenadines | 28,053 | 10-Jun-20 |
| 64 | Nicaragua | 140,266 | 11-Jun-20 |
| 65 | Gabon | 420,800 | 22-Jun-20 |
| 66 | Mali | 112,213 | 29-Jun-20 |

ကုလသမဂ္ဂနှစ်စဉ်ကြေးထည့်ဝင်ထားမှုအခြေပြဇယား။

**ကုလသမဂ္ဂစင်မြင့်ဟာ အကြမ်းဖက်ဝါဒကို ထောက်ခံအားပေးသူတွေရဲ့ အသုံးချခံ Platform တစ်ခုဖြစ်နေပြီလား၊ ကမ္ဘာကြီးကို ခြိမ်းခြောက်လာနိုင်တဲ့ အကြမ်းဖက်ဝါဒပုံစံအသစ်ပြန့်ပွားဖို့အတွက် ကုလသမဂ္ဂစင်မြင့်ကနေ ဖြန့်ဝေနေတဲ့ နည်းပေးလမ်းပြဖြစ်နေပြီလား ...**

လက်နက်စွဲကိုင်ပုန်ကန်နေတဲ့ အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုနေသူဖြစ်လို့ နိုင်ငံသားအဖြစ်မှလည်း ပယ်ဖျက်ခံထားရသူ သစ္စာဖောက်ဝရမ်းပြေးတစ်ဦးဖြစ်ပါတယ်။

လတ်တလော မဖုံးနိုင်မဖိနိုင် ပေါ်ပေါက်လာတဲ့ သစ္စာဖောက် ကျော်မိုးထွန်းရဲ့ ကိုယ်ကျင့်သိက္ခာ ပျက်ယွင်းမှုကတော့ NLD အစိုးရ လက်ထက်က နယူးယောက်မှာရှိတဲ့ မြန်မာသံရုံး အသုံးစရိတ်အတွက် Bank of America မှာ အပ်နှံထားတဲ့ နိုင်ငံတော်ဘဏ္ဍာ ဒေါ်လာ ၂ ဒသမ ၆ သန်းကျော်ကို စာရင်းမရှင်းဘဲ ခိုးယူသုံးစွဲထားခြင်းပဲဖြစ်ပါတယ်။ အဲ့ဒီဘဏ္ဍာငွေတွေဟာ သံရုံးဝန်ထမ်းတွေရဲ့ လစာ၊ ရုံးအသုံးစရိတ်အပြင် နှစ်စဉ် ကုလသမဂ္ဂအတွက် မြန်မာနိုင်ငံက ထည့်ဝင်ရမယ့် နှစ်စဉ်ကြေးတွေ ဖြစ်ပါတယ်။

ကုလသမဂ္ဂရဲ့ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂနှစ်စဉ်ကြေးထည့်ဝင်မှုကို ၂၀၂၀ ပြည့်နှစ်ထိ အပြည့်အဝပေးချေခဲ့ပြီး ၂၀၂၁ ခုနှစ်မှစပြီး ၂၀၂၆ ခုနှစ်ထိ နှစ်စဉ်ကြေးလုံးဝထည့်ဝင်ခြင်းမရှိကြောင်း သိရှိရပါတယ်။


သစ္စာဖောက်ဝရမ်းပြေး ကျော်မိုးထွန်းကတော့ ၂၀၂၁ ခုနှစ်နောက်ပိုင်း ကုလသမဂ္ဂ နှစ်စဉ်ကြေး သုံးကြိမ်သွင်းထားကြောင်းနဲ့ တစ်ကြိမ်ကို နိုင်ငံတော်ဘတ်ဂျက်ထဲမှ သုံးသိန်းနဲ့ ကျန်တဲ့ နှစ်ကြိမ်ကို အကြမ်းဖက် NUG အဖွဲ့မှ ခြောက်သိန်းသွင်းခဲ့ကြောင်း လူမှုကွန်ရက်မှတစ်ဆင့် ပြောကြားထားကြောင်း ကြားသိရပါတယ်။ အကြမ်းဖက် NUG အဖွဲ့ကို ကိုယ်စားပြုထားတဲ့ သစ္စာဖောက်ဝရမ်းပြေးကျော်မိုးထွန်းဟာ ကုလသမဂ္ဂမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး NUG အဖွဲ့ကိုပါလိမ်ညာပြီး ကုလသမဂ္ဂ နှစ်စဉ်ကြေးများ တောင်းခံခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပါတယ်။

သေချာတာကတော့ Bank of America မှာအပ်နှံထားတဲ့ နိုင်ငံတော်ဘဏ္ဍာငွေ

**ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ်သံအမတ်ကြီးရာထူးနေရာဆိုတာ သက်ဆိုင်ရာ နိုင်ငံအစိုးရက အဆိုပြုခန့်အပ်ရတဲ့ နိုင်ငံ့ဝန်ထမ်းတွေ တာဝန်ထမ်းဆောင်ရတဲ့နေရာဖြစ်ပါတယ်။ ကျော်မိုးထွန်းကို ခန့်အပ်ခဲ့တဲ့ မြန်မာနိုင်ငံအစိုးရ(NLD အစိုးရ)ဟာ လွန်ခဲ့တဲ့ငါးနှစ်ကျော်ကတည်းက သက်တမ်းကုန်သွားခဲ့သလို ကျော်မိုးထွန်းဟာ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲမှာ မြန်မာနိုင်ငံရဲ့တည်ဆဲဥပဒေအရ နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းတွေကို ဖောက်ဖျက်ခဲ့သလို နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဝန်ထမ်းအဖြစ်ကနေ ထုတ်ပယ်ခံထားရသူဖြစ်ပါတယ်။ ဒါ့ပြင် နိုင်ငံတော်ကို လက်နက်စွဲကိုင်ပုန်ကန်နေတဲ့ အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုနေသူဖြစ်လို့ နိုင်ငံသားအဖြစ်မှလည်း ပယ်ဖျက်ခံထားရသူ သစ္စာဖောက်ဝရမ်းပြေးတစ်ဦးဖြစ်...**

ဒေါ်လာ ၂ ဒသမ ၆ သန်း အသေးစိတ်ငွေစာရင်း မရှင်းလင်းနိုင်တဲ့အတွက် နိုင်ငံတော်ဘဏ္ဍာငွေတွေကို ကိုယ်ကျိုးအတွက် လိမ်ညာခိုးယူသုံးစွဲထားကြောင်း ထင်ရှားပေါ်လွင်လျက်ရှိပါတယ်။ဒါကြောင့် ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ်နေရာမှ ဖယ်ရှားခြင်းမပြုသေးတဲ့ ကျော်မိုးထွန်းဟာ သစ္စာဖောက်၊ ဝရမ်းပြေး၊ လူလိမ်သူခိုးတစ်ဦးအဖြစ် မြန်မာပြည်တွင်းမှာ ထင်ရှား ကျော်စောလျက်ရှိနေကြောင်း သတင်းစကားပါးလိုပါတယ်။

မကြာမီကာလမှာ နှစ်စဉ်ကျင်းပမြဲ ကုလသမဂ္ဂအထွေထွေညီလာခံ (UNGA) ကျင်းပတော့မှာဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံအစိုးရသစ်အနေနဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ လုပ်ပိုင်ခွင့်အရ ကုလသမဂ္ဂစင်မြင့်မှာ အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ဖို့ စိတ်အားတက်ကြွလျက်ရှိပါတယ်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ အခန်း(၁)၊ အပိုဒ် (၂)၊ အပိုဒ်ခွဲ(၁)မှာ အတိအလင်းပြဋ္ဌာန်းထားတဲ့ နိုင်ငံတိုင်းသည် အချုပ်အခြာအာဏာပိုင်ဆိုင်သောနိုင်ငံ၏ အခွင့်အရေးများကို အပြည့်အဝခံစားပိုင်ခွင့်နဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စများတွင် အခြားနိုင်ငံများ သို့မဟုတ် ကုလသမဂ္ဂကိုယ်တိုင် ဝင်ရောက်စွက်ဖက်




မြန်မာနိုင်ငံ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာအချက်အလက်များ။

ခြင်းမပြုရဆိုတဲ့အချက်ကို မြန်မာနိုင်ငံအနေနဲ့ တန်ဖိုးထားလေးစားလိုက်နာလျက်ရှိပါတယ်။

၂၀၂၁ ခုနှစ်ကစတင်ပြီး ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ်ကို တရားဝင်ခန့်အပ်ခြင်းမရှိတဲ့အတွက် မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားတွေအတွက် များစွာနစ်နာဆုံးရှုံးလျက်ရှိပါတယ်။ အဲ့ဒီဆုံးရှုံးနေရခြင်းရဲ့အကြောင်းတရားကလည်း ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ မဲလိမ်မဲခိုးမှုအရှုပ်တော်ပုံကြောင့် ၂၀၂၁ ခုနှစ်ကဖြစ်ပေါ်ခဲ့တဲ့ မြန်မာ့နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ်ကို အကြောင်းခံခြင်းလို့ ထင်မြင်မိပါတယ်။

အမှန်စင်စစ် ၂၀၂၁ ခုနှစ် နိုင်ငံရေး အပြောင်းအလဲဟာ တပ်မတော်က အာဏာသိမ်းခဲ့ခြင်းမဟုတ်ဘဲ အဲ့ဒီအချိန်က အာဏာရပါတီရဲ့ အစွန်းရောက်နိုင်ငံရေးသမားတွေက နိုင်ငံတော်အာဏာကို မဲလိမ်မဲခိုးပြီး အတင်းအဓမ္မရယူဖို့ကြိုးပမ်းခဲ့ခြင်းကြောင့် မြန်မာနိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ပေးထားချက်အရ တပ်မတော်က နိုင်ငံ့တာဝန်ကို ခေတ္တထိန်းသိမ်းထားခဲ့ရခြင်းဖြစ်ပါတယ်။ နိုင်ငံရေးအရ ဖြစ်ပေါ်ခဲ့တဲ့ပြဿနာကို လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်နဲ့ နိုင်ငံတော်အာဏာကိုရယူဖို့ ကြိုးစားခဲ့ကြတဲ့ နိုင်ငံရေးသမားအချို့ရဲ့ လွဲမှားမှုကြောင့် နိုင်ငံအတွင်း အချို့ဒေသတွေမှာ တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး တိုင်းပြည်ရဲ့ အနာဂတ်လူငယ်တွေ များစွာဆုံးရှုံးနစ်နာခဲ့ရပါတယ်။ နိုင်ငံ့တာဝန်ကို ခေတ္တရယူ ထိန်းသိမ်းခဲ့တဲ့ တပ်မတော်အနေနဲ့ သူ့ရဲ့ပင်မတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကိုထိန်းသိမ်းဖို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ရသလို ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီ စနစ်ရှင်သန်ရေး လွတ်လပ်ပွင့်လင်းပြီး သန့်ရှင်းမျှတတဲ့ ရွေးကောက်ပွဲကြီးကို အပိုင်း သုံးပိုင်းခွဲပြီး အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပါတယ်။

ငြင်းလို့မရတဲ့ မဲလိမ်မဲခိုးမှုကြောင့် ဖြစ်ပေါ်ခဲ့ရတဲ့ ၂၀၂၁ ခုနှစ် နိုင်ငံရေး အပြောင်းအလဲကနေ ဖြစ်ပေါ်ခဲ့တဲ့ တပ်မတော်အစိုးရဟာ ၂၀၂၅-၂၀၂၆ ရွေးကောက်ပွဲကြီးကို ပွင့်လင်းမြင်သာပြီး လုံးဝမဲလိမ်မဲခိုးလို့မရအောင် စီစဉ်ပြုလုပ်ခဲ့ပြီး နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့တွေရဲ့ ရှေ့မှောက်မှာ မှတ်ကျောက်တင်ခံနိုင်အောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။

အဲ့ဒီရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံးအနှံ့ ပါတီပေါင်း ၅၇ ပါတီ ကိုယ်စားလှယ်ပေါင်း ၄၉၆၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ယခင်ဒီမိုကရေစီအစိုးရလက်ထက်ကတည်းက ဖွဲ့စည်းခဲ့ကြတဲ့ ပါတီ ၄၀ ပါဝင်ခဲ့ပါတယ်။ NLD ပါတီက သူတို့ရဲ့ ဆန္ဒနဲ့ မှတ်ပုံမတင်လို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိတာဖြစ်ပါတယ်။ NLD ပါတီမပါဝင်လို့ ရွေးကောက်ပွဲဟာ အတုအယောင်ဖြစ်တယ်လို့ ဝါဒဖြန့်ချိမှုများဟာ ယုတ္တိကင်းမဲ့သလို ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပါတီများနဲ့ မဲပေးခဲ့ကြတဲ့ ပြည်သူ ၁၃ သန်းကျော်ကို မထီမဲ့မြင်ပြုခြင်းသာဖြစ်ပါတယ်။

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

**မြန်မာအစိုးရသစ်အနေနဲ့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနဲ့ အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်မှုတွေမြှင့်တင်ဖို့အတွက် ကုလသမဂ္ဂစင်မြင့်ထက်မှာ မြန်မာနိုင်ငံအစိုးရရဲ့ တရားဝင်ခန့်အပ်ထားတဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ်တစ်ဦး မဖြစ်မနေရှိနေရမှာဖြစ်...**

**သစ္စာဖောက်၊ ဝရမ်းပြေး၊ လူလိမ်သူခိုးတစ်ဦးကို လက်ရှိအခြေအနေမှာ တရားဝင်ခန့်အပ်ထားခြင်းမပြုပေမယ့် ကုလသမဂ္ဂက ဖယ်ရှားခြင်းမပြုသေးလို့ သူကိုယ်စားပြုနေတဲ့ အကြမ်းဖက်အဖွဲ့ရဲ့ တရားဝင်ပြောရေးဆိုခွင့်ရှိသူတစ်ဦးအနေနဲ့ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ပေးနေတဲ့ ပြောဆိုမှုတွေကို တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ မြန်မာနိုင်ငံသားတွေကိုယ်စား လုံးဝကန့်ကွက်ပါကြောင်း အသိပေးပြောကြားလို...**

ရွေးကောက်ပွဲ ကာလအတွင်း ရွေးကောက်ပွဲ နှောင့်ယှက်ဖျက်ဆီးလိုသူတွေရဲ့ အကြမ်းဖက်ခြိမ်းခြောက်မှုများကြားထဲက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၂ သန်း ကျော်အနက် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော် ပြည်သူ ၁၃ ဒသမ ၁၂ သန်းက လွှတ်တော်အသီးသီးကကိုယ်စားလှယ်များကို မဲပေးရွေးချယ်ခဲ့ကြပါတယ်။ ဒါကြောင့် ယခုလက်ရှိ နိုင်ငံ့တာဝန်ယူထားတဲ့ မြန်မာနိုင်ငံအစိုးရသစ်ဟာ ပြည်သူများ ရွေးကောက်တင်မြှောက်ထားတဲ့ ဒီမိုကရေစီနည်းလမ်းကျကျ၊ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဖြစ်ပေါ်လာတဲ့ ရွေးကောက်ခံအစိုးရစစ်စစ်ဖြစ်ပါတယ်။

ဒါကြောင့်လည်း ရွေးကောက်ခံအစိုးရသစ်ကို ထောက်ခံအားပေးအသိအမှတ်ပြုကြတဲ့ နိုင်ငံပေါင်းများစွာရှိနေသလို ရွေးကောက်ခံအစိုးရသစ်အနေနဲ့လည်း နိုင်ငံတကာဆက်ဆံရေး အပါအဝင် ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်နီးချင်း အင်အားကြီးနိုင်ငံကြီးတွေ အပါအဝင် မိတ်ဆွေနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ အရှိန်အဟုန်နဲ့လုပ်ဆောင်လျက်ရှိနေပါတယ်။

ကုလသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံ အမြဲတမ်း ကိုယ်စားလှယ်နေရာကို တရားဝင် ခန့်အပ်မထားသေးပေမယ့် မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းအသီးသီးက တာဝန်ရှိသူတွေနဲ့ဝန်ထမ်းတွေကို မြန်မာအစိုးရကလက်ခံထားပြီး ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို တာဝန်သိမှုနဲ့ လိုက်ပါဆောင်ရွက်နေပါတယ်။ ဒီလိုလုပ်ဆောင်နိုင်ဖို့အတွက်လည်း ဇွန် ၂၆ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မြန်မာနိုင်ငံရှိကုလသမဂ္ဂအေဂျင်စီတွေက ကိုယ်စားလှယ်တွေကို နေပြည်တော်မှာ တွေ့ဆုံပြီး မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေး ဖြစ်ပေါ်တိုးတက်မှုတွေ၊ နိုင်ငံတော်အစိုးရရဲ့ရှေ့လုပ်ငန်းစဉ်တွေနဲ့ နိုင်ငံတကာ အသိုက်အဝန်းအနေနဲ့ နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုမရှိတဲ့ ကြားနေမှုဝါဒနဲ့ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ကိုယ်စားလှယ် မစ္စဂျူလီ ဘစ်ရှော့လို ကုလသမဂ္ဂအရာရှိများ လက်ရှိအစိုးရကို ဆန့်ကျင်နေသူတွေရဲ့ ဝါဒဖြန့်မှုတွေကို ထပ်ဆင့်ဖြန့်ဝေမှုမျိုး မလုပ်ကြပါဖို့နဲ့ မြန်မာနိုင်ငံအတွက် ကြံ့ကြံ့ခံနိုင်ရည်ရှိသော စီးပွားရေးနဲ့ ပြည်သူတွေအတွက် ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအကူအညီတွေ ပေးအပ်ဖို့ ပြောကြားခဲ့ကြောင်း ကြားသိရပါတယ်။

**အဆွေတော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကြီး ခင်ဗျား**

လက်ရှိမြန်မာနိုင်ငံရဲ့ ရွေးကောက်ခံအစိုးရသစ်လက်ထက်မှာ မြန်မာနိုင်ငံဟာ တာဝန်ခံမှု၊ တာဝန်သိမှုနဲ့အတူ ကုလသမဂ္ဂနဲ့ ဘက်စုံပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်လုပ်ဆောင်သွားဖို့ စိတ်ဆန္ဒအပြည့်ရှိနေတယ်လို့ သိရှိရပါတယ်။ မြန်မာပြည်သူတွေကိုယ်စား ဒီအချက်ကို အပြည့်အဝထောက်ခံပါကြောင်းလည်း ထပ်လောင်းပြောကြားလိုပါတယ်။

ကုလသမဂ္ဂအနေနဲ့လည်း မြန်မာနိုင်ငံရဲ့တည်ငြိမ်ရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီလမ်းကြောင်း ခိုင်မာအားကောင်းစေရေးအတွက် မဆုတ်မနစ်ကြိုးပမ်းမှုတွေကို အသိအမှတ်ပြုချိန်တန်နေပြီဖြစ်ကြောင်း တိုက်တွန်းအသိပေးလိုပါတယ်။ **မြန်မာအစိုးရသစ်အနေနဲ့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနဲ့ အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့အတွက် ကုလသမဂ္ဂစင်မြင့်ထက်မှာ** မြန်မာနိုင်ငံအစိုးရရဲ့ တရားဝင်ခန့်အပ်ထားတဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ်တစ်ဦး မဖြစ်မနေရှိနေရမှာဖြစ်ပါတယ်။

သစ္စာဖောက်၊ ဝရမ်းပြေး၊ လူလိမ်သူခိုးတစ်ဦးကို လက်ရှိအခြေအနေမှာ တရားဝင်ခန့်အပ်ထားခြင်း မပြုပေမယ့် ကုလသမဂ္ဂက ဖယ်ရှားခြင်းမပြုသေးလို့ သူကိုယ်စားပြုနေတဲ့ အကြမ်းဖက်အဖွဲ့ရဲ့ တရားဝင်ပြောရေးဆိုခွင့်ရှိသူ တစ်ဦးအနေနဲ့ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ပေးနေတဲ့ ပြောဆိုမှုတွေကို တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ မြန်မာနိုင်ငံသားတွေကိုယ်စား လုံးဝကန့်ကွက်ပါကြောင်း အသိပေးပြောကြားလိုပါတယ်။ တစ်ဆက်တည်းမှာပဲ ကုလသမဂ္ဂနဲ့ မြန်မာနိုင်ငံတို့ နိုင်ငံတကာရေးရာတွေမှာ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် လက်ရှိပြည်သူတွေရဲ့ဆန္ဒနဲ့ ရွေးကောက်တင်မြှောက်ထားတဲ့ မြန်မာအစိုးရသစ်က ခန့်အပ်လိုတဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီးကိုလည်း အမြန်ဆုံး ပြန်လည်ခန့်အပ်ပေးနိုင်ဖို့ တောင်းဆိုအပ်ပါတယ်။

ကုလသမဂ္ဂရဲ့ ပဋိညာဉ်နဲ့အညီ အချုပ်အခြာအာဏာပိုင် နိုင်ငံတိုင်းအတွက် အဲ့ဒီနိုင်ငံရဲ့ အခွင့်အရေးကို လေးစားတန်ဖိုးထားပြီး ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတိုင်း တန်းတူညီမျှအခွင့်အရေးရရှိအောင် လုပ်ဆောင်ပေးနိုင်ပါက ကုလသမဂ္ဂရဲ့ ဂုဏ်သိက္ခာပိုမိုတိုးတက်လာမယ်လို့ ယုံကြည်ပါကြောင်း အိတ်ဖွင့်ပေးစာနဲ့ ရေးသားပေးပို့အပ်ပါတယ်။

---

**❑ မိုးထစ်ချုန်းရွာမည်မှ**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

---

## ထူးခြားသည့် နေ့အပူချိန်များ

(၇-၇-၂၀၂၆)

| | | | | |
|---|---|---|---|---|
| ကျောက်ဆည် | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

---

## ၇-၇-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅.၁ ~ ၃၆၆၈ | ၅၅၇ ~ ၅၅၇.၇ | ၁၂၅.၄ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၁,၃၁၄,၈၄၉.၆၄ | ၄၉,၂၆၈,၃၁၅.၀၄ | ၄၈,၀၇၃,၅၄၆.၆၇ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်း၊ ဂျုံတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၈၄၄၂ ဒသမ ၂၅ ကို ရောင်းချပေးခဲ့ပါသည်။

**ဇီဝမျိုးစုံမျိုးကွဲ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

---

**● အာဂျင်တီးနားအသင်းမှ**

ပွဲချိန် ၁၅ မိနစ်တွင် အီဘရာဟင်က ခေါင်းတိုက်ဘောမှတစ်ဆင့် အီဂျစ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

အာဂျင်တီးနားအသင်းက ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက် တရစပ်တိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၂၁ မိနစ်တွင် ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့ရာ မက်ဆီကန်သွင်းခဲ့သော်လည်း အီဂျစ်အသင်းဂိုးသမားရှိုဘီဘာက လက်စွမ်းပြကာကွယ်နိုင်ခဲ့သည့်အတွက် အာဂျင်တီးနားအသင်းအတွက် နစ်နာခဲ့ရသကဲ့သို့ မက်ဆီ၏ အပိုင်ဂိုး ကန်သွင်းချက်များကိုလည်း ထပ်မံကာကွယ်မှုများ ပြုလုပ်နိုင်သည့်အတွက် ပထမပိုင်းအပြီးတွင် အီဂျစ်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင်လည်း အာဂျင်တီးနားအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့သော်လည်း အီဂျစ်အသင်းက တန်ပြန်တိုက်စစ်များမှတစ်ဆင့် အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့ကာ ပွဲချိန် ၅၈ မိနစ်တွင် ဇီကိုက အီဂျစ်အသင်းအတွက် ဒုတိယ ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ဂိုးမသွင်းယူမီ ဇီကိုအနေဖြင့် ပြစ်ဒဏ်ကျူးလွန်ခဲ့သည့်အတွက် VAR စနစ်ဖြင့် ပယ်ဖျက်ခဲ့သည်။

သို့သော် ပွဲချိန် ၆၈ မိနစ်တွင် ဇီကိုက ပင် အီဂျစ်အသင်းအတွက် ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၇၉ မိနစ်တွင် ရိုမဲရိုး၊ ပွဲချိန် ၈၃ မိနစ်တွင် မက်ဆီနှင့် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုနှစ်မိနစ်တွင် အန်ဇိုဖာနန်ဒက်တို့က ချေပဂိုးများနှင့် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် အာဂျင်တီးနားအသင်းက အီဂျစ်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

STA

# ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)**

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၈ ခုနှစ်၊ လ ရက်

(၂၀၂၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၂၆ ခုနှစ်)**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်း ဆိုင်ရာဥပဒေတွင်ပါရှိသော "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန" ဆိုသည့်စကားရပ်များကို "ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်း ဆိုင်ရာဥပဒေ ပုဒ်မ ၂ တွင်ပါရှိသော "ဇူလိုင်လ ၁၅ ရက်နေ့ မတိုင်မီ" ဆိုသည့်စကားရပ်ကို "ဇန်နဝါရီလ ၁၅ ရက်နေ့ မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်း ဆိုင်ရာဥပဒေ ပုဒ်မ ၃ တွင်ပါရှိသော "ဇူလိုင်လ ၃၁ ရက်နေ့ မတိုင်မီ" ဆိုသည့်စကားရပ်ကို "ဇန်နဝါရီလ ၃၀ ရက်နေ့ မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်း ဆိုင်ရာဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင် ပါရှိသော "ဩဂုတ်လ ၂၁ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ကို "ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်း ဆိုင်ရာဥပဒေ ပုဒ်မ ၅ တွင်ပါရှိသော "ဧပြီလ ၃၀ ရက်နေ့ မတိုင်မီ" ဆိုသည့်စကားရပ်ကို "အောက်တိုဘာလ ၃၁ ရက်နေ့ မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်း ဆိုင်ရာဥပဒေ ပုဒ်မ ၆ တွင်ပါရှိသော "မေလ ၁၀ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "နိုဝင်ဘာလ ၇ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်း ဆိုင်ရာဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင်ပါရှိသော "မေလ ၂၄ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုး ရမည်။

၉။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်း ဆိုင်ရာဥပဒေ ပုဒ်မ ၁၈ တွင်ပါရှိသော "မေလနောက်ဆုံးပတ် ထက်နောက်မကျစေဘဲ" ဆိုသည့်စကားရပ်ကို "အောက်တိုဘာ လအတွင်းတွင်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

# ၁၆ ကြိမ်မြောက် သက်ကြီးဟာသပညာရှင်များကန်တော့ပွဲနှင့် ထူးချွန်ဆုပေးအပ်ချီးမြှင့်



**ရန်ကုန် ဇူလိုင် ၇**

မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး(ဗဟို)က ကျင်းပသော ၁၆ ကြိမ်မြောက် ဟာသပညာရှင်ကြီးများ ကန်တော့ပွဲနှင့် ဟာသပညာထူးချွန်ဆု ချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၈)ရပ်ကွက်ရှိ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးအိမ်ရာ (လူရွှင်တော်ရွာ)၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး၏ ဂုဏ်ပြုသီချင်းနှင့် ဂုဏ်ပြု မှတ်တမ်းတို့ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က ပြည်ထောင်စု ဝန်ကြီးကိုယ်စား မုဒိတာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က လှူဒါန်းငွေကျပ် ၂၅ သိန်း၊ ပြန်ကြား ရေးဝန်ကြီးဌာန မိသားစုက လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၃၀ တို့ကို ဒုတိယ ဝန်ကြီးက ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာနိုင်ငံဟာသပညာရှင် များအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌက ကျေးဇူး တင်စကားပြောကြားပြီး မှတ်တမ်းဗီဒီယို ကလစ်ကိုပြသကာ အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးနှင့် အလှူရှင်များက လှူဒါန်း သည့် အလှူငွေများကို မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းပြီး တာဝန်ရှိသူများက ပရဟိတထူးချွန်ဆုရရှိ သူများကို ဆုများပေးအပ်ကာ ဒုတိယ ဝန်ကြီးက ဟာသတစ်သက်တာဆုရရှိကြ သူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တက်ရောက်လာကြသူ များက သက်ကြီးဟာသအနုပညာရှင်ကြီး များကို ပူဇော်ကန်တော့ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)**

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၈ ခုနှစ်၊ လ ရက်

(၂၀၂၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၆ ခုနှစ်)**ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်း ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ တွင်ပါရှိသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန" ဆိုသည့်စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "မတ်လ ၇ ရက်နေ့" ဆိုသည့်စကားရပ်ကို "စက်တင်ဘာလ ၇ ရက်နေ့" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်း ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၇ တွင်ပါရှိသော "ဖေဖော်ဝါရီလ ၁ ရက်နေ့" ဆိုသည့် စကားရပ်ကို "ဩဂုတ်လ ၁ ရက်နေ့" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်း ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၂၁ တွင်ပါရှိသော "မေလနောက်ဆုံးပတ်" ဆိုသည့်စကားရပ်ကို "နိုဝင်ဘာလ နောက်ဆုံးပတ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်း ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၂၃ ပုဒ်မခွဲ (က) တွင်ပါရှိသော "စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ကြိုတင်ကန့်သတ်ချက်မရှိသော နိုင်ငံတော်သမ္မတကြီးရဲ့ ငြိမ်းချမ်း ရေးဆွေးနွေးပွဲဖိတ်ခေါ်ခြင်းမှာ EAO တွေရဲ့ ငြိမ်းချမ်းရေးခံယူချက် အစစ်မှန်ကို မြင်တွေ့နိုင်မည်လား"** ခေါင်းစဉ်ဖြင့် ၈-၇-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၅-၇-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"လက်နက်မဲ့ပြည်သူများကို ရက်စက်စွာရန်ရှာသတ်ဖြတ်နေကြ သော နွေဦးတော်လှန်ရေးအကြမ်းဖက်များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေး နေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်အနာဂတ်နှင့် လွှတ်တော်၏ မူဝါဒရေးရာအခန်းကဏ္ဍဆိုင်ရာဆွေးနွေးဟောပြောပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၇

လွှတ်တော် ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် အနာဂတ်နှင့် လွှတ်တော်၏ မူဝါဒရေးရာ အခန်းကဏ္ဍဆိုင်ရာဟောပြောဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC)ဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC)ဥက္ကဋ္ဌက ယနေ့ ဆွေးနွေးပွဲသည် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့(JCC)၏ ပထမဦးဆုံးစတင်သည့် ဆောင်ရွက်ချက်ဖြစ်ပါကြောင်း၊ JCC အဖွဲ့၏ရည်ရွယ်ချက်မှာ လွှတ်တော်သည် ဂုဏ်သိက္ခာရှိပြီး အဆင့်အတန်းမြင့်မားသည့် လွှတ်တော်ဖြစ်စေရေးနှင့် ဝမ်းစာရှိပြီးဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များကို ဝမ်းစာထပ်မံပြည့်ဝအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကမ္ဘာ့လက်ရှိအခြေအနေများကို လေ့လာသုံးသပ်ပြီး လွှတ်တော်၏ အခန်းကဏ္ဍအနေဖြင့် မည်သို့ပါဝင်လုပ်ဆောင်ရမည်ကို ဆွေးနွေးကြစေလိုကြောင်း၊ ဆွေးနွေးပွဲတွင် ပညာရှင်များနှင့် ကိုယ်စားလှယ်များ အပြန်အလှန် ဆွေးနွေးစေလိုကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် ယခုလို စွမ်းရည်မြှင့်တင်ရေး ဆွေးနွေးပွဲများမှ တစ်ဆင့် လွှတ်တော်၏အကျိုးနှင့် နိုင်ငံတော်၏အကျိုးကို ဖြစ်ထွန်းစေရန် ဝိုင်းဝန်းကြိုးပမ်း အားထုတ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က ပထဝီနိုင်ငံရေးအပြောင်းအလဲများနှင့် မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်ရပ်တည်မှုခေါင်းစဉ်ဖြင့် တွေးစရာ၊ မေးစရာများနှင့်အတူ လွှတ်တော်၏ အခန်းကဏ္ဍကိုလည်းကောင်း၊ ဒေါက်တာဇော်ဦးက ပထဝီစီးပွားရေးနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးအခွင့်အလမ်းခေါင်းစဉ်ဖြင့် မြန်မာ့ပထဝီ စီးပွားရေးနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကိုလည်းကောင်း၊ နိုင်ငံတကာအရေးရာများနှင့် ဆက်စပ်၍ ဆွေးနွေးဟောပြောရာ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)ဥက္ကဋ္ဌက ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)ဥက္ကဋ္ဌက ဆွေးနွေးဟောပြောပေးခဲ့သည့် ပညာရှင်များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ ၇၄ ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲကျင်းပ




ရန်ကုန် ဇူလိုင် ၇

အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ ၇၄ ကြိမ်မြောက်အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mrs. Aya Saad Mohamed Abdelkarim နှင့် တာဝန်ရှိသူများက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် ဧည့်ခံပွဲတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားကာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့က အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ ၇၄ ကြိမ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ဆက်လက်၍ သံအမတ်ကြီးက ဧည့်ခံပွဲတက်ရောက်လာကြသူများကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါဧည့်ခံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ

မန္တလေး ဇူလိုင် ၇

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပရေး၊ ဂေဟစနစ်ကောင်းမွန်မျှတစေရေး၊သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတု မျှတကောင်းမွန်စေရေးစသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ပြည်သူလူထု ပူးပေါင်းပါဝင်မှုနှင့် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးကာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းအနောက်ဘက်ခြမ်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အုပ်ချုပ်သူနည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက တက်ရောက်လာကြသူများနှင့်အတူ မည်စည်ပင်၊ ခရေပင်၊ ကျွန်းပင်၊ စိန်ပန်းပင်၊ ပိတောက်ပင်၊ တမာပင်၊ ရေတမာပင်၊ ရင်းမာပင် အမျိုးအစား ရှစ်မျိုး စုစုပေါင်း အပင် ၆၆၀ ကို စိုက်ပျိုးခဲ့ကြကြောင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်



# အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၇**

အရှေ့တောင်တိုင်း စစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ပြည့်ဇာနည်အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အသင်းများ၏ ပထမနေ့အဖွင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ရှစ်သင်း၊ အမျိုးသမီးအသင်း ရှစ်သင်းတို့ဖြင့် ဇူလိုင် ၁၃ ရက်ထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဖြဝ၁)

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၇**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အားကစားသမားများ၏ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေး ကြသည်။

အဆိုပါပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ရှစ်သင်းဖြင့် ဇူလိုင် ၁၄ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ (ဖြဝ၁)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## ၂၀၂၆ ခုနှစ် ဇူလိုင် ၇ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် စာသင်ကျောင်းများအတွင်း ယာယီစစ်စခန်းအဖြစ်အသုံးပြု၍ ဝင်ရောက်နေထိုင်မှု မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် စာသင်ကျောင်းများအတွင်း ယာယီစစ်စခန်းအဖြစ်အသုံးပြုကာ မိုင်းများထောင်ထားသည့် မှတ်တမ်းဓာတ်ပုံ။



ချောက်မြို့နယ်ပွင့်လင်းကျေးရွာအတွင်း PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရရှိမှု မှတ်တမ်းဓာတ်ပုံ။

**❖ ချောက်မြို့နယ်မှ**

မြို့နယ်၊ ကျေးရွာများမှ ဆရာ၊ ဆရာမများကို သစ္စာမဲ့ဝန်ထမ်း Disloyality Civil Servant(DCS)လုပ်ရန် လက်နက်အားကိုးဖြင့်အကျပ်ကိုင်ခြိမ်းခြောက်ခြင်း၊ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် စာသင်ကျောင်းများကို ပိတ်ထားရန်ခြိမ်းခြောက်ခြင်းနှင့် စာသင်ကျောင်းများကို ယာယီစစ်စခန်းအဖြစ်အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဆရာ၊ ဆရာမများကိုလည်း သစ္စာမဲ့ဝန်ထမ်း Disloyality Civil Servant(DCS) လုပ်ရန် လက်နက်အားကိုးဖြင့် အကျပ်ကိုင်ခြိမ်းခြောက်ခြင်း၊ စာသင်ကျောင်းများ၌ ယာယီစစ်စခန်းအဖြစ်အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်ခြင်းများကြောင့် ကျေးရွာအချို့မှ ကျောင်းများဆက်လက်ဖွင့်လှစ်နိုင်ခြင်းမရှိဘဲ စာသင်ကျောင်းများကို ယာယီပိတ်ထားခဲ့ရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး အဆိုပါအကြမ်းဖက်သောင်းကျန်းသူများကို အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter Terror- ism- Operation)များဖြင့် ဇွန် ၂၀ ရက်မှ စတင်၍ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားပြီး အကြမ်းဖက်သောင်းကျန်းသူများ ထံမှ ခဲယမ်းနှင့် အသုံးအဆောင်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။


PDFအမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် ချောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှပြည်သူလူထုနေအိမ်များနှင့် စာသင်ကျောင်းများ၌ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများတူး၍ ယာယီစစ်စခန်းအဖြစ် အသုံးပြု၍ အခြေချဝင်ရောက် နေထိုင်လျက်ရှိခြင်းများကြောင့် ကျောင်းနေအရွယ် ကလေးငယ်များ၏ ပညာသင်ယူခွင့်ကို ထိခိုက်နစ်နာစေရုံသာမက ဒေသဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုသည့် ပညာရည်မြင့်မားမှုကို ပိတ်ပင်ဖျက်ဆီးမှုများသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ခြင်းပင်ဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့်လည်း အဆိုပါလုပ်ရပ်များအပေါ် ရွံရှာစက်ဆုပ် မုန်းတီးလျက်ရှိကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက် သောင်းကျန်းသူများက ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် စာသင်ကျောင်းများ၌ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်များကို အမြန်ဆုံး ဖယ်ရှားရှင်းလင်း၍ စာသင်ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် ဖွင့်လှစ်နိုင်ခြင်း မရှိသေးသော စာသင်ကျောင်းများကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် အဆိုပါဒေသ၌ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဖြဝ၁)

☆ ကျောဖုံးမှအဆက်

ယာယီစိုးမိုးထားသော မြို့ရွာများ၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ၊ ဒေသတွင်းလမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ဒေသတွင်းနေထိုင်ကြသည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ လုံခြုံစိတ်ချစွာဖြင့် နေထိုင်လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို အင်တိုက်အားတိုက် အရှိန်အဟုန်ဖြင့် နေ့မအားညမအား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

## တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေးဝ-ယာကြီး-မုံရွာသို့ ဆက်သွယ်ထားသည့် လမ်းကြောင်းတစ်ခုလုံးအား အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့မှု




ထိုသို့ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုအတွက် အလွန်အရေးပါလှသည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း တစ်ခုဖြစ်သော တမူး-ကလေးလမ်းကြောင်းမှတစ်ဆင့် ကလေးဝ-မုံရွာသို့ဖြတ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့ထိ ကုန်သွယ်မှုပြုလုပ်နိုင်သည့် ကလေးဝ-ယာကြီး-မုံရွာလမ်းပိုင်းကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရန် တပ်မတော်နှင့် ပြည်သူလက်တွဲပြီး ဇွန် ၂ ရက်မှစ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အဆိုပါလမ်းပိုင်းကို အပြည့်အဝ ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းတစ်လျှောက်ကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ် ပေးနိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး စစ်ကြောင်းများခွဲပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဇွန် ၂ ရက်တွင် ရေလယ်ကျွန်းကျေးရွာကိုလည်းကောင်း၊ ဇွန် ၃ ရက်တွင် ကျောက်လုံးကြီးတဲစုကျေးရွာကိုလည်းကောင်း၊ ဇွန် ၆ ရက်တွင် ချောင်းမကျေးရွာနှင့် အောင်မင်္ဂလာကျေးရွာတို့ကိုလည်းကောင်း၊ ဇွန် ၇ ရက်တွင် သစ်ရာပင်လမ်းဆုံကိုလည်းကောင်း၊ ဇွန် ၈ ရက်တွင် သစ်ရာပင်ကျေးရွာကိုလည်းကောင်း၊ ဇွန် ၉ ရက်တွင် ဝင်းကုန်းကျေးရွာကိုလည်းကောင်း၊ ဇွန် ၁၁ ရက်တွင် ညောင်ပင်လယ်ကျေးရွာကိုလည်းကောင်း၊ ဇွန် ၁၃ ရက်တွင် ယာကြီးကျေးရွာကိုလည်းကောင်း၊ ဇွန် ၁၅ ရက်တွင် ကွမ်းပင်ရေနှင့် ဇွန် ၁၈ ရက်တွင် လာပို့ကျေးရွာကိုလည်းကောင်း၊ ဇွန် ၂၀ ရက်တွင် စစ်လင်းချောင်းကျေးရွာကိုလည်းကောင်း၊ ဇွန် ၂၂ ရက်တွင် ထုံးကြီးကျေးရွာကိုလည်းကောင်း အဆင့်ဆင့်ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဇွန် ၂၃ ရက်တွင် ကျော်ကျေးရွာသို့ရောက်ရှိကာ ဒေသခံလုံခြုံရေးတပ်ဖွဲ့များနှင့်ပူးပေါင်း၍ လာပို့ကျေးရွာနှင့် ကျော်ကျေးရွာကြားရှိ လမ်းကြောင်းတစ်လျှောက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရိုင်းစိုင်းစွာထောင်ထားသည့် မိုင်းများကို ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁ ရက်တွင် မြေနီကျေးရွာကိုလည်းကောင်း၊ ဇူလိုင် ၂ ရက်တွင် စည်ပင်သာကျေးရွာကိုလည်းကောင်း၊ ဇူလိုင် ၃ ရက်တွင် မိုင်တစ်ရာတဲစုကျေးရွာကိုလည်းကောင်း၊ ဇူလိုင် ၆ ရက်တွင် သဲကြမ်းတဲစုကျေးရွာကိုလည်းကောင်း အဆင့်ဆင့်ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ပြီး ဇူလိုင် ၇ ရက် ယနေ့ညနေပိုင်းတွင် ကလေးဝရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းနိုင်ခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေးဝ-ယာကြီး-မုံရွာ ဆက်သွယ်ရေးလမ်းကြောင်း တစ်ခုလုံးကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ကလေးဝ- ကလေး-ဖလမ်း- ဟားခါး- ထန်တလန်သို့လည်းကောင်း၊ ကလေးဝ-ကလေး- တီးတိန်- တွန်းဇံ- ကျီခါးသို့လည်းကောင်း၊ ကလေးဝ-မုံရွာ-မြင်းမူ-စစ်ကိုင်း-မန္တလေးသို့ လည်းကောင်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်ပြီး ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများအနေဖြင့် ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကာ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုနှင့်ဒေသတွင်းကုန်စည်ပို့ဆောင်မှုများတွင် အခက်အခဲမရှိပြန်လည်အသုံးပြု သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ကလေးဝမြို့သို့ ရောက်ရှိလာသည့် တပ်မတော်စစ်ကြောင်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက အောင်သပြေများ၊ ပန်းကုံးများဖြင့် ဝမ်းသာအားရ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

တပ်မတော် စစ်ကြောင်းများသည် အဆိုပါ လမ်းကြောင်းတစ်လျှောက်၌ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူ အလောင်းများ၊ လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများနှင့် စစ်စခန်းအဖြစ်အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်ခဲ့သည့် ကျေးရွာများကို သိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါ ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းသည် ၁၁၅ မိုင် ရှည်လျားပြီး နိုင်လွန်ကတ္တရာ အမျိုးအစားလမ်းဖြစ်ကာ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုအတွက် အလွန်အရေးပါလှသည့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတစ်ခုဖြစ်သော တမူး-ကလေး လမ်းကြောင်းမှတစ်ဆင့် မုံရွာ – မန္တလေးလမ်းကြောင်းသို့ တိုက်ရိုက်ချိတ်ဆက် ပေးသောကြောင့် ကုန်စည်စီးဆင်းရန် အချိန်ကုန်သက်သာ၍ မြန်ဆန်ချောမွေ့လှသည့် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုလည်းဖြစ်သည်။

အကြမ်းဖက် သောင်းကျန်းသူများသည် အဆိုပါဒေသရှိကျေးရွာများအတွင်း ဒေသခံပြည်သူများကို အတင်းအဓမ္မ ခြိမ်းခြောက်ကာ စခန်းချဝင်ရောက်နေထိုင်၍ အဖျက်အမှောင့်လုပ်ငန်းမျိုးစုံကို လုပ်ကိုင်ကာ ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်ပိတ်ဆို့ခဲ့သည့်အတွက် ကုန်စည်စီးဆင်းမှုမရှိတော့သောကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့် ဒေသထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချရန် အခက်အခဲများကို ရင်ဆိုင်နေရသည့်အပြင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် အချိန်တိုအတွင်း ကုန်စည်များ လွယ်ကူလျင်မြန်စွာ ရောက်ရှိနိုင်ခြင်းများ မရှိတော့သောကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ အဘက်ဘက်ကဆုံးရှုံးနစ်နာမှုများစွာ တွေ့ကြုံခဲ့ရသည်။

ထို့ပြင် အဆိုပါလမ်းကြောင်းတစ်လျှောက်သွားလာနေသော ကုန်တင်ကားများ၊ ခရီးသွားမော်တော်ယာဉ်များထံမှ ဆက်ကြေးကောက်ခံခြင်း၊ ပြန်ပေးဆွဲခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံတော်၏အဖိုးတန်မြေပေါ်မြေအောက် သယံဇာတများ၊ သစ်များကို တရားဥပဒေမဲ့ခိုးထုတ်ခြင်း၊ နိုင်ငံတော်က ကန့်သတ်ထားသည့် ကုန်စည်များကိုလည်း ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် တရားမဝင် သယ်ယူပို့ဆောင်ခြင်းများပြုလုပ်ကာ ယာယီထိန်းချုပ်ပိတ်ဆို့ထားသည့်အတွက် နိုင်ငံတော်၏ အခွန်ဘဏ္ဍာများ များစွာဆုံးရှုံးခဲ့ရပြီး ပြည်သူလူထုအနေဖြင့် လုံခြုံအေးချမ်းမှုမရှိဘဲ စိုးရိမ်ကြောက်လန့်မှုကြီးစွာဖြင့် နေထိုင်ခဲ့ကြရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ထိုကဲ့သို့ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုနှင့် ဒေသတွင်းကုန်စည်ပို့ဆောင်မှုများအတွက် အရေးပါလှသည့် ကလေးဝ-ယာကြီး- မုံရွာ လမ်းကြောင်းကို အလုံးစုံ အပြည့်အဝ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ဒေသတွင်းကုန်စည်စီးဆင်းမှုများ လျင်မြန်ချောမွေ့ကာ အဆိုပါလမ်းကြောင်းကို မှီခိုအားထားနေရသော နယ်မြေဒေသများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ကလေး-မုံရွာလမ်းခရီးကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် ဒေသခံပြည်သူများအနေဖြင့် လုံခြုံအေးချမ်းသည့်ဘဝများကို ပြန်လည်ပိုင်ဆိုင်နိုင်တော့မည်ဖြစ်သည့်အပြင် ၎င်းတို့၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နိုင်တော့မည်ဖြစ်ပြီး ကျောင်းနေအရွယ်ကလေးများ၏ ပညာရေးကဏ္ဍ၊ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို ပြန်လည်ဖော်ဆောင်နိုင်တော့မည်ဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ လမ်းကြောင်းတစ်လျှောက်နှင့် ကျေးရွာများတွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထောင်ထားသည့်မိုင်းများကို ဖယ်ရှားရှင်းလင်းခြင်း၊ လမ်းပိုင်းအတွင်း အကြမ်းဖက်များဖျက်ဆီးခဲ့သည့် လမ်း၊ တံတားနေရာများကိုလည်း ပုံမှန်အတိုင်းပြန်လည်အသုံးပြုသွားလာနိုင်ရေး လိုအပ်သည့်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက် ပေးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

■ ထပ်မံလွှဲပြောင်းပေးအပ်မှု

အီသီယိုးပီးယားနိုင်ငံသား သုံးဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ ယူဂန်ဒါနိုင်ငံသား တစ်ဦးနှင့် ရုရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ကိုးဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Second Secretary Mr.Nikita Belous နှင့် တာဝန်ရှိသူများ၊ ဖိလစ်ပိုင်နိုင်ငံ Office Of The Police Attache မှ Police Colonel Mr. Neftaly Adia Donato နှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ နီပေါနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၇ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၃၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၇၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၅၉ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၀၉ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ဦးရေ ၄၅၀ တို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# သိမှတ်ဖွယ်ရာ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေ

**စိန်လှိုင်ဗိုလ်**

မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေနှင့် စပ်လျဉ်း၍သိရှိနိုင်စေရန် ဆောင်းပါးများကို ရေးခဲ့ဖူးပြီးဖြစ်သည်။ စာဖတ်သူများအနေဖြင့် ခပ်စိမ်းစိမ်းဖြစ်သောအကြောင်းအရာမဟုတ်တော့ဟု ထင်မြင်ယူဆမိပါသည်။ သို့ရာတွင် အကြောင်းအရာတစ်ထပ်တည်းကျမနေဘဲ ကွဲပြားသောအခြေအနေရှိသည့် စိတ်ဝင်စားဖွယ်ရာအမှုတစ်ခုကို အကြောင်းပြု၍ ရေးသားတင်ပြပါဦးမည်။

ပြဿနာမှာ **"မိမိပိုင်ဥပစာကို ပြန်လည်လက်ရောက်ရလိုမှုစွဲဆိုရာ၌ တရားနိုင်ဖြစ်သည့် အိမ်ရှင်သည် "ဇာရီမှု"တွင် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၄(၁)(ဂ)အရ မိမိကိုယ်တိုင်နေထိုင်ရန်အတွက် အိမ်ကိုပြန်လည်ရလိုကြောင်း တောင်းဆိုခွင့်ရှိ၊ မရှိ"**ဟူသော ပြဿနာဖြစ်သည်။ နှစ်ကာလအားဖြင့် ကြာခဲ့ပါပြီ။

အမှုသည် ခပ်ရှုပ်ရှုပ်ပင်ဖြစ်သည်။ ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက် တောင်ငူလမ်းပေါ်ရှိ မြေနှင့်အိမ်ကို **မစ္စတာဒတ်**ဆိုသူက ပိုင်ဆိုင်ခဲ့သည်။ မစ္စတာဒတ် သေဆုံးသွားပြီးနောက် ၎င်းပစ္စည်းကို **ဇနီးဖြစ်သူ ဒေါ်သိန်းရင်**က အမွေဆက်ခံခဲ့သည်။ အမှုမှ အယူခံတရားလို ဒေါ်ပိုပါ(၃)ဦးတို့က အချင်းဖြစ်အိမ်အောက်ထပ်မှအခန်းများကို ဒေါ်သိန်းရင်ထံမှ ငှားရမ်းနေထိုင်လာသည်ဆိုသည်။ **ဒေါ်သိန်းရင်သေဆုံးသော**အခါ ဒေါ်သိန်းရင် အသက်ရှိစဉ်က အတူနေထိုင်ခဲ့ကြသော **မဟာဝါဘီနှင့် မကြည်**တို့က ဒေါ်သိန်းရင်တို့၏ အမွေဆက်ခံသူများအနေဖြင့် အိမ်လခများကို ကောက်ခံခဲ့သည်ဟုလည်းဆိုသည်။ (ဇာတ်လမ်းက ဤအထိ မရှုပ်သေးပါ)

**ကွယ်လွန်သူ ဒေါ်သိန်းရင်၏ တူတော်စပ်သည်ဆိုသော ဦးဘဦးက** မဟာဝါဘီနှင့် မကြည်တို့အပေါ် တရားပြိုင်ပြုလုပ်၍ ပဲခူးခရိုင်တရားရုံး တရားမကြီးမှုအမှတ်(၅/၅၂)ဖြင့် စွဲဆိုခဲ့သည်။ အမှုမှာ ဦးဘဦးက **အမွေထိန်းလက်မှတ်ရလိုကြောင်း** လျှောက်ထားခြင်းဖြစ်သည်။ ပဲခူးခရိုင်တရားမရုံးက ဦးဘဦးကို အမွေထိန်းလက်မှတ် ထုတ်ပေးခဲ့သည်။ ၁၉၅၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်ဖြစ်သည်။

အဆိုပါအမွေထိန်းလက်မှတ်အရ ဦးဘဦးက ပဲခူးမြို့ ရာဘက်ခရိုင်တရားမ တရားသူကြီးရုံး တရားမကြီးအမှုအမှတ်(၂/၅၉)တွင် ဤအမှုနှစ်ခုမှ အယူခံတရားလိုများဖြစ်ကြသည့် မောင်လှမြင့်နှင့် ဂျိုးကစ်ရှ်တို့အပြင် မဟာဝါဘီနှင့် မကြည်တို့ကိုပါ အိမ်နှင့်မြေလက်ရောက်ရလိုမှု တရားစွဲဆိုခဲ့ရာ ဦးဘဦးက အနိုင်ရရှိခဲ့သဖြင့် ၁၉၆၂ ခုနှစ် ဇွန် ၅ ရက် အနိုင်ဒီကရီအရ ဦးဘဦးက ဇာရီမှုဖွင့်ခဲ့သည်။

မောင်လှမြင့်နှင့် ဂျိုးကစ်ရှ်တို့က ပဲခူးမြို့ လက်ထောက်ငှားရမ်းခကြီးကြပ်ရေးဝန်ရုံးတွင် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ၁၃(၁) အရ အချင်းဖြစ်ဥပစာအောက်ထပ်အခန်းများ၏ အိမ်ငှားများဖြစ်ကြောင်းသတ်မှတ်ပြီး ဆက်လက်နေထိုင်ခွင့်ပြုရန်လျှောက်ထားခဲ့သည်။ ပဲခူးမြို့လက်ထောက်ငှားရမ်းခကြီးကြပ်ရေးဝန်က မောင်လှမြင့်နှင့် ဂျိုးကစ်ရှ်တို့၏ လျှောက်လွှာများကို ခွင့်ပြုလိုက်သည်။ (ဤနေရာတွင် အမှုက ရှုပ်ထွေးစပြုလာပါပြီ) ၎င်းအမိန့်ကိုမကျေနပ်၍ ဦးဘဦးက တရားရုံးချုပ်တွင် အမှုခေါ်စာချွန်တော်အမှုစွဲဆိုခဲ့ရာ တရားရုံးချုပ်က ဦးဘဦး၏လျှောက်လွှာကိုခွင့်ပြုပြီး လက်ထောက်ငှားရမ်းခကြီးကြပ်ရေးဝန်၏အမိန့်ကို ပယ်ဖျက်လိုက်သည်။

ဇာရီမှုကိုဆိုင်းငံ့ထားစဉ်အတွင်း တရားနိုင် ဦးဘဦးက အချင်းဖြစ်အိမ်နှင့်မြေကို အယူခံတရားပြိုင် ဒေါ်ပို၊ မနုနှင့် မောင်ခင်မောင်မြင့်တို့ကို ရောင်းချခဲ့သည်။ ထို့နောက် ဇာရီမှုကို ဆက်လက်ဆောင်ရွက်ခဲ့ရာ အယူခံတရားလိုများက ဇာရီမှုကို ဆိုင်းငံ့ထားရန် လျှောက်ထားခဲ့သည်။ ပဲခူးတိုင်းတရားရုံးက အယူခံတရားလိုတို့၏လျှောက်လွှာကို လက်မခံဘဲ ဇာရီလျှောက်လွှာကို ခွင့်ပြုလိုက်သည်။ ၎င်းအမိန့်ကို မကျေနပ်၍ အယူခံတရားလိုတို့က ဗဟိုတရားရုံး ၁၉၇၄ ခုနှစ် တရားမအထွေထွေလျှောက်လွှာ ၄၄ ကို တင်သွင်းခဲ့ကြသော်လည်း လျှောက်လွှာကို ဗဟိုတရားရုံးက ပလပ်လိုက်သည်။ တရားနိုင်က အချင်းဖြစ်ဥပစာကို မိမိတို့ကိုယ်တိုင်နေထိုင်ရန် လိုအပ်သည့်အတွက် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၄(၁)(ဂ)အရ လျှောက်လွှာတင်ပြီး အယူခံတရားလိုတို့ကို အချင်းဖြစ်ဥပစာမှဖယ်ရှားပေးရန် တောင်းဆိုခဲ့သည်။

မူလတိုင်းတရားရုံးက အယူခံတရားလိုတို့က မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၅ အရတင်သွင်းသည့်လျှောက်လွှာကို ပလပ်ပြီး ဇာရီမှုကို ဆက်လက်ဆောင်ရွက်ရန် အမိန့်ချမှတ်လိုက်သည်။ ၎င်းအမိန့်ကိုမကျေနပ်၍ဤအယူခံမှုတင်သွင်းဖြစ်သည်။ (တင်လိုသောအမှုကိစ္စ၏လိုရင်းကို ယခုမှ ရောက်ပါတော့သည်)



ဤအယူခံမှုတွင် အယူခံတရားလိုများက အဓိကအချက်အဖြစ်တင်ပြသည်မှာ မူလက တရားလိုဖြစ်ခဲ့သည့် **ဦးဘဦးရရှိခဲ့သည့်ဒီကရီမှာ ရိုးရိုးအိမ်နှင့် မြေကို လက်ရောက်ပေးအပ်စေ**ဟု ချမှတ်သည့် ဒီကရီဖြစ်သည်။ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၄(၁)(ဂ) အရ အိမ်ရှင်က ကိုယ်တိုင်ပြန်နေလိုသည့်အတွက် အိမ်မှဖယ်ရှားပေးရန်ဒီကရီမဟုတ်ပါ။ ထို့ကြောင့် အယူခံတရားပြိုင်များ တင်သွင်းလာသည်မှာ **ဇာရီလျှောက်လွှာတွင် ပုဒ်မ ၁၄(၁)(ဂ) အရ အယူခံလျှောက်လွှာကို ထည့်သွင်းမစဉ်းစားသင့်ပါကြောင်း** မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေ ပုဒ်မ **၁၄(၁)(ဂ) အရ တရားတစ်ထုံးသီးခြားစွဲဆိုသင့်သည်**ဟု တင်ပြလာပါသည်။

ဤအယူခံမှုတွင် ဆုံးဖြတ်ရန်ပြဿနာမှာ အိမ်ရှင်တစ်ဦးက မိမိပိုင်ဆိုင်သည့်ဥပစာတွင် နေထိုင်သည့်ကျူးကျော်သူတစ်ဦးထံမှ ၎င်းဥပစာကို ပြန်လည်လက်ရောက်ရလိုကြောင်း တရားစွဲ၍ ဒီကရီချပြီးသား ထိုကျူးကျော်သူက လက်ထောက်ငှားရမ်းခကြီးကြပ်ရေးဝန်ထံတွင် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၃(၁)အရ အိမ်ငှားအဖြစ်သတ်မှတ်ပေးရန် လျှောက်ထားခဲ့ပြီး လက်မှတ်ရရှိခဲ့သဖြင့် ၎င်းလက်မှတ်ဖြင့် ပုဒ်မ ၁၅ အရ ဒီကရီကိုပယ်ဖျက်ပေးပါဟု လျှောက်ထားလာသည့်အခါ တရားနိုင်ဖြစ်သည့် အိမ်ရှင်က တရားရှုံးအပေါ်ချထားသည့်ဒီကရီဖြင့်ဖွင့်ထားသည့် ဇာရီမှုတွင် ပုဒ်မ ၁၄(၁)(ဂ) အရ မိမိကိုယ်တိုင် နေထိုင်ရန်အတွက် အိမ်ကိုပြန်ရလိုကြောင်း တောင်းဆိုပိုင်ခွင့်ရှိ၊ မရှိကို အယူခံရုံးတော်က ဆက်လက်စိစစ်ခဲ့သည်။

လျှောက်ထားသူ တောင်းဆိုပိုင်ခွင့်ရှိသည့် တရားရုံးကလည်း ဇာရီမှုတွင်ပင် ဤအချက်ကို စဉ်းစားပြီး အဆုံးအဖြတ်ပေးပိုင်ခွင့်ရှိသည်ဟု ကျွန်ုပ်တို့ယူဆကြောင်း၊ အဘယ်ကြောင့်ဆိုသော် တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ အရ ဤကဲ့သို့ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း **တရားမကျင့်ထုံးဥပဒေ ၄၇ ပါ ပြဋ္ဌာန်းချက်များ၏ အခြေခံအကျဆုံးသောမူမှာ အမှုမပွားများစေလိုသောသဘောဖြစ်သည်။**

တရားနိုင်နှင့် တရားရှုံးတို့ကြားတွင် တရားမရုံး၏ ဆုံးဖြတ်ချက်အတိုင်း ဇာရီပြုလုပ်ရာ၌ တရားရှုံးက မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၃(၁)အရ ရရှိထားသည့် လက်မှတ်ကြောင့် ဒီကရီကို ပယ်ဖျက်ပေးရန် ပုဒ်မ ၁၅ အရ ပယ်ဖျက်သင့်၊ မသင့်ဟူသောပြဿနာနှင့် တရားနိုင်က ပုဒ်မ ၁၄(၁)(ဂ) အရ အိမ်လက်ရောက်ပြန်ရလိုကြောင်းတင်ပြချက်ကို ခွင့်ပြုသင့်၊ မသင့် ပြဿနာတို့မှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ အရ ဇာရီမှုတွင်ဆုံးဖြတ်ရန် ပြဿနာများဖြစ်သည်။ အကယ်၍ပုဒ်မ ၁၄(၁)(ဂ) အရ နှင်ထုတ်လိုလျှင် တရားနိုင်က နှင်ထုတ်လိုမှု တရားတစ်ထုံးစွဲဆိုရမည်ဟုညွှန်ကြားပါက **အမှုတစ်ခုတွင် အပြီးအပြတ်ဆုံးဖြတ်နိုင်သည်ကို အမှုပွားများအောင် ပြုလုပ်ရာရောက်ပေလိမ့်မည်။ အမှုမပွားများစေရန်အတွက် တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ က တရားအသစ်တစ်ထုံးမစွဲရဟု အတိအလင်းတားမြစ်ထားခြင်းဖြစ်သည်။**

အထက်ဖော်ပြပါအကြောင်းများကြောင့် အယူခံမှုကိုပလပ်လိုက်သည်။ ဤဆောင်းပါးတွင် အထက်ပါ ရေးသားဖော်ပြချက်များမှာ အမှုဖြစ်အကြောင်းအရာများဖြင့် ရေးသားဖော်ပြခဲ့ခြင်းကြောင့် စာဖတ်သူများအနေဖြင့် အတန်ငယ်ရှုပ်ထွေးကောင်း ရှုပ်ထွေးပါလိမ့်မည်။ ဆိုလိုရင်းမှာ ဇာရီမှုများတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ အရ အမှုမပွားများရန် ပြဋ္ဌာန်းထားသည်များကို သိရှိနိုင်ကြစေရန်ဖြစ်ကြောင်း **မောင်လှမြင့် နှင့် ဒေါ်ပိုပါ ၃ ဦး ၁၉၇၅ ခုနှစ် တရားမအထွေထွေအယူခံမှုအမှတ်(၂၀)**ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# စဉ့်ကိုင်မြို့နယ် ကင်းလပ်ကျေးရွာ၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်

**စဉ့်ကိုင် ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကင်းလပ်ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို ဇူလိုင် ၆ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်မင်းဦးက အမှာစကားပြောကြားပြီး စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာမများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းကို ကင်းလပ်ကျေးရွာမှ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာမများက တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို ဇူလိုင် ၆ ရက်မှ ၁၀ ရက်ထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးထံမှ သိရသည်။



**အောင်ရဲကျော်**




(၁)

"ကျော်လင်း... မနက်ဖြန် ငါ့မွေးနေ့ပွဲကို ဆက်ဆက်လာဖြစ်အောင်လာရမှာနော်၊ မွေးနေ့လက်ဆောင်တွေယူမလာနဲ့ လူရောက်လာဖို့က အဓိကပဲ"

သူငယ်ချင်းဖြစ်သူ ဝဏ္ဏက သူ့မွေးနေ့ပွဲသို့ ကျော်လင်းကို ဖိတ်ကြားနေခြင်းဖြစ်သည်။

ကျော်လင်းနှင့်ဝဏ္ဏတို့မှာ ကိုးတန်းကျောင်းသားများဖြစ်ကြသည်။ လေးတန်းကတည်းက ခင်မင်လာခဲ့ပြီး စိတ်သဘောထားတူညီကြသော သူငယ်ချင်းတွေမို့ ညီအစ်ကိုအရင်းပမာချစ်ခင်ကြသည်။ သူငယ်ချင်းနှစ်ယောက် စိတ်သဘောထားတွေတူညီကြသော်လည်း အဆင့်အတန်း၊ အခြေအနေချင်းကတော့ အတော်ပင် ကွာခြားလွန်းလှသည်။

ဝဏ္ဏ၏မိဘများက စိုက်ပျိုးရေးဆေးဝါးများ တင်သွင်းဖြန့်ချိနေသော ကုမ္ပဏီပိုင်ရှင်ကြီးများဖြစ်ကြသည်။ အလွန်ကြွယ်ဝချမ်းသာကြသည်။

ကျော်လင်းမိဘများကတော့ ရပ်ကွက်ဈေးလေးတစ်ခုတွင် ဟင်းသီးဟင်းရွက်များ ရောင်းချနေကြရသော သာမန်ဈေးသည်လေးများသာဖြစ်ကြ၍ စားဝတ်နေရေးအတွက် နိစ္စဓူဝရုန်းကန်ရှာဖွေနေကြရသူများဖြစ်သည်။

ထို့ကြောင့် ကျော်လင်းတို့၏စီးပွားရေးအခြေအနေကိုသိသော ဝဏ္ဏက မွေးနေ့လက်ဆောင်ယူမလာရန် ပြောဆိုနေခြင်းဖြစ်သည်။

"အေးပါ သူငယ်ချင်းရာ၊ ငါ လာခဲ့မှာပါ။ မင်းမွေးနေ့က မနက်ဖြန်ညနေ ခြောက်နာရီနော်"

"အေး ဟုတ်တယ်"

"ငါ လာခဲ့မယ်သူငယ်ချင်း... သွားပြီနော်"

ကျောင်းအနီးသို့ ဝဏ္ဏကို လာကြိုသောကားရောက်နေပြီမို့ ဝဏ္ဏကို နှုတ်ဆက်ပြီး ဆိတ်ငါးကောင်စက်ဘီးလေးကို နင်း၍ ကျော်လင်းအိမ်သို့ ပြန်လာခဲ့တော့သည်။

(၂)

ဝဏ္ဏအတွက် မွေးနေ့လက်ဆောင်အဖြစ် ဝယ်ယူလာသော ဆရာကြီးမြသန်းတင့် ဘာသာပြန်ရေးသားထားသည့်"လူလေးသို့ပေးစာများ"စာအုပ်ကို စက်ဘီးခြင်းလေးထဲသို့ထည့်၍ ဝဏ္ဏမွေးနေ့သို့ ကျော်လင်းထွက်လာခဲ့သည်။ ဝဏ္ဏက မွေးနေ့လက်ဆောင်မပေးရန် ပြောထားသော်လည်း အခင်မင်ဆုံးသူငယ်ချင်းတွေမို့ မျက်နှာပူလှသည်။ ထို့ကြောင့် သူ့လိုစာဖတ်ဝါသနာပါသော ဝဏ္ဏအတွက် သူဝယ်ယူထားသောစာအုပ်လေးကို မွေးနေ့လက်ဆောင်ပေးရန် ယူလာခဲ့ခြင်းဖြစ်သည်။

ဝဏ္ဏတို့ခြံရှေ့ရောက်တော့ ခြံဝင်းကျယ်ကြီးထဲတွင် အလှဆင်ထားသော ရောင်စုံလျှပ်စစ်မီးများကို မြင်တွေ့ရသည်။ ဝဏ္ဏသည် ခြံဝင်းရှေ့တွင် မွေးနေ့ပွဲသို့ ကြွလာကြသောဧည့်သည်များကို ထွက်၍ ကြိုဆိုနေသည်။ ဝဏ္ဏ၏အတန်းဖော်သူငယ်ချင်းများသာမက သူ့မိဘများ၏ မိတ်ဆွေများကိုပါ ဖိတ်ကြားထားသောကြောင့် မွေးနေ့ပွဲသည် စည်ကားခမ်းနားလှသည်။ ဝဏ္ဏသည်လည်း အနောက်တိုင်းဝတ်စုံဖြင့် ခန့်ညားချောမောနေ၏။

"လာ သူငယ်ချင်း၊ မင်းကို မျှော်နေတာ"

"မွေးနေ့လက်ဆောင်သူငယ်ချင်း"

"အို...စာအုပ်လေးပါလား၊ ဟာ...ဒါ ငါဖတ်ချင်နေတဲ့စာအုပ်လေးပဲသူငယ်ချင်း၊ ကျေးဇူးပါကွာ"

ဝဏ္ဏဖတ်ချင်နေသော စာအုပ်လေးဖြစ်၍ ကျော်လင်းစိတ်ထဲ ဝမ်းသာသွားမိသည်။

"မင်း ဖတ်ချင်နေတဲ့ စာအုပ်ဆိုတော့ ငါ မွေးနေ့လက်ဆောင်ပေးရကျိုးနပ်တာပေါ့ကွာ"

"လာ သူငယ်ချင်း၊ ဟိုဝိုင်းကို သွားရအောင်"

ဝဏ္ဏလက်ဆွဲခေါ်ရာ စားပွဲဝိုင်းဆီသို့ ကျော်လင်း လိုက်ပါသွားသည်။

"ထိုင်...သူငယ်ချင်း၊ စိတ်ကြိုက်သုံးဆောင်နော်၊ ငါ အခြားဧည့်သည်တွေ ဧည့်ခံလိုက်အုံးမယ်"

ကျော်လင်းခေါင်းညိတ်ရင်း အဆင်သင့်ချပေးထားသော ခေါက်ဆွဲကြော်ကို စားလိုက်၏။ အအီပြေသောက်သုံးရန် လိမ္မော်ရည်ပုလင်းများချထားသည်ကိုလည်းတွေ့ရသည်။ ဝဏ္ဏက ကျော်လင်းကို မွေးနေ့ကိတ်ခွဲပြီးမှ ပြန်ရမည်ဟူ၍ ပြောထားသည်မို့ စားသောက်ပြီးသော်လည်း ကျော်လင်း မပြန်ဖြစ်သေး။

စည်ကားခမ်းနားလှသော ဝဏ္ဏ၏မွေးနေ့ပွဲကို ကျော်လင်းအားကျမိသည်။ အဆင်သင့်ခွဲရန် ချထားသော မွေးနေ့ကိတ်ကြီးက ကြီးလည်းကြီး၊ လှလည်းလှသည်။ ဈေးအတော်ကြီးမည်ဟု ကျော်လင်းစိတ်ထဲ တွေးနေမိသည်။

"လာ သူငယ်ချင်း၊ မွေးနေ့ကိတ်ခွဲကြရအောင်" အတန်းဖော်သူငယ်ချင်းများစု၍ မွေးနေ့ကိတ်ခွဲကြသည်။ ဝဏ္ဏ၏မိဘများကလည်း သူတို့မိတ်ဆွေများနှင့် အရက်ဝိုင်းများ ကျင်းပနေကြသည်။ ညဆယ်နာရီလည်း ထိုးပြီမို့ ဝဏ္ဏကို နှုတ်ဆက်ကာ ကျော်လင်းစက်ဘီးနင်း၍ အိမ်ပြန်ခဲ့သည်။ နောက်လထဲတွင် သူ့မွေးနေ့ရှိသည်ကို ကျော်လင်း စက်ဘီးနင်းရင်း သတိရလိုက်မိသည်။ သူ့မွေးနေ့ကိုလည်း ဝဏ္ဏမွေးနေ့ကဲ့သို့ ကြီးကြီးကျယ်ကျယ်မဟုတ်တောင် အတန်းဖော်သူငယ်ချင်းများနှင့် မွေးနေ့ကိတ်လေးခွဲ၍ ကျင်းပချင်စိတ်ဖြစ်မိသည်။ မိဘများကို မွေးနေ့ပွဲလေးလုပ်ပေးရန်တောင်းဆိုဖို့ ဆုံးဖြတ်လိုက်သည်။

(၃)

"အဖေတို့ ဒီလထဲမှာ အကုန်ကျတွေများတယ်သား၊ သားမွေးနေ့ပွဲလုပ်ပေးဖို့ မဖြစ်နိုင်ဘူး"

အဖေ့ထံမှ ကြားလိုက်ရသော စကားကြောင့် ကျော်လင်းရင်ထဲ ဝမ်းနည်းသွားမိသည်။ သို့သော်လည်း အိမ်၏စီးပွားရေးအခြေအနေကို သိ၍ ကျော်လင်း မွေးနေ့ပွဲလုပ်ပေးရန် အဖေ့ကိုထပ်ပြီး မတောင်းဆိုတော့ပါ။

ရင်ထဲမှာတော့ ဖြစ်ချင်တာ မဖြစ်ရ၍ ကျော်လင်း မပျော်။ ထို့ကြောင့် စိတ်ပြေလက်ပျောက်ဖြစ်စေရန် ဦးကြီးတင်အောင်၏အိမ်သို့ ထွက်လာခဲ့သည်။

ယခင်ကလည်း ကျော်လင်းရင်ထဲ စိတ်ညစ်တာတွေ၊ စိတ်ရှုပ်တာတွေရှိတဲ့အခါ ဦးကြီးတင်အောင်အိမ်သို့ ကျော်လင်းသွားနေကြဖြစ်သည်။ ဦးကြီးတင်အောင်သည် ကျော်လင်းအဖေ၏ အစ်ကိုကြီးအရင်းဖြစ်သည်။

ဦးကြီးတင်အောင်သည် စာဖတ်ဝါသနာကြီးလှသည်။ အဖေနှင့်အမေ စာဖတ်ဝါသနာမပါသော်လည်း ကျော်လင်းတွင် စာဖတ်ဝါသနာပါလာခဲ့သည်။ ဤသည်ကား ဦးကြီးတင်အောင်အိမ်ရောက်သည့်အခါတိုင်း ဦးကြီးတင်အောင်၏ စာအုပ်စင်ကိုမွှေရင်း နှောက်ရင်းမှ တစ်အုပ်စနှစ်အုပ်စ ဖတ်ရာက စာဖတ်ဝါသနာကြီးလာခဲ့ခြင်းဖြစ်သည်။

ဦးကြီးတင်အောင်ထံရောက်လျှင် စိတ်ညစ်စရာများကို ရင်ဖွင့်ဖြစ်သည်။ ထိုအခါ ဦးကြီးတင်အောင်က ပြဿနာအရင်းအမြစ်ကို သေချာမေးမြန်း၍ စိတ်ညစ်စရာများ ပြေပျောက်သည်ထိ ဖြေရှင်းပေးနိုင်သည်။ နှစ်သိမ့်ပေးနိုင်သည်။ ထို့ကြောင့် ကျော်လင်းရင်ထဲ ညစ်နွမ်းစိတ်များ ပြေပျောက်သွားရသည်။

"ဟာ...တူတော်မောင်၊ မလာတာ အတော်ကြာပါပြီကော၊ မျက်နှာကလဲ မသာမယာနဲ့၊ ဘာလဲ စိတ်ညစ်စရာတွေ ရှိလာပြန်ပြီလား၊ ဟင်...ငါ့တူ"

ဦးကြီးတင်အောင်က ကျော်လင်းကို တွေ့တွေ့ချင်း နှုတ်ဆက်စကားဆိုသည်။

"ဟုတ်တယ် ဦးကြီးရာ"

ဗာဒံပင်အရိပ်အောက်ရှိ ဝါးကွပ်ပျစ်ပေါ်တွင် အေးအေးလူလူ စာထိုင်ဖတ်နေသော ဦးကြီးတင်အောင်အနီးတွင် ကျော်လင်းဝင်ထိုင်ရင်း ဖြေလိုက်သည်။

"ဆိုစမ်းပါအုံးကွ"

"ရှေ့လထဲမှာ ကျွန်တော့်မွေးနေ့ရှိတယ်ဦးကြီး"

"ဦးကြီးသိတယ်လေကွာ၊ မင်းအတွက်တောင် မွေးနေ့လက်ဆောင် စပို့ရှပ်အင်္ကျီတစ်ထည် ဦးကြီးဝယ်ထားတယ်လေ"

"ကျေးဇူးပါဦးကြီးရာ၊ ဒါပေမဲ့ ကျွန်တော့် မွေးနေ့က ဘာအဓိပ္ပာယ်မှ မရှိပါဘူးဗျာ"

"ဟေ...ဘာဖြစ်လို့တုံးကွ"

"ကျွန်တော်မွေးနေ့ပွဲ လုပ်ချင်တာကို မိဘတွေက လုပ်မပေးကြဘူးလေ၊ ပိုက်ဆံအကုန်အကျများနေလို့တဲ့၊ သိပ်စိတ်ပျက်ဖို့ကောင်းတယ်၊ ကျွန်တော့် သူငယ်ချင်း ဝဏ္ဏမွေးနေ့ပွဲဆိုရင် သိပ်ခမ်းနားစည်ကားပြီး၊ အရမ်းပျော်စရာကောင်းတာပဲ၊ မွေးနေ့ကိတ်တွေခွဲ၊ စားစရာတွေနဲ့ဧည့်ခံ၊ သူ့မိဘတွေကလဲ ဝဏ္ဏကို မုန့်ဖိုးဆိုပြီး ပိုက်ဆံတွေအများကြီးပေးတယ်၊ လက်စွပ်လဲ ဝယ်ပေးတယ်၊ ပျော်စရာကြီးဦးကြီးရာ၊ အဲဒီလိုမှပဲ မွေးနေ့ဆိုတာ အဓိပ္ပာယ်ရှိတော့မပေါ့၊ ကျွန်တော့် မွေးနေ့ကတော့ ဦးကြီးရာ..."

ဝမ်းနည်းသံစွက်သွား၍ ကျော်လင်း စကားမဆက်နိုင်ဘဲဖြစ်သွားသည်။ ဦးကြီးတင်အောင်ကလည်း ကျော်လင်းအခြေအနေကို ရိပ်မိ၍ လက်ခါပြလိုက်တော့သည်။

"ဒီမှာ... ငါ့တူ...မွေးနေ့ရဲ့အဓိပ္ပာယ်ကို တူတော်မောင် အဓိပ္ပာယ်ကောက်မှားနေပြီ။ မွေးနေ့ဆိုတာ အဝတ်ကောင်းတွေဝတ်ပြီး မိတ်ဆွေတွေနဲ့ စည်စည်ကားကား၊ ခမ်းခမ်းနားနားကျင်းပမှ၊ စားသောက်ပျော်ပါးမှ၊ လက်ဆောင်တွေရမှ အဓိပ္ပာယ်ရှိတာ မဟုတ်ဘူးကွ..."

"မွေးနေ့ဆိုတာ... ကိုယ့်ရဲ့ မိခင်ကကိုယ့်ကို လူ့လောကကြီးထဲရောက်အောင် အသက်စွန့်ပြီး မွေးဖွားပေးလိုက်တဲ့နေ့မို့ ငါ့တူအရင်ဆုံး သတိရရမှာက ကျေးဇူးရှင်မင်းရဲ့အမေပဲ။ နောက်တစ်ယောက်ကတော့ မင်းမွေးတဲ့နေ့ကစပြီး ဒီနေ့ဒီအချိန်ထိ စားဝတ်နေရေးအဆင်ပြေအောင် ရုန်းကန်လှုပ်ရှားနေရတဲ့ ကျေးဇူးရှင်မင်းအဖေပဲ ဒီတော့မွေးနေ့ကို ရောက်တိုင်း မိမိရဲ့နေ့ထူးနေ့မြတ်ကြီးဖြစ်တာကြောင့် မိဘနှစ်ပါးကို ပစ္စည်းဥစ္စာတွေနဲ့ မကန်တော့နိုင်သေးတောင် ထိခြင်းငါးပါးနဲ့ ရိုရိုသေသေရှိခိုးဦးချပြီးကန်တော့ပါ။ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတဲ့ကံသုံးပါးနဲ့ ပစ်မှားပြောဆိုထားမိတာရှိရင် ဝန်ချတောင်းပန်ပါ။ မိဘနှစ်ပါးအတွက် တတ်နိုင်တဲ့ ကောင်းမှုကုသိုလ်တွေပြုလုပ်ပေးပါ၊ ဒါဆိုရင် တူတော်မောင်ရဲ့မွေးနေ့ဟာ အဓိပ္ပာယ်ရှိပြီး ကုသိုလ်တရားတွေနဲ့ ပြည့်ဝနေတဲ့ မွေးနေ့ရက်မြတ်မင်္ဂလာဖြစ်ပြီပေါ့ကွယ်"

စာမျက်နှာ ၂၉ သို့ á

# မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



**မုံရွာ ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၈၀၄ ဧကနှင့်ဖူးစားပြောင်း ဧက ၂၅၀ စုစုပေါင်း ၂၀၅၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း စုစုပေါင်း ၂၀၅၄ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိမှာ ဧကအားလုံး စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေး ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ယခုနှစ် မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုးကြိုတင်ကာကွယ်ခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူအားကောင်းနေကြောင်း သိရသည်။

"ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ဘက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေက အဆက်မပြတ် တင်ပို့ရောင်းချ နေရပါတယ်။ အခုလို အခက်အခဲမရှိ အဆင်ပြေပြေ တင်ပို့ရောင်းချနေရလို့ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင်အဆင်ပြေနေပါတယ်။ ဆန်ကွဲအရည်အသွေးတွေကလဲ ကောင်းမွန်ပါတယ်" ဟု ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၅၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်ကွဲများ တင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

**á စာမျက်နှာ ၂၈ မှအဆက်**

ဦးကြီးတင်အောင်၏ မွေးနေ့နှင့်ပတ်သက်၍ ရှင်းပြပြောဆိုသည်များကို နားထောင်ပြီးချိန်တွင် ကျော်လင်းရင်ထဲဖြစ်ပေါ်နေသော အယူအဆအမှားများ၊ စိတ်ညစ်စရာများ၊ မြူတစ်မှုန်စာမျှ မကျန်တော့ဘဲ ကွယ်ပျောက်သွားရပါတော့သည်။

(၄)

ဒီနေ့ ကျော်လင်းမွေးနေ့။

ဘုရားစင်ရှေ့တွင်ထိုင်နေကြသော အဖေနှင့်အမေကို ကျော်လင်း တည်ခြင်းငါးပါးဖြင့် ရိုရိုသေသေကန်တော့လိုက်သည်။ အဖေနှင့်အမေတို့၏မျက်ဝန်းတွင် ကြည်နူးခြင်းမျက်ရည်များ စိုစွတ်နေသည်။

"မိဘအပေါ်မှာ သိတတ်လိမ္မာတဲ့သားလေး ဘုန်းကြီး၍သက်ရှည်ပါစေကွယ်" အမေက ဆုပေးစကားဆိုသည်။ "ကိုတင်ဆောင် သားကို ဆုပေးလိုက်အုံးလေ"

စကားနည်းသော အဖေ့ကို အမေက သတိပေးလိုက်သည်။

"စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၍ ပညာတတ်ကြီးဖြစ်ပါစေသားရေ၊ ရော့ ဒါက သားအတွက် မွေးနေ့လက်ဆောင်"

အို… ကျော်လင်းဝတ်ချင်နေသော နာရီလေးပါလား။ စိတ်ထဲ ဝမ်းသာသွားမိသည်။

"အမေက သားမွေးနေ့မှာ သားအရမ်းကြိုက်တဲ့ မုန့်ဟင်းခါး ချက်ထားတယ်"

အို…အမေရယ်။

မိဘနှစ်ပါး၏ သူ့အပေါ်ထားရှိသော ချစ်ခြင်းမေတ္တာများကို ခံစားမိ၍ ကျော်လင်း၏မျက်ဝန်းတို့တွင်လည်း ကြည်နူးမျက်ရည်များ ဝေ့သီသွားရတော့သည်။

ဦးကြီးတင်အောင်ပြောသလို ကျော်လင်း၏မွေးနေ့သည် ဝဏ္ဏမွေးနေ့ပွဲကဲ့သို့ မခမ်းနားသော်လည်း ဝဏ္ဏမွေးနေ့ထက် အဓိပ္ပာယ်ပြည့်ဝသော၊ တန်ဖိုးရှိသောမွေးနေ့မင်္ဂလာရက်မြတ်ဖြစ်ခဲ့ပြီ။ နတ်၊ လူ သာဓုခေါ်ဆိုမည်ကား မြေကြီးလက်ခတ်မလွဲတော့ ချေပါတကား။

## မေတ္တာနှင့်သာနေထိုင်ရာ

– လူ့ဝန်းကျင် အမုန်းစကား
မပြောကြား ရှောင်ကြဉ်ပါ၊
နွေးထွေးသော ဆက်ဆံရေး
ပေးစွမ်းမှသာ၊
တစ်ဦးတစ်ဦး ကူညီကာ
ရိုင်းပင်းစွာ နေထိုင်ခြင်း၊
ကောင်းဆိုးကို မျှဝေပြု
အန်တုဖြေရှင်း။

– လူသားတွေ အချင်းချင်း
ရန်စကင်း ချစ်ကြိုးသွယ်၊
အတ္တကို ဘောင်ခတ်လို့
သင့်မြတ်လှကွယ်၊
မေတ္တာတရား တည်သောနယ်
ရင်တွင်းဝယ် ငြိမ်းချမ်းလှ၊
ဖြဟ္မစိုရ် တရားများကို
ပွားကျင့်ဆောင်ကြ။

– ပွားကျင့်ပါ ကိုယ်စီကိုယ်င
အပြုံးစတို့ ထင်ဟပ်ပေ၊
မာနသည် သုတ်ခြေပြေးလို့
တစ်သက်အေးစေ၊
ထာဝရ လန်းဆန်းနေ
မတွေဝေ ဉာဏ်ရည်တိုး၊
မေတ္တာသည် ဘေးမသန်း
အေးချမ်းကောင်းကျိုး။ ။

**အလင်္ကာ(ပွင့်ဖြူ)**

# ငဖဲမြို့နယ် ငလှိုင်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ငဖဲ ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆင်ချည်တိုင် ကျေးရွာအုပ်စု ငလှိုင်တောကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို ဇူလိုင် ၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ငလှိုင်တောကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငလှိုင်တောကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၇ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၄ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကျပ် ၄၆၈ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေထံမှ သိရသည်။

**ဇင်မာ**

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဖောင်းပြင် ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၃၆ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၅၃၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၅၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥစတဲ့ သီးနှံတွေစိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်" ဟု ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းက ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက် တိုးချဲ့စိုက်ပျိုးလာရန် အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ငါန်းဇွန်မြို့ရှိ စာသင်ကျောင်းနှစ်ကျောင်း၌ ကျန်းမာရေးအသိပညာပေးဟောပြော

**ငါန်းဇွန် ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မြို့ပေါ်ရှိ အမှတ် (၁) နှင့်အမှတ် (၂) အခြေခံပညာ မူလတန်းကျောင်း၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၆ ရက်က ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဆရာမ ဒေါ်သိမ့်သိမ့်မြင့်အောင်က တစ်ကိုယ်ရေ ကျန်းမာရေးအတွက် သန့်ရှင်းစွာ နေထိုင်စားသောက်ကြရန်လိုကြောင်း၊ ခြေသည်း လက်သည်းများကို ပုံမှန်ညှပ်ကြရန်လိုကြောင်း၊ အစာမစားမီ လက်ကို ဆပ်ပြာနှင့်စင်ကြယ်စွာ ဆေးကြောရမည် ဖြစ်ကြောင်း၊ သွေးလွန်တုပ်ကွေး မဖြစ်စေရန် ခြင်များ မကိုက်အောင် နေထိုင်ကြရန်လိုကြောင်း၊ ပိုးလောက်လမ်းများ မပေါက်ဖွားအောင် ရေတွင်း၊ ရေကန်၊ ရေအိုးများကို အဘိတ်ဆေးခတ်၍ အဖုံးဖုံးထားရန်လိုကြောင်း စသည်ဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက် ကျန်းမာရေးဆရာမ ဒေါ်သိမ့်သိမ့်မြင့်အောင် ဦးဆောင်သော ကုသရေးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများကို တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် ခြေသည်း လက်သည်းများ စစ်ဆေးခြင်း၊ လည်ပင်းကြီးရောဂါ ရှိ၊ မရှိ၊ အရေပြားရောဂါ ရှိ၊ မရှိ စစ်ဆေးခြင်း၊ မျက်စိဝေဒနာ ရှိ၊ မရှိ စစ်ဆေးပေးခြင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ခဲ့သည်။

ဆက်လက်၍ သွားရောဂါဌာနမှ ဒေါက်တာဇင်မင်းထက် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက KG နှင့် Grade-1 မှ ကျောင်းသား၊ ကျောင်းသူများကို သွားကျန်းမာရေးနှင့်ပတ်သက်၍ နံနက်၊ ည တစ်နေ့နှစ်ကြိမ် သွားတိုက်ရန်လိုကြောင်း၊သွားမှအက်စစ်အရည်များကိုအစာစားပြီးတိုင်း ထုတ်လွှတ်နေသောကြောင့် သွားမတိုက်ပါက သွားမှကြွေများကို ၎င်းတို့ကစားသွားကြောင်း စသည်ဖြင့်အသိပညာပေးဟောပြောခဲ့သည်။

**ကိုကိုနိုင်**









## ဗုဒ္ဓဘာသာ၊ သာသနာရောင်ဝါ နေသို့လင်းပြီး အရှည်ခန့်၍ တည်တံ့ပါစေသော်



ကျိုးကြောင်းခေါ်ပြချက် – ကျေးရွာအချို့တွင် အကြောင်းအမျိုးမျိုးကြောင့် ခေတ္တပြောင်းရွှေ့ကြသူများသည် ယခုအခါ မိမိအရပ်ဒေသသို့ ပြန်လည်ရောက်ရှိနေထိုင်ကြပြီဖြစ်ပါသည်။ ကိုးကွယ်ရန် ဆင်းတုတော်များ လိုအပ်ကြောင်း ကျေးရွာရှိ ဆရာတော်များမှ အလှူခံလာပါသည်။

ဉာဏ်တော် – ၁' ခန့် (တစ်ပေ)ခန့် ဘုရားများ

အလှူငွေ – တစ်ဆူလျှင် ၂၀၀၀၀/- နှစ်သောင်းကျပ်(ရွှေချပြီး)

လိုသောအရေအတွက် – ၅၀၀ ခန့်

လှူရန်ဌာန – ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ(အဘိဓဇမဟာရဋ္ဌဂုရု) ဦးလှဝင်း(ဥက္ကဋ္ဌ)ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်၊ တောင်စလင်းတိုက်သစ်၊ ဘာဝနာဌာန၊ ၆၂ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ၀၉-၄၄၂၀၇၄၄၆၆၊ ၀၉-၆၆၀၈၅၀၃၉၉

### အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဆု-ကိုယ်ပိုင် အထက်တန်းကျောင်း(၃)၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးမြင့်ဦး၏သား မောင်စိုင်းကျော်ခမ်းလောင်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **မောင်စိုင်းကျော်ခမ်းလောဝ်** ဖြစ်ပါကြောင်း။**မောင်စိုင်းကျော်ခမ်းလောဝ်(၁/မဗန(နိုင်)၀၇၆၁၇၂)**

### အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဆု-ကိုယ်ပိုင် အထက်တန်းကျောင်း(၁)၊ Grade-10 တွင် ပညာသင်ကြားနေသော (ဘ) ဦးဇော်ဇော်ဝင်းမောင်၏သမီး မဝတ်မှုံချို အား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **မဝတ်မှုန်ချို** ဖြစ်ပါကြောင်း။

**မဝတ်မှုန်ချို(၉/ခအဇ(ပြု)၀၀၁၀၁၉)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ အထက(၁)၊ Grade-12 တွင် ပညာသင်ကြားနေသော မနန်းစုလှိုင်၏ဖခင်အမည်မှန်မှာ **ဦးဖိုးခိုင်နှင့် ဦးတင်ခိုင်** မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖိုးခိုင်နှင့် ဦးတင်ခိုင်(၅/ကသန(နိုင်)၀၆၄၃၁၆)**

### ဖခင်အမည်မှန်

မြစ်သားမြို့နယ်၊ အလက (ကျီတိုင်)ကျောင်း Grade-2 တွင် ပညာသင်ကြားနေသော မောင်အောင်ခန့်နိုင်၏ ဖခင်အမည်မှန်မှာ **ဦးရဲမင်းနိုင်** ဖြစ်ပါကြောင်း။

**ဦးရဲမင်းနိုင် (၉/မသန(နိုင်)၂၃၉၈၈၅)**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ အထက (ခွဲ)ညောင်ကုန်း၊ Grade-7 တွင် ပညာသင်ကြားနေသော မောင်ဝေယံကိုကို၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးနေလှိုင်လင်း** ဖြစ်ပါကြောင်း။ **ဦးနေလှိုင်လင်း(၅/စကန(နိုင်)၂၄၁၉၈၅)**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-မြို့မကျောင်း၊ Grade-9 တန်းမှ မပြည့်ဖူးသွယ်နှင့် Grade-5 တန်းမှ မောင်ဉာဏ်သုတလင်းတို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမိုးသူကျော်** ဖြစ်ပါကြောင်း။ **ဦးမိုးသူကျော်(၉/သပက(နိုင်)၀၄၃၀၈၇)**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မြတ်စေတနာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မအိကိုကိုပိုင်၏ ဖခင်အမည်မှန်မှာ **ဦးနိုင်လင်း** ဖြစ်ပါကြောင်း။

**ဦးနိုင်လင်း(၉/ကဆန(နိုင်)၁၁၀၀၅၄)**

### ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကုန်ကြမ်းမြို့နယ်၊ ရှန်းမန်လာရွာနေ မောင်ကျန်းကော်ချန်း (ဘ) ဦးကျန်းလောက်ဖာ(၁၃/ကကန(နိုင်)၀၀၁၉၇၉)၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-986702838**

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်နေ မမြင့်မြင့်အေး (ဘ) ဦးကျော်(၁၃/လရန(နိုင်)၀၀၀၃၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-441016130**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၂၆ခုနှစ်) စာမျက်နှာ - ၂၃

၁၆ ကြိမ်မြောက် သက်ကြီးဟာသပညာရှင်များ ကန်တော့ပွဲနှင့် ထူးချွန်ဆုပေးအပ်ချီးမြှင့် စာမျက်နှာ - ၂၃

ကြိုတင်ပြင်ဆင်ကာကွယ် ရေကြီးရေလျှံမှုအန္တရာယ် ဆောင်းပါး စာမျက်နှာ - ၁၀

## တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေးဝ-ယာကြီး-မုံရွာသို့ ဆက်သွယ်ထားသည့်လမ်းကြောင်းကို ပြန်လည်ထိန်းချုပ်၊ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုနှင့် ဒေသတွင်းကုန်စည်ပို့ဆောင်မှုများတွင် အခက်အခဲမရှိ ပြန်လည်အသုံးပြုသွားလာနိုင်တော့မည်ဖြစ်

နေပြည်တော် ဇူလိုင် ၇

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးပြီး အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ဒေသများတွင် ဒေသတွင်းကုန်စည်စီးဆင်းမှုများ ပြန်လည်ချောမွေ့လာစေရန်နှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် အကြမ်းဖက်သောင်းကျန်းသူများ စာမျက်နှာ ၂၆ ကော်လံ ၁ ☆



ကလေးဝမြို့သို့ ရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုစဉ်။



ပြည်ပနိုင်ငံသား ကိုးဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

## အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ကိုးဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦး၊ စာမျက်နှာ ၂၆ ကော်လံ ၁ ■

## တပ်မတော်စစ်ကြောင်းများက မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ စာသင်ကျောင်းများကို စစ်စခန်းအဖြစ် အသုံးပြုနေထိုင်လျက်ရှိသော PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်း

နေပြည်တော် ဇူလိုင် ၇

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရည်မြင့်မားလာမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးများ ပိုမိုလျင်မြန် မြန်ဆန်စွာလုပ်ဆောင်နိုင်မည်ဖြစ်သဖြင့် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေးနှင့်ပတ်သက်၍ အလေးထားအားပေး ဆောင်ရွက်လျက်ရှိသော်လည်း PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့၏ကိုယ်ကျိုးအတွက်သာ ရှေးရှု၍ ကလေးငယ်များကို အမှား၊ အမှန်၊ အကောင်း၊ အဆိုးများ ဝေဖန်ပိုင်းခြားတတ်ရန်အတွက် အသိပညာ၊ အတတ်ပညာများကို သင်ကြားပြသပေးလျက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ စာမျက်နှာ ၂၅ ကော်လံ ၁ ❖



PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ် ဝက်ပါကျေးရွာရှိ စာသင်ကျောင်းအတွင်း ယာယီစစ်စခန်းပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။



## အီဂျစ်အသင်းကို အနိုင်ရရှိပြီး အာဂျင်တီးနားအသင်း ကွာတားဖိုင်နယ်အဆင့် တက်ရောက်

ဝါရှင်တန် ဇူလိုင် ၇

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့ညပိုင်းက အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်ရှိ အက်တလန်တာ အားကစားကွင်းတွင် အာဂျင်တီးနားအသင်းနှင့် အီဂျစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အာဂျင်တီးနားအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံးအဓိကကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲစကတည်းက အာဂျင်တီးနားအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း စာမျက်နှာ ၂၂ ကော်လံ ၄ ●

မြန်မာ ယူ-၂၀ အသင်းက ဟောင်ကောင် ယူ-၂၀ အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ဒုတိယမြောက် ခြေစမ်းပွဲစဉ်တွင် ထပ်မံအနိုင်ရရှိ စာမျက်နှာ - ၈